


တာတေ
စီစဉ်သည်
ပျော်ပွဲဝင်ကြီးမှ
တာတေ
မင်းဘုန်းသိခ်သူ ရွှေဘုန်းကံ ဘိုးသာဒင်
2019.GRAPHIC DESIGN : KYAW MINN MOUNG




## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်[illegible]

ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်[illegible]

မျက်နှာဖုံး- kyaw Minn Maung

ကွန်ပျူတာ-ဇာနည်မော်

စာအုပ်ချုပ်- ဇာနည်

အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၉၊ ဩဂုတ်လ

တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မွန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်

ဖုန်း၊ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၁၃၇၉၇၀၄၈




## မာတိကာ

| | |
|---|---|
| တာတေ | မှော်ဝင်ကြေးမုံ |
| ရွှေတုန်းကဲ | ကျော်ကြားသိုးတောင်မှ<br>စုန်းကဝေများ |
| မင်းသတုန်းသိမ်သူ | ဂစ်တာတီးတဲ့ကောင်လေး |
| ထိုးသာဒင် | စေသစ်စေးထိုးတော်ပန် |



# မှော်ဝင်ကြေးမုံ

## တာတေ

ကျွန်တို့ရွာမှာ ပန်းပဲဖိုတစ်ဖို ရှိခဲ့ဖူးတယ်ဗျ။ ဒါပေမဲ့ ပန်းပဲဆရာကြီး ဦးဖိုးဝ ဆုံးသွားတော့ သူ့ပညာကို အမွေခံမယ့်သူ တစ်ယောက်မှ မရှိဘူး။ အဲဒီကတည်းကစပြီး ထနောင်းကုန်းသားတွေလည်း

အရှေ့ဘက်ကောင်းကင်

မီးလောင်ကုန်းပန်းပဲဖိုပဲ အပ်ကြရတော့တာဗျ။

ကျုပ်တို့ တောင်သူတွေဆိုတာက ဓား 'သ'ရ၊ ပုဆိန် 'သ'ရနဲ့ ပန်းပဲနဲ့ ကျုပ်တို့နဲ့က သိပ်ကင်းကြတာ မဟုတ်ဘူးလေဗျာ။ ဓား'သ'တယ်ဆိုတာ ခင်ဗျားက သိချင်မှသိမှာ။ ဒီလိုဗျ၊ ကျုပ်တို့သုံးတဲ့ ဓားတွေက ကြာလာရင် တုံးသွားကြတယ်လေဗျာ။ ဓားသွေးကျောက်နဲ့ သွေးလို့မရအောင် ဓားသွားတွေ ပျောက်ကုန်တာဗျ။ အဲဒီအခါကျရင် ပန်းပဲမှာ မီးဖုတ်ပြီး ဓားသွားတွေ ပြန်ဖော်ကြရတာ။ ဒီတော့မှ ဓားသွေးကျောက်နဲ့ပြန်သွေးလို့ ရတာပေါ့ဗျာ။ ရဲခင်းတို့၊ ပုဆိန်တို့၊ သံစို့တို့ကိုလည်း ပန်းပဲမှာ ပြန်ပြန်ပြီး အသွားဖော်ရတယ်ဗျ။ အဲဒါကို 'သ'တယ်လို့ ခေါ်တာ။ ကျုပ်တို့တောင်သူသုံးတဲ့ ကိရိယာတွေဆိုတာ ဒီလိုပဲ ပြန်ပြန် 'သ' ကြရတာလေဗျာ။

အခုလည်း မီးလောင်ကုန်းပန်းပဲမှာ ကျုပ်ရောက်နေတာဗျ။ အဘက အိမ်ကဓားတွေတုံးကုန်လို့ ပြန်'သ'ခိုင်းလို့ ကျုပ်လာလုပ်နေရတာလေဗျာ။

မီးလောင်ကုန်းရွာဆိုတာ ခင်ဗျားသိနေပြီမို့လား။ ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းကိုပတ်ပြီး သွားလိုက်ရင် နာရီဝက်လောက်ပဲ လျှောက်ရတာလေဗျာ။ မီးလောင်ကုန်း ပန်းပဲဆရာကြီးက ဦးလှတဲ့ဗျ။ ဦးလှက မီးလောင်ကုန်းသား မဟုတ်ဘူး၊ တခြားကလာတာဗျ။ သူ့ပညာနဲ့ မီးလောင်ကုန်းမှာ လာပြီးအခြေချ လုပ်ကိုင်စားတာပေါ့ဗျာ။ လက်ရာလည်း တော်တော်ကောင်းပါတယ်။ အသက်က ခြောက်ဆယ်လောက်





ရှိပြီဗျ။ လူက ဂင်တိုတို၊ ဗလကောင်းကောင်း။ အခုထိ ဦးလှရဲ့ လက်မောင်းနဲ့ ရင်အုပ်က ကြွက်သားကြီးတွေက သန်မာနေတုန်းဗျ။ ဦးလှရဲ့ ပန်းပဲဖိုက ပန်းပဲသမားနှစ်ယောက်က သူတို့ဇာတိရွာက ခေါ်လာတဲ့ လူတွေဗျ။ ဦးလှနဲ့လည်း ဆွေမျိုးတော်ပုံရတယ်။

သူတို့ရွာကလည်း အဆန်းဗျ။ အသက်အရွယ် ရလာတဲ့ ယောက်ျားတစ်ယောက်ကို အရီးလို့ ခေါ်ကြတာဗျ။ ကျုပ်တို့ရွာ မှာက မိန်းမတွေကိုမှ အရီးတို့ အရီးလေးတို့ ခေါ်တာလေဗျာ။ သူ့တပည့်တွေက ဦးလှကို အရီးလှလို့ခေါ်တော့ မီးလောင်ကုန်းသားတွေကလည်း အရီးလှလို့ လိုက်ခေါ်ကြတာပေါ့ဗျာ။ ကျုပ်တို့ ထနောင်းကုန်းသားတွေကလည်း အရီးလှလို့ပဲ ခေါ်ကြသဗျ။

အရီးလှကလည်း သဘောတော်တော်ကောင်းတာဗျို့။ အလုပ်ပေါ်မှာလည်း စေတနာထည့်ပြီး လုပ်တာဗျ။ လူချစ်လူခင် တော်တော်များတဲ့ ပန်းပဲဆရာကြီးပါဗျာ၊ ကျုပ်ကိုလည်း အရီးလှက လွှတ်ခင်တာဗျ။

"ဟာ...တာတေပါလား၊ လာကွ၊ မင်းအဘက ဓားတွေ 'သ'ခိုင်းလိုက်တယ်ထင်တယ်"

"ဟုတ်ပါ့ အရီးလှရယ်"

လို့ ပြောပြီး ကျုပ်က ကုက္ကိုတုံး သဘာဝထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်ဗျ။ အရီးလှရဲ့ ပန်းပဲဖိုထဲမှာက ခွေးခြေခုံတို့၊ ကုလားထိုင်တို့၊ ခုံတန်းလျားတို့ မရှိဘူးဗျို့။ ကုက္ကိုပင်ရဲ့ ပင်စည်ကို ဖြတ်ထားတဲ့

ဗုံတိုတုံးတွေပဲ ချထားတာ။ အဲဒါထိုင်ခုံတွေပဲဗျ။ စားပွဲလည်းဒါပဲ၊ ကုလားထိုင်လည်းဒါပဲ။ ထိုင်ပါများတော့လည်း ကုက္ကိုတုံးတွေက ပြောင်လက်နေတော့တာဗျို့။ ကျုပ် အရင်ရောက်နေတာက ဘန့်ဘွေးကုန်းက ကပ္ပိယ ဦးဖိုးအေးဗျ။ ဦးဖိုးအေးက ခြေထောက်တစ်ဖက် မသန်ရှာဘူး။ ဘန့်ဘွေးကုန်း အနောက်ကျောင်းက ဆရာတော်ရဲ့ ကပ္ပိယဗျ။ ကျုပ်ကိုလည်း သိပါတယ်။ သူ ဘာလာလုပ်တယ်ဆိုတာ ကျုပ်, သိပြီးသားပါဗျာ။

အနောက်ကျောင်းဆရာတော်က အင်္ဂရတ်ပညာတတ် တယ်ဗျ။ ဒါပေမဲ့ ဆရာတော်က အဆန်းသားဗျို့။ သူ့ကျောင်းမှာ ဖားဖိုဆင်မထားဘူး။ မီးပဲဖုတ်တာ။ မြေကျင်းလေးတူးပြီး မီးဖုတ်တာဗျ။ ရက်စေ့သွားရင် သူဖုတ်တဲ့ ဓာတ်တွေက ပြာကျသွားရောဗျို့။ အဲဒီပြာဖြစ်သွားတဲ့ ဓာတ်တွေကို လုံတစ်လုံးနဲ့ ထည့်ယူလာပြီး အရိုးလှရဲ့ ပန်းပဲဖိုမှာ လာထည့်ထားတာဗျ။ နှစ်နာရီလောက် ထည့်ပြီးသွားရင် လုံကလေးကို ပြန်ထုတ် အအေးခံပြီး ကပ္ပိယ ဦးဖိုးအေးကြီးက ဆရာတော်ဆီကို ယူသွားရတာ။ ဆရာတော်က သူတစ်ပါးတည်းရှိတော့မှ လုံကိုခွဲတာဗျ။ ဘာဖြစ်သွားတုံးဆိုတာတော့ ဘယ်သူမှ မသိဘူး။ ဦးဖိုးအေးလည်း မသိရဘူးဗျ။

ထနောင်းကုန်းက ကျုပ်ဆရာတော်ဦးဂုဏ ပြောတာတော့…

"အနောက်ကျောင်းဆရာတော်က သွပ်လမ်းပဲကွ တာတေရ၊ သွပ်ကို ပြာဖုတ်တာကွ၊ ဘာတွေပါတယ်ဆိုတာတော့ မသိဘူး၊ ဒါပေမဲ့





ရွှေဖြစ်တာတော့ သေချာတယ်ကွ"

ကျုပ်ဆရာတော် ကျုပ်ကို ပြောတာဗျ။ အခုလည်း အရိုးလှက ကျုပ်တားတွေကို မီးဖုတ်ပြီး 'သ'ပေးရင်းနဲ့ ဦးဖိုးအေးရဲ့ လုံကို မီးဖိုထဲမှာ ထည့်ပြီးထိုးပေးနေတာဗျ။ ကျုပ်တားတွေ 'သ'လို့ ပြီးတာနဲ့ ဦးဖိုးအေးကလည်း သူ့လုံကို ထုတ်ပြီး အအေးခံတယ်။ လုံအေးတော့ သူပါလာတဲ့ ဝါးဆစ်ဘူးထဲကိုလုံထည့်ပြီး ပြန်သွားတယ်ဗျ။

ကျုပ် ထနောင်းကုန်းကို ပြန်ရောက်တော့ ဆရာတော့် ကျောင်းက ဆွမ်းစားသံချောင်းခေါက်ပြီဗျ။

"နင်ပြန်လာတာ အတော်ပဲ တာတေရေ၊ ဒီမှာ နင့်အတွက် ထမင်းဆာနေပြီတဲ့ဟေ့"

အမေက ကျုပ်ကို ဆီးပြောတာဗျို့။

"အမေ ဘာဟင်းကောင်းချက်တုံး"

ကျုပ်က အမေ့ကို မေးလိုက်တာဗျ။

"ကပ္ပလီစုက မြေနှံ့ လာလို့ အမဲသား ဝယ်ထားလိုက်တယ်၊ အမဲသားကို ငရုတ်သီးစပ်စပ်ကလေးချက်ပြီး ဆီးသီးပုံး ကျိုထားတယ်ဟဲ့"

"ကောင်းချက်ဗျာ"

ပြောရဦးမယ်ဗျို့။ ဆီးပုံးဆိုတာ ဆီးသီးကို ခရမ်းသီးနဲ့ ချဉ်ရေချက်တာဗျ။ စိမ်းစားငါးပိလေးခပ်ပြီး အရည်သောက်ချက်တာပေါ့ဗျာ။ နံနံပင်လေး အုပ်လိုက်လို့ကတော့ လွှတ်သောက်လို့ ကောင်းတာ

ဗျ။ အဲဒါကို ဆီးပုံးကျိုတယ်လို့ ကျုပ်တို့အညာမှာ ခေါ်တာပေါ့ဗျာ။ အမဲသားနဲ့ဖြစ်ဖြစ် ကြက်သားဟင်းစပ်စပ်ကလေးနဲ့ဖြစ်ဖြစ် လွှတ်လိုက်တာဗျ။

တာတေဆိုတဲ့ ကျုပ်ကလည်း ဒီလိုဟင်းကောင်းမျိုးနဲ့ ထမင်းစားရလို့ကတော့ သုံးပန်းကန်လောက်များ အသာလေးဗျာ။ အဘနဲ့ အမေကတော့ သူတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကျုပ်က ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန် ထည့်တာကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ သဘောကျနေကြတာဗျ။

ကျုပ်က ထမင်းဝိုင်းမှာ အမေ တို့စရာထည့်ထားတဲ့ ကြွေလင်ဗန်းကို သေသေချာချာ ကိုင်ကြည့်လိုက်တော့ အမေက-

"ဟဲ့…တာတေ၊ နင် ဒီလင်ဗန်းကို မမြင်ဖူးဘူးထင်တယ်"

"ဟုတ်တယ် အမေရ၊ အမေ တစ်ခါမှ ဒီကြွေလင်ဗန်းကိုသုံးတာ ကျုပ်မတွေ့ဖူးပါဘူး"

"အေး ဟုတ်တယ်၊ ဒီလင်ဗန်းကို ပန်းကန်သေတ္တာထဲမှာ အမြဲထည့်သိမ်းထားတာဟဲ့၊ ငါ့အမေ ငါ့ကို ပေးထားတာ၊ ဒါ ရှေးဟောင်းပစ္စည်းတဲ့ လူကလေးရဲ့၊ အမေတို့အဘိုးက မင်းတုန်းမင်းတရားကြီးရဲ့ လက်ထက်တော်ကြီးမှာ ဝန်စာရေးတဲ့ဟဲ့၊ အဲဒါ သူ့ဝန်မင်းက ဆုချတဲ့ ကြွေလင်ဗန်းလေးလို့ ပြောတယ်၊ ဒါကို အမြတ်တနိုးနဲ့ လက်ဆင့်ကမ်းပြီး အမွေပေးလာကြတာလေ၊ ဟိုနေ့က ပန်းကန်သေတ္တာ ဖွင့်တော့မှတွေ့တာနဲ့ ထုတ်ထားတာ"





"ဒါရှေးဟောင်းပစ္စည်း အစစ်ပဲပေါ့ အမေရ၊ ဒါကြောင့် ကြွေလင်ဗန်းမှာ ပန်းတွေကနုတ်တွေရော၊ မင်းခမ်းမင်းနားတွေ ရော ပုံဖော်ထားတာကိုး၊ လက်ရာလည်း တော်တော်မြောက်သားဗျ"

ကျုပ်က တို့စရာတွေဖယ်ပြီး ကြွေလင်ဗန်းလေးကို သေသေချာချာ ကြည့်နေမိတာဗျ။ ရှေးဟောင်းပစ္စည်းနားလည်တဲ့ လူဆိုရင်တော့ ဒီကြွေလင်ဗန်းကို တော်တော်တန်ဖိုးထားမှာလို့ ကျုပ်တွေးမိလိုက်တယ်။

ထမင်းစားပြီးတော့ ဗိုက်က တော်တော်တင်းနေတာဗျို့။ ကျုပ်က ဆေးလိပ်ခွက်ကလေးရယ်၊ နဂါးဆေးပေါ့လိပ်ကလေး သုံးလိပ်ရယ်၊ ပုဆိုးဟောင်းလေးတစ်ထည်ရယ် ယူပြီးတော့ မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်ကို လာခဲ့တယ်ဗျ။ ဝါးဖျာကြမ်းလေးခင်းထားတဲ့ ကွပ်ပျစ်ပေါ်မှာ ဝါးဘိုးခြမ်း ခေါင်းအုံးလေးကလည်း အဆင်သင့်လေဗျာ။ ကျုပ်က ဝါးဘိုးခေါင်းအုံးပေါ်မှာ ပုဆိုးဟောင်းလေးခေါက်ပြီး ခင်းလိုက်တယ်။

နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး လေးငါးဖွာ ဖွာရုံ ရှိသေးတယ်၊ မျက်စိက စင်းကျလာတော့တာဗျို့။ ကျုပ်လည်း ဆေးလိပ်ခွက်ကလေးထဲကို ဆေးလိပ်ထည့်ထားလိုက်ပြီး တုံးလုံး လှဲလိုက်တယ်ဗျို့။ ဗိုက်လေးလေးနဲ့ ကျုပ် ဘယ်လောက်အိပ်သွား တယ်မသိဘူးဗျ။ ကျုပ်နားထဲမှာ အသံသေးသေးလေး တစ်သံကို ခပ်ဝေးဝေးက ကြားသလို ကြားနေရတယ်။ အသံက တဖြည်းဖြည်း ကျယ်လာရောဗျို့။

ကျုပ်နာမည်ကို ခေါ်နေတာဗျ။

“တာတေ၊ တာတေ၊ တာတေ”

“ဗျာ”

ကျုပ်က အော်ထူးလိုက်ပြီး အိပ်မှုန်စုံမွှားနဲ့ ထထိုင်လိုက်တယ်။ ဘယ်သူ ခေါ်နေတာတုံးဆိုပြီး ဝိုင်းထဲကို လှမ်းကြည့်လိုက်တော့ ဝိုင်းတံခါးဝမှာ ရပ်နေတဲ့ လူတစ်ယောက်ဗျ။ ဘယ်သူ မှန်း မသဲကွဲဘူး။ ကျုပ်က မျက်လုံးပေါ်မှာ လက်ကာပြီး ကြည့်လိုက်တယ်။

နေ့ဦးပေါက်ဆိုပေမယ့် နေ့လယ်ဆို နေက တော်တော်လေး ပူနေပြီဗျ။ မျက်စိတော်တော်စူးတာ။

“ဟာ…ကိုချစ်အေးပါလား၊ ကိုကြီးချစ်အေး လာလေ၊ ဝိုင်းဝမှာရပ်လို့၊ လာဗျ”

ကျုပ်ခေါ်လိုက်တော့မှ ကိုချစ်အေးက ဝင်လာတာဗျ။ ခေါင်းမှာ ဆောင်းထားတဲ့ ဝါးဖတ်ဦးထုပ်ကလေးကို မန်ကျည်းပင်အောက်ရောက်တာနဲ့ ကိုချစ်အေးက ချွတ်လိုက်တယ်။ ကျုပ်ထိုင် နေတဲ့ သစ်သားကွပ်ပျစ်မှာပဲ ဝင်ထိုင်ပြီး ပြောတယ်ဗျ။

“တာတေတို့ပဲ စိမ်ရှိပါတယ်ကွာ၊ ထမင်းစားပြီးတာနဲ့ တစ်ရေးတမောအိပ်လို့”

ကျုပ်က ဘာမှမပြောဘဲ ရယ်ပဲနေလိုက်တယ်။ နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်နဲ့ ခနေဖြူခေါ်ရီ ကြေးစီးခွက်ကလေးကို ကမ်းပေးလိုက်တယ်။





ကိုချစ်အေးကလည်း ကျုပ်တည်တဲ့ ဆေးလိပ်ကို မီးညှိပြီး အမောပြေ ဖွာလိုက်တယ်ဗျ။ ဆေးလိပ်သောက်ရင် မောတယ် ဆိုပေမယ့်လည်း မောနေရင်လည်း ဆေးလိပ်ကလေးသောက် လိုက်ရမှ အမောပြေတာဗျို့။

ကိုချစ်အေးက ဘန့်ဘွေးကုန်းသားဗျ။ သူတို့က ညီအစ်ကို နှစ်ယောက် ရှိတာ။ ကိုချစ်အေးနဲ့ ကိုချစ်ထွေးတဲ့၊ အမွှာပူးတွေလေဗျာ။ ရုပ်ချင်းခွဲလို့ မရအောင် တူတာဗျ။ ဒါပေမဲ့ ကျုပ်ကတော့ မြင်နေကျ တွေဆိုတော့ တွေ့တာနဲ့ တန်းသိတာပေါ့ ဗျာ။ အခုမှမြင်တဲ့သူဆိုရင် ခွဲလို့မရကြဘူးဗျ။

သူတို့အဘက ဦးကျောက်နီတဲ့ဗျ။ ကျုပ်တို့က ဘထွေး ကျောက်နီလို့ ခေါ်တယ်။ ဘထွေးကျောက်နီရဲ့ အဘက ဦးပန်းဦးတဲ့ဗျ။ ယာတွေအများကြီးပိုင်တဲ့ လူချမ်းသာကြီးပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့က ဘိုးပန်းဦးကို မှီတယ်ဆိုရုံပဲ ရှိတာပါ။ ကျုပ်သိတော့ပဲ ဘိုးပန်းဦးက အသက်တော်တော်ကြီးနေပါပြီ။

ကျုပ်သိတာတော့ ဘိုးပန်းဦးက လူစုံကြီးတဲ့ဗျ။ တောင်သူ သက်သက်လုပ်တာ မဟုတ်ဘူး။ ကျောက်လည်း နားလည်တယ်ဆိုပဲ။ မိုးကုတ်ဘက်၊ မန္တလေးဘက်သွားပြီး ကျောက်အရောင်းအဝယ် လုပ်သေးတယ်ဆိုပဲ။ မြင်းကျတော့လည်း လွှတ်နားလည်တာတဲ့ဗျ။

သူတစ်ခါရလာတဲ့ ပတ္တမြားကို ကျောက်ကုန်သည်တွေ ရွာ အထိ လိုက်လာပြီး ဈေးကောင်းပေးဝယ်ကြတာ တော်တော်လေး

အကျိုးအမြတ် ရခဲ့တယ်ဆိုပဲ။ အဲဒီနှစ်မှာပဲ ဘထွေး ကျောက်နီကိုမွေးလို့ ကျောက်အောင်တဲ့ အထိမ်းအမှတ်နဲ့ မောင်ကျောက်နီလို့ သူ့သားကို မှည့်တာဆိုပဲ။ သားသမီးကလည်း များများစားစား ရှိတာမဟုတ်ဘူး။ ဘထွေးကျောက်နီတစ်ယောက် ပဲရှိတာ။

ဘထွေးကျောက်နီက မွေးပြန်တော့လည်း ကိုချစ်အေးတို့ အမွှာညီအစ်ကိုနှစ်ယောက်ပဲ ရှိတာ။ ယာတွေကလည်း မျက်စိတဆုံး ပိုင်ကြတာဆိုတော့ လူချမ်းသာတွေပေါ့ဗျာ။

ဘန့်သွေးကုန်းမှာရှိတဲ့ အိမ်ကြီးအိမ်ကောင်းထဲမှာ ဘိုးပန်းဦးရဲ့အိမ်ကြီးက အကောင်းဆုံးဗျ။ လူတစ်ဖက်နီးပါးရှိတဲ့ ကျွန်းတိုင်ကြီးတွေနဲ့ ဆောက်ထားတာ၊ ခေါင်နှစ်လုံးနဲ့ဗျို့။ တစ်အိမ်လုံး ကျွန်းချည်းပဲဗျ။ ရေနံချေးသုတ်ထားလိုက်တာ နက်မှောင်နေတာပါပဲဗျာ။

ဘိုးပန်းဦး ရှိတုန်းက ရှေးဟောင်းပစ္စည်းတွေလည်း စုတတ်သဗျ။ ရှေးဟောင်းပစ္စည်းကိုလည်း ဘိုးပန်းဦးက နားလည်တယ်။ ဘယ်ရွာမှာ ဘယ်မင်းဆက်က ဘာပစ္စည်းရှိလေရဲ့ ဆိုလို့ကတော့ ငွေတွေယူပြီး လိုက်တော့တာပဲဗျို့။ ပြီးရင် မရမကဝယ်ပြီး ပြန်လာတော့တာပဲတဲ့ဗျ။

ကိုချစ်အေးတို့ အိမ်ကြီးအပေါ်ထပ်မှာ ဘိုးပန်းဦးရဲ့ ရှေးဟောင်းပစ္စည်းထားတဲ့ အခန်းကြီးတစ်ခန်း ရှိသတဲ့ဗျ။ ကျုပ်တော့ တစ်ခါမှ တက်မကြည့်ဖူးပါဘူးဗျာ။

တရားကျစရာတော့ ကောင်းသားဗျ။ လူတွေဟာ ဘယ်





ပစ္စည်းကို ဘယ်လောက်ပဲ မြတ်နိုး မြတ်နိုး၊ ဘယ်လောက်ပဲ တန်ဖိုး ထားထား သေတော့လည်း အားလုံးထားခဲ့ရတာပါပဲဗျာ။ ဘိုးပန်းဦးကြီး တပင်တပန်း ဝယ်ပြီးစုဆောင်းခဲ့ရတဲ့ ရှေးဟောင်းပစ္စည်းတွေလည်း ဒီအတိုင်း ထားခဲ့ရတာပါပဲလေ။

ကျန်တဲ့လူတွေကလည်း သူလို နားလည်ကြတာ မဟုတ်တော့ အခန်းထဲမှာ ဒီအတိုင်းပဲရှိမှာပေါ့ဗျာ။ လူချမ်းသာတွေဆိုတော့ ဒါတွေကို ရောင်းလည်းမရောင်းဘူးဗျ။

"ကိုချစ်အေး ဘယ်ကလှည့်လာတုံး"

"ဘယ်ကမှ မလှည့်ဘူး၊ မင်းဆီကိုပဲ တိုက်ရိုက်လာတာကွ"

ကိုချစ်အေးတို့ ကိုချစ်ထွေးတို့က ကျုပ်ထက် ငါးနှစ်လောက် ကြီးကြတယ်။ ကျုပ်က ဆယ့်ခြောက်နှစ်ဆိုတော့ သူတို့က နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်ပေါ့ဗျာ။

"ကိစ္စရှိလို့လား၊ ကိုချစ်အေး"

"ရှိဆို ချစ်ထွေး ပျောက်သွားလို့ကွ တာတေရ"

"ဗျာ...ကိုချစ်ထွေး ပျောက်သွားလို့ ဟုတ်လား"

"အေး ဟုတ်တယ်၊ ပျောက်သွားတာ ဒီနေ့ဆိုရင် ဆယ်ရက်ရှိပြီကွ၊ ငါတို့လည်း ပြန်ရောက်လာနိုးနဲ့ စောင့်နေကြတာ"

"တစ်ယောက်ယောက် ခရီးသွားတာကို လိုက်သွားလို့ ရှိမှာပါဗျာ"

"သူနဲ့ ပတ်သက်တဲ့သူတွေလည်း ငါတို့ အကုန်မေးပြီးပြီ

ကွ၊ အားလုံးရှိနေကြတာ၊ ဘယ်သူမှ ခရီးမသွားကြဘူး"

"မိန်းမတွေ ဘာတွေများ ခိုးသွားသလားဗျာ"

"ငါတို့လည်း မင်းတွေးသလို တွေးတယ်ကွ၊ ဒါပေမဲ့ ချစ်ထွေးမှာ ရည်းစားမရှိဘူး၊ ဒီကောင်က တို့ဘိုး ဦးပန်းဦးနဲ့ ဝါသနာ တော်တော်တူတာကွ၊ အလကားအားနေရင် ဘိုးရဲ့ ရှေးဟောင်းပစ္စည်း တွေထားတဲ့ အခန်းထဲမှာပဲ ဝင်နေတာ၊ အဲဒီထဲက ကြေးပုရပိုက်တွေ ဖတ်နေတယ်၊ ရှေးဟောင်းပစ္စည်းတွေပေါ်က စာတွေကို ဖတ်နေမယ်။ ဘိုးပန်းဦးလက်ရေးနဲ့ ရေးထား ကူးထားတဲ့ ဆေးကျမ်းတွေ၊ ဗေဒင် ကျမ်းတွေ၊ နက္ခတ်ကျမ်းတွေ၊ အဂ္ဂိရတ်ကျမ်းတွေ အကုန်မွှေနှောက်ပြီး လှန်လှောဖတ်နေတာကွ။ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားရမှန်း သိတာမဟုတ်ဘူးကွ တာတေရ"

"ကိုချမ်းအေးကရော ဘိုးပန်းဦးရဲ့ ပစ္စည်းတွေကို စိတ် မဝင်စားဘူးလား"

"ဟာ…စိတ်မဝင်စားပါဘူးကွာ၊ ချစ်ထွေးနဲ့ ငါနဲ့က အမွှာ မွေးဆိုပေမယ့် စိတ်ဝင်စားမှုကျတော့ မတူဘူးကွ တာတေရ၊ ငါက ရပ်ရေးရွာရေး စိတ်ဝင်စားတယ်၊ သူငယ်ချင်းအပေါင်း အသင်းတွေနဲ့ သွားလာနေရတာ ကြိုက်တယ်၊ ညနေဆိုရင် ထန်းတောဘက်သွားပြီး ဝိုင်းဖွဲ့ရတာ ပျော်တယ်ကွ၊ ပြီးတော့ တောင်သူအလုပ်ကိုလည်း ငါ သဘောကျတယ်။ ချစ်ထွေးကျတော့ ယာလုပ်ရတာကိုတော့ စိတ်ဝင် စားပါတယ်၊ ဒါပေမဲ့ အားတဲ့အချိန်ဆိုရင် အပေါင်းအသင်းနဲ့ သိပ်သွား





သွားလာလာမလုပ်ဘဲ အိမ်မှာရှိတဲ့ စာဟောင်းပေဟောင်းတွေကို ထိုင် ဖတ်နေတာကွ၊ ချစ်ထွေးမို့လို့ပျောက်နေရင် ဘယ်မှာမှလိုက်မရှာနဲ့၊ ဘိုးရဲ့ ရှေးဟောင်းပစ္စည်းခန်းကြီးထဲမှာပဲ ငြိမ်ကုပ်ပြီး တစ်ခုခုဖတ်နေ တော့တာကွ"

"ဒါဆိုတော့လည်း တွေးရခက်သားလား ကိုချစ်အေးရဲ့၊ သိပ်သွားသွားလာလာ မလုပ်တတ်တဲ့ ကိုချစ်ထွေးက ဆယ်ရက် တောင် ပျောက်နေတာ တော်တော်တော့ ဆန်းတာပဲဗျ"

"ငါတို့လည်း စုံစမ်းတာ နှံ့နေပြီကွ၊ ဘယ်ကမှကို အစအန တောင် မကြားရဘူး တာတေရေ၊ ဒါနဲ့ မင်းဆီကိုလာခဲ့တာ။ ငါ့အဖေ ကလည်း တာတေနဲ့ တိုင်ပင်ကြည့်စမ်းပါဆိုလို့ကွ၊ မင်းက ဗဟုသုတ ရှိတော့ မင်းများစဉ်းစားနိုင်မလားဆိုပြီး လာခဲ့တာကွ"

"ကျုပ်လည်း လောလောဆယ်တော့ ဘာမှမတွေးတတ်ဘူး ကိုကြီးချစ်အေးရ၊ ဒါပေမဲ့ ကျုပ် ကိုကြီးချစ်အေးတို့အိမ်ကို လိုက်ခဲ့ မယ်ဗျာ၊ ကိုချစ်ထွေး အမြဲဝင်နေပါတဲ့ ရှေးဟောင်း ပစ္စည်းခန်းကြီးထဲ ကို လိုက်ကြည့်ချင်တယ်"

"ဟာ…ကောင်းတာပေါ့ တာတေရ၊ ကဲ ဒါဆိုရင်သွား ကြစို့"

ကျုပ်က အဘနဲ့ အမေ့ကို အကျိုးအကြောင်း ပြောပြပြီး ဘန့်ဘွေးကုန်းကို လိုက်ခဲ့တယ်။ ဘန့်ဘွေးကုန်းကိုရောက်တော့ ဘထွေး ကျောက်နီက ဝမ်းသာအားရဆီးကြိုတယ်ဗျ။ ဘထွေးရဲ့မိန်းမ အရီးဝိုင်း

ကြည်ကတော့ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ ပေါ့ဗျာ။

"တာတေရေ၊ မင်းအစ်ကို ချစ်အေးလည်း မင်းကို အကျိုးအကြောင်းတွေ ပြောပြပြီးရောပေါ့၊ ငါတို့လည်း ဘယ်လိုမှ မစဉ်းစားတတ်တော့ပါဘူးကွာ"

ဘထွေးကျောက်နီက ပြောတာဗျ။ ကျုပ်က ဘထွေး ပြောတာကို ခေါင်းညိတ်ပြီး စဉ်းစားနေရတာပေါ့ဗျာ။

"ကိုချစ်ထွေး နောက်ဆုံး အိမ်ကထွက်သွားတာကို ဘထွေးတို့ အရီးတို့ မြင်လိုက်ကြသလား"

"ဘယ်သူမှ မမြင်ဘူးကွ၊ ချစ်ထွေးစီးတဲ့ ဖိနပ်ကလည်း ဒီအတိုင်း ရှိနေတာပဲ တာတေရ"

"ဟာ…ဟုတ်လား၊ ဒါဆိုရင် အပြင်ထွက်သွားတဲ့ လက္ခဏာမှ မရှိတာ၊ တကယ်လို့ ထွက်သွားရင်လည်း ဖိနပ်မစီးဘဲ ထွက်သွားတာပဲ ဖြစ်မယ်"

"ချစ်ထွေးက ဖိနပ်မစီးဘဲ အပြင်ထွက်လေ့ မရှိဘူးကွ၊ ဝိုင်းထဲဆင်းတာတောင် ခြေထောက်ချည်း ဆင်းတဲ့ကောင် မဟုတ်ဘူး၊ ဖိနပ်စီးပြီးမှ ဆင်းတာ"

"ကိုချစ်ထွေး ပျောက်သွားတဲ့နေ့က ထူးထူးခြားခြား ဘာတွေများ ဖြစ်သေးတုံး အရီးရဲ့"

ကျုပ်မေးလိုက်တော့ အရီးဝိုင်းကြည်က တွေပြီး စဉ်းစားတယ်ဗျ။





"နေဦး တာတေရဲ့၊ အဲဒီနေ့က ချစ်အေးနဲ့ ကိုကျောက်နီက လှည်းကောက်ပြီး ထိန်ကုန်းသွားကြတယ်၊ ထိန်ကုန်းက ကိုဖိုးတုတ်ဆီမှာ နှမ်းမျိုးသွားဝယ်ကြတာ။ အိမ်မှာ အရီးရယ်၊ ချစ်ထွေးရယ်ပဲ ရှိတာ၊ ချစ်ထွေးက အပေါ်ထပ်မှာ၊ အရီးက အောက်ထပ်မှာ၊ ပဲနောက်လှော်ပြီး အခွံချွတ်နေတာ။ ခဏနေတော့ ရွာလမ်းပေါ်မှာ ကလေးတွေဆူညံဆူညံ လုပ်နေကြတာကြားလို့ ဘာဖြစ်ကြတာတုံးဆိုပြီး အရီးက ထွက်ကြည့်သေးတယ်။ ရွာလမ်းမှာ ကလေးတွေ ဖွေးဖွေးလှုပ်နေတာပဲတဲ့၊ ဘာဖြစ်လို့တုံးလို့ ငါကမေးတော့-

'နေကြတ်နေလို့ အရီးရ၊ ကျုပ်တို့တွေ မှန်မှာ မှိုင်းခံပြီး ကြည့်ကြတာဗျ'

လို့ ပြောတာနဲ့ ငါတောင် မော့ကြည့်လိုက်သေးတယ်။

'ဟာ…အရီး၊ ဒီအတိုင်း မကြည့်နဲ့၊ မျက်စိကန်းတတ်တယ်၊ ကြည့်ချင်ရင် ဒီမှန်ချပ်ခံကြည့်'

ဆိုပြီး တောင်ဘက်ဝိုင်းက စိန်ရီသား ဆင်ပေါက်က ပြောလို့ အရီးက သူ့လက်ထဲက မှိုင်းခံထားတဲ့ မှန်ချပ်ယူပြီးတောင် ကြည့်လိုက်သေးတယ်။ နေကတစ်ဝက်လောက်တောင် ကြတ်နေပြီဟဲ့၊ ငါ ဝိုင်းထဲ ပြန်ဝင်လာတော့ အိမ်ပေါ်ထပ်ပြတင်းပေါက်က ခေါင်းထွက်ပြီး ချစ်ထွေးက လှမ်းမေးတယ်။

'အမေ ဘာဖြစ်လို့တုံး'

'ဘာမှမဖြစ်ပါဘူးဟယ်၊ နေကြတ်နေလို့ ကလေးတွေ

ကြည့်နေကြတာပါ"

"ဗျာ…နေကြတ်နေတယ် ဟုတ်လား"

"အေး…ဟုတ်တယ်၊ နင်လည်း ကြည့်ချင်ရင် ဟိုကလေးတွေလို မှန်ကွဲလေးတစ်ခုရှာပြီး မှိုင်းခံကြည့်ပေါ့ ချစ်တွေးရဲ့"

လို့တောင် အရီးက ပြောလိုက်သေးတယ်။

မွန်းတည့်ကာနီးတော့ ချစ်အေးတို့သားအဖ နှမ်းအိတ်တွေ သယ်ပြီး ပြန်လာကြတယ်။

"ဝိုင်းကြည်ရေ…ထမင်းပွဲ ပြင်တော့ဟေ့၊ ငါရော ချစ်အေးရော ဆာနေကြပြီ"

ဒါနဲ့ အရီးက ထမင်းဝိုင်းပြင်ပြီး ချစ်တွေးကို ထမင်းစားဖို့ လှမ်းခေါ်တယ်။ ပြန်ထူးသံ မကြားလို့ အိမ်ပေါ်ထပ်ကိုတက်ကြည့်တော့ ချစ်တွေးကို ဘယ်မှာမှ ရှာလို့မတွေ့ဘူး။

"နင် နောက်ဘက်ဝင်နေတုန်း အပြင်ထွက်သွားလို့ရှိမှာပေါ့ ဝိုင်းကြည်ရယ်၊ လာ လာ၊ စားမယ်၊ ချစ်တွေးပြန်လာမှ သူ့ဖာသာ စားလိမ့်မယ်"

လို့ နင့်ဘထွေးကပြောလို့ အရီးတို့ ထမင်းစားကြတာပေါ့၊ အရီးတို့ ထမင်းစားပြီးတော့လည်း ပြန်မလာ၊ ညနေစောင်းလည်း ပြန်မလာ၊ ညရောက်လည်း ပြန်မလာနဲ့။ အရီးတို့လည်း ဟိုအိမ်သည်အိမ်တွေ လိုက်မေးကြရတော့တာပေါ့ဟယ်။ အဲဒီနေ့က ချစ်တွေးကို တွေ့လိုက် မြင်လိုက်တဲ့သူတောင် တစ်ယောက်မှ မရှိပါဘူး





တာတေရာ"

ကျုပ်လည်း အရီးပြောတာကိုသာ နားထောင်နေရတော့ တာပေါ့ဗျာ။ ကျုပ်လည်း ဘာမှပြန်မပြောတတ်ဘူးလေ။ ကိုချစ် အေးက ကျုပ်ကို အိမ်ပေါ်ထပ်ခေါ်လာတယ်။ ဘိုးဖန်းဦး စိတ်တိုင်းကျ ဆောက်ခဲ့တဲ့အိမ်ကြီးက တော်တော်ကိုကျယ်တာဗျို့။ အပေါ်ထပ်မှာ ကျွန်းတံခါးကြီးတွေတပ်ထားတဲ့ အခန်းကြီးတွေ ဖွဲ့ထားတာဗျ။

တံခါးပိတ်ထားတဲ့ အခန်းကြီးတစ်ခုကို ကိုချစ်အေးက တံခါးဖွင့်လိုက်တယ်။ သူ ရှေ့ကဝင်သွားတော့ ကျုပ်က နောက်က လိုက်ဝင်ခဲ့တယ်။

"ဟာ"

ကျုပ်ပါးစပ်က "ဟာ" လို့တောင် ယောင်အော်မိအောင် အံ့သြသွားတာဗျ။

"တာတေ၊ ဒါ တို့ဘိုးရဲ့ ရှေးဟောင်းပစ္စည်းတွေ ထားတဲ့ အခန်းကြီးပဲကွ"

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ပြတိုက်တစ်ခုထဲကို ရောက်သွားသလိုပါပဲဗျာ။ ရှေးဟောင်းပစ္စည်းတွေကို သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်ကို ထားတာဗျ။ ဘယ်ခေတ်ကပစ္စည်း ဘယ်သူ့ အသုံးအဆောင် ဆိုပြီး ကတ်ပြားတွေမှာ စာရေးပြီး ထောင်ထားတာဗျို့။ တကယ့်ကို ပြတိုက်ကလေးတစ်ခုပါပဲဗျာ။ နံရံမှာ အဆင့်ဆင့် ချိတ်ထားတဲ့ ဓားတွေကလည်း အလက်နှစ်ဆယ်လောက် ရှိမယ်ဗျ။ ငွေလင်ဗန်း၊ ကြေးလင်

ဗန်းတွေကလည်း အများကြီးဗျ။ ရွှေချည်ထိုး၊ ငွေချည်ထိုးတွေနဲ့ ချုပ်ထားတဲ့ ရှေးခေတ်က မင်းညီမင်းသားတွေဝတ်တဲ့ အင်္ကျီတွေလည်း ရှိတယ်ဗျ။ မှန်ပုံးထဲမှာ ထည့်ထားတဲ့ ကျောက်လက်ဝါးကြီးတစ်ခုလည်း တွေ့တယ်။ ကနုတ်မျိုးစုံနဲ့ ရွှေပိန်းချသေတ္တာ နှစ်လုံးလည်းရှိတယ်။ ရှေးခေတ်က အကောင်းစား ကြွေထည်ပစ္စည်းတွေလည်း အတော်များသားဗျ။ ကြွေပန်းအိုးတွေ၊ ကြွေရေတကောင်းတွေ၊ ကြွေပန်းကန်ပြားတွေလေဗျာ။ တစ်နေရာမှာတော့ နံရံမှာကပ်ပြီးထောင်ထားတဲ့ သစ်သားသေတ္တာပြားပြားတစ်ခုကို တွေ့တယ်ဗျ။ အမြင့်က ခြောက်ပေကျော်ကျော်လောက် ရှိမယ်။ အကျယ်ကသုံးပေလောက် ရှိမယ်ဗျ။

နက်ပြောင်နေတဲ့ သစ်သားအနက်နဲ့ လုပ်ထားတာ။ ထုကတော့ သယ်လက်မလောက်ထူမယ်။ ပတ္တာတပ်ပြီး သော့ခတ်တဲ့ မြောက်လက်လည်း တွေ့တယ်ဗျ။ ဒါဆိုရင်တော့ အဖုံးဖွင့် လို့ရတဲ့ သေတ္တာပြားတစ်ခုပဲလို့ ကျုပ်တွေးမိလိုက်တယ်။ သေတ္တာတစ်ခုလုံးမှာ ထွင်းထားတဲ့ ပန်းတွေ ကနုတ်တွေက တော်တော်ကိုလှတာဗျ။ ဒီသေတ္တာပြားရဲ့ သက်တမ်းက ကျုပ်စိတ်ထင် နှစ်ရာချီနေလောက်ပြီဗျ။

"တာတေ၊ ဒါကြီးကို မင်းစိတ်ဝင်စားလို့လား"

"ဟုတ်တယ် ကိုကြီးချစ်အေးရဲ့၊ ဒီသေတ္တာပြားပြားကြီးက ဘာထည့်တာတုံး"

"ဒါ သေတ္တာမဟုတ်ဘူး၊ မှန်ကွ တာတေရ၊ ကိုယ်လုံး





ါမှန်ကြီး"

"ဗျာ…မှန် ဟုတ်လား၊ ကြည့်မှန်လားဗျ"

"အေး ဟုတ်တယ်၊ ကြည့်မှန်ကြီးကွ၊ ငါ့စိတ်ထင်တော့ ကြည့်မှန်ပေါ်ကာစက ရှားရှားပါးပါးဆိုတော့ မှန်ကို အမြတ်တနိုးနဲ့ ချုပ်ထားတာ ထင်ပါရဲ့ တာတေရာ။ အဖုံးအပိတ်နဲ့ဆိုတော့ သေတ္တာလို ဖြစ်နေတော့တာပေါ့ကွာ။ တို့ဘိုးကလည်း လူထူးလူဆန်းကြီးဆိုတော့ ဒီလို ရှားရှားပါးပါး ပစ္စည်းမျိုးကို သူက သိပ်နှမြောတာကွ တာတေရ၊ ငါ့အဘပြောတော့ ဒီမှန်သေတ္တာကို သစ်ကနက်သားနဲ့ လုပ်ထားတာတဲ့ကွ"

ပြောပြောဆိုဆိုနဲ့ ကိုချစ်အေးက မှန်သေတ္တာကို အဖုံးဖွင့်လိုက်တယ်။ ဒီတော့မှ အထဲက မှန်ချပ်ကြီးကို မြင်ရတော့တာဗျို့။ အထဲမှာလည်း မှန်ရဲ့ ထောင့်လေးထောင့်မှာ သစ်ကနက်သား ကနုတ်ပန်းတွေဖော်ထားတာဗျ။ အလယ်ကမှန်ကြီးကလည်း ကြည်လင်နေတာပါဗျာ။ ဒီလောက်ကြာတာတောင် မှန်ချပ်ကြီးမှာ ကွဲရာ၊ အက်ရာ၊ အစင်းရာ ဘာမှမရှိဘူးဗျ။

"မှန်က တိုက်ထားသလိုကို ဝင်းနေတာဗျ၊ ကိုချစ်အေးရဲ့"

"ချစ်တွေး တိုက်ထားတာနေမှာပေါ့ တာတေရာ၊ ဒီကောင်က ဒီအခန်းထဲမှာပဲ ဝင်ပြီးအောင်းနေတတ်တာ၊ သူ ပျောက်သွားတော့ ဒီမှန်သေတ္တာကြီးက အဖုံးဖွင့်လျက်ကြီး ရှိနေတာ၊ ဟိုနေ့ကမှ ငါ အဖုံးပြန်ပိတ်ထားတာ"

ကျုပ်က မှန်သေတ္တာကြီးရဲ့ အဖုံးကို ပိတ်လိုက် ဖွင့်လိုက် သုံးလေးခါ လုပ်ကြည့်လိုက်တယ်။ ပတ္တာကလည်း သံချေးတွေ ဘာတွေ ကိုက်မနေဘူးဗျ။ ဒါလည်း ကိုချစ်ထွန်း ပြုပြင်ထားတာ ဖြစ်မှာပေါ့ဗျာ။

တစ်နေရာမှာတော့ ကျွန်းဘီရိုတစ်လုံးဗျ။ ကျုပ်က ဘီရို တံခါးကို ဆွဲဖွင့်လိုက်တော့ အထဲမှာ စာအုပ်တွေမှအပြည့်ဗျာ။ ဒါ ဘိုးပန်းဦးကြီး ဖတ်ခဲ့တဲ့ စာအုပ်တွေပဲဖြစ်မှာလို့ ကျုပ်တွေးလိုက်မိတယ်။

“ချစ်ထွေး ဝင်ဝင်ဖတ်တာ အဲဒီထဲက စာအုပ်တွေပေါ့ကွ တာတေရ”

ကိုချစ်အေးပြောတော့ ကျုပ်စိတ်ဝင်စားသွားတယ်။ သေသေ ချာချာစီထားတဲ့ စာအုပ်တွေကို ကျုပ်ကြည့်လိုက်တော့ ဆေးကျမ်းတွေ၊ ဗေဒင်ကျမ်းတွေ၊ လက္ခဏာကျမ်းတွေ၊ နက္ခတ်ကျမ်းတွေ၊ အင်္ဂလိပ် ကျမ်းတွေ လက်ရေးနဲ့ရေးထားတဲ့ ကတ်ထူစာအုပ်ကြီးတွေ အများကြီး ပဲဗျ။ အဲဒီထဲကမှ စီထားတဲ့ စာအုပ်တွေပေါ်မှာ တင်ထားတဲ့ လက်ရေး မူစာအုပ်တစ်အုပ်ကို ကျုပ်တွေ့တယ်။ ဒီစာအုပ်က ကိုချစ်ထွေး ဖတ် လက်စစာအုပ်ထင်တယ်ဗျ။ ကျုပ် အဲဒီစာအုပ်ကိုယူပြီး လှန်ဖတ်ကြည့် လိုက်တယ်။ ဟာ ဘိုးပန်းဦး ရေးထားတဲ့ စာအုပ်ဗျ။ ကျုပ် နည်းနည်း ကျော်ဖတ် ကြည့်လိုက်တော့ မှန်သေတ္တာကြီးအကြောင်းလည်း ပါတယ် ဗျ။ ဒါနဲ့ အဲဒီစာအုပ်ကို ကျုပ်ယူသွားပြီး ဖတ်ကြည့်ချင်တယ်လို့ ကိုချစ်အေးကို ပြောတော့ ကိုချစ်အေးက စာအုပ်ကိုယူပြီး ဘထွေးကို





ပြောလိုက်တယ်။ ဘထွေးကျောက်နီက ရှောရှောရှူရှူပဲ ကျုပ်ကို ခွင့်ပြုတယ်။

ဘိုးပန်းဦး ရေးထားတဲ့ ကတ်ထူစာအုပ်ကြီးကိုယူပြီး ကျုပ် ရွာပြန်ခဲ့တယ်။ ကိုချစ်ထွေးကိစ္စကို ကျုပ်လည်း တတ်နိုင်သလောက် စဉ်းစားပြီး လုပ်ပေးပါ့မယ်လို့ ပြောခဲ့ရတာပေါ့ဗျာ။ လောကမှာ လူတစ် ယောက် အကြောင်းမဲ့ပျောက်သွားတာဗျို့။ ကျုပ်ဖြင့် ဒီတစ်ခါပဲ ကြားဖူး တော့တယ်ဗျာ။

အိမ်ပြန်ရောက်တော့ အဘနဲ့ အမေက ကိုချစ်ထွေးအကြောင်း ကို မေးကြတယ်ဗျ။ ကျုပ်ကလည်း ထူးထူးခခန်းခန်း ပျောက်သွားတဲ့ ကိုချစ်ထွေးအကြောင်းကို ပြောပြရတာပေါ့ဗျာ။

“လူလေးပြောသလိုဆိုရင် ချစ်ထွေးက အိမ်ထဲမှာတင် ပျောက်သွားသလို ဖြစ်နေတာပဲ”

လို့ အဘက ပြောတယ်။ ကျုပ်လည်း ဒီကိစ္စ အဖြေရှာ မရတော့ ငြိမ်နေရတော့တာပေါ့ဗျာ။

“ဟဲ့ တာတေရဲ့၊ ချစ်ထွေးအတိုး ဘိုးပန်းဦးတုန်းကလည်း ဒီလိုပဲ ပျောက်သွားတာဟဲ့၊ သုံးနှစ်လား လေးနှစ်လားတောင် ကြာတာ၊ နောက်တော့ ပြန်ရောက်လာတာပဲဟဲ့”

အမေက ပြောတာဗျ။

“ပြန်ရောက်လာတော့လည်း တခြားကနေလာတာ မဟုတ် ဘူးတဲ့၊ အိမ်ပေါ်ထပ်က ဆင်းလာတာပဲတဲ့ လူလေးရဲ့”

အဘတို့က ဒီအကြောင်းတွေ ကောင်းကောင်းသိခဲ့တော့ ကျုပ်ကို ပြောပြတာပေါ့ဗျာ။

"ဘိုးပန်းဦးကြီးက သူဘယ်သွားနေတယ်ဆိုတာ ပြောသေးလား အဘရဲ့"

"မပြောပါဘူးကွာ၊ အဲဒီအကြောင်းမေးတိုင်း ဒီအကြောင်းမမေးပါနဲ့ချည်း ပြောတာကွ၊ သူ့အိမ်သားတွေတောင် မေးလို့မရဘူး၊ ရွာထဲကလူတွေလည်း မေးလို့မရဘူး။ ဒါနဲ့ပဲ ဒီအကြောင်းကို မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်ကြတာပေါ့ကွာ၊ ကြာတော့လည်း ဘယ်သူမှ စိတ်မဝင်စားတော့ပါဘူးကွာ"

အိမ်ထဲမှာတင် နှစ်ရှည်ပြီး ပျောက်သွားတဲ့ ဘိုးပန်းဦးနဲ့ သူ့မြေးကိုချစ်ထွေးကို ကျုပ်တော်တော်စိတ်ဝင်စားသွားတာဗျို့။ တာတေဆိုတဲ့ ကျုပ်က တစ်ခုခုကို စိတ်ဝင်စားမိပြီဆိုရင် အချိန်ပြည့်ဒါကိုပဲ တွေးနေတော့တာဗျ။

အိမ်မှာ အဘဆီကြိတ်တော့ ကျုပ်က နေတတ်တဲ့လူမှ မဟုတ်တာ။ ဆီဆုံဝင်စီးပြီး နှင်တံတစ်ချောင်းနဲ့ နွားမောင်းရတာပေါ့ဗျာ။ အဲဒီအချိန်မှာလည်း ဘိုးပန်းဦးနဲ့ ကိုချစ်ထွေး ပျောက်သွားတဲ့အကြောင်းပဲ ကျုပ်တွေးနေတာဗျ။ ပြဿနာဆိုတာရှိရင် အဖြေဆိုတာလည်း ရှိမှာပဲလို့ ကျုပ်တွေးမိတယ်ဗျ။

အလုပ်အားတာနဲ့ ကိုချစ်အေးတို့အိမ်က ကျုပ်ယူလာတဲ့ ဘိုးပန်းဦးရဲ့ စာအုပ်ကြီးကို ဖတ်ဖို့ ပြင်ရတော့တာပေါ့ဗျာ။ ဒီစာအုပ်ကို





ကိုချစ်အေးတို့အိမ်က လူတွေကတော့ တစ်ယောက်မှ ဖတ်ကြည့်ပုံ မပေါ်ဘူးဗျ။ ပျောက်သွားတဲ့ ကိုချစ်ထွေးတစ်ယောက်ပဲ ဖတ်ထားပုံရတယ်။

စာအုပ်ငှားတဲ့နေ့ကကော့ ဘထွေးကျောက်နီက တစ်ခုတော့ ပြောတယ်ဗျ။

"ငါ့အဘက ရှေးဟောင်းပစ္စည်းတွေကို လွှတ်စိတ်ဝင်စားတာကွ တာတေရ၊ သူ စာရေးတာလည်း ပတ်ကားဖောင်တိန် အကောင်းစားကို ပတ်ကားမှင်အစစ်နဲ့ ထည့်ရေးတာကွ၊ အဲဒီ ဖောင်တိန်ကလည်း ရှမ်းစော်ဘွားတစ်ယောက်ကိုင်ခဲ့တဲ့ ဖောင်တိန်တဲ့ကွ၊ ရှေးဟောင်းပစ္စည်းပဲ တာတေရဲ့"

ဒါကြောင့် ထင်တယ်ဗျ။ စာအုပ်ထဲက ရေးထားတဲ့မှင်ရောင်က အခုထိကို မမှိန်သေးဘူးဗျို့။

ကျုပ် စာအုပ်ရဲ့ ပထမမျက်နှာကို စပြီးဖတ်လိုက်မိတယ်။ စာရဲ့အပေါ်မှာ ခေါင်းစဉ်တစ်ခု တပ်ထားတယ်ဗျ။

× × ×

**စရိုးသွားမှတ်တမ်း**

လောကမှာ လေးနက်တဲ့ လူတွေဟာ ဘယ်အရာကိုမှ ပေါ့ပေါ့တန်တန် မတွေးကြသကဲ့သို့ ဘယ်အရာကိုမှလည်း ပေါ့ပေါ့တန်တန် မလုပ်ကြပေ။

ကျွန်ုပ်၏အဘ ဦးမိုးကြိုးက ကျွန်ုပ်အား ပြောပြခဲ့ဖူးလေ၏။ သူ၏မိခင်က သူ့အား မွေးဖွားရန် နေ့စေ့လစေ့အချိန်ရောက်သောနေ့မှာပင် ကောင်းကင်၌ မိုးရိပ်မိုးဆင်များ တက်လာကာ လေပြင်းများတိုက်၍ မိုးကြိုးများ အကြိမ်ကြိမ်ပစ်လေသည် ဆို၏။ မိုးကြိုးများ ပစ်ပြီးသည်နှင့် ကျွန်ုပ်အဘွားမှာ ကျွန်ုပ်၏အဘအား မွေးဖွားရန် ဗိုက်နာလာတော့ရာ အရပ်လက်သည် ဒေါ်စိန်ရှုန်ကို လှုပ်စီးများ တဝင်းဝင်းလက်နေသည့်ကြားမှ သွားခေါ်ခဲ့ရသည် ဆို၏။ တကယ် မွေးသောအခါတွင် ဝမ်းဆွဲသယ်မှ များစွာအားမစိုက်ထုတ်ရဘဲ ကျွန်ုပ်၏အဘကို လွယ်လင့်တကူ မွေးဖွားနိုင်ခဲ့လေ၏။

ထိုနေ့က မကြုံစဖူး မိုးကြိုးများ ထူးထူးခြားခြား ပစ် သည်ကို အကြောင်းပြု၍ ကျွန်ုပ်၏အဘကို "မောင်မိုးကြိုး" ဟူ၍ မှည့်ခေါ်ကြလေတော့၏။

ကျွန်ုပ်ကို မွေးဖွားသောနေ့တွင်လည်း ထူးခြားသော ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့သည်ဟု အဘက ပြောပြခဲ့လေ၏။ အဘတို့ အိမ်ဝိုင်းထဲတွင် စိုက်ထားသော "တတိုင်းမွှေး" ပန်းပင်ကြီးမှာ ငါးနှစ် ခြောက်နှစ် သက်တမ်းရှိပြီဖြစ်သော်လည်း တစ်ခါမှပင် ပန်းပွင့်ခြင်း မရှိခဲ့ဟု အဘက ပြော၏။ ကျွန်ုပ်၏အဘ ဦးမိုးကြိုးက ထိုပန်းပင်ကြီးကို ဒီနှစ်မှ မပွင့်ရင်တော့ ခုတ်ပစ်တော့မည်ဟု စိတ်ကူးထားသည် ဆို၏။

ကျွန်ုပ်၏မိခင်မှ ကျွန်ုပ်အား မွေးကာနီးလာသောအချိန် တွင်မှ တတိုင်းမွှေးပန်းပင်ကြီးတွင် အဖူးများ ဖူးလာသည်ဆို၏။ ကျွန်ုပ်အား





မွေးသောနေ့တွင် တတိုင်းမွှေးပန်းပင်ကြီးတွင် အပွင့်ဆယ်ပွင့်ကျော် တစ်ပြိုင်တည်းစု၍ ပွင့်သည်ဟု ဆို၏။ ထို့ကြောင့် အဘက ကျွန်ုပ်ကို "မောင်ပန်းဦး" ဟု အမည်ပေးလိုက်လေ၏။

တတိုင်းမွှေးပန်းပင်ကြီးမှ ပန်းဦးများပွင့်သောညတွင် မွေးဖွားခဲ့သော ကျွန်ုပ် မောင်ပန်းဦးတွင် ငယ်စဉ်ကတည်းက ထူးခြားသော ဝါသနာတစ်ခု ရှိခဲ့လေ၏။ ထိုဝါသနာမှာ ရှေးဟောင်း ပစ္စည်းများကို ထူးထူးခြားခြား စိတ်ဝင်စားခြင်း ဖြစ်လေ၏။ အလှူအတန်းရှိ၍ ဘုန်းကြီးကျောင်းများသို့ ရောက်သည့်အခါတွင် အခြားသူများကဲ့သို့ ပျော်ပျော်ပါးပါး နေလေ့မရှိဘဲ ကျောင်းတိုက်ကြီးအတွင်းရှိ ရှေးဟောင်း လက်ရာများ၊ ရှေးဟောင်းပန်းချီကားများ၊ ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများကို ကျွန်ုပ်မှာ စိတ်ဝင်တစား ကြည့်နေရသဖြင့် တစ်ခါတစ်ရံ အလှူတွင် ထမင်းစားဖို့ပင် မေ့သွားခဲ့ရလေ၏။

ကျွန်ုပ်အဘ ဆုံးသွားသောအခါ ကျွန်ုပ်သည် အမွေအနှစ် များစွာ ရခဲ့လေ၏။ အဘက နှစ်မွေခံသူဖြစ်လေရာ ကျွန်ုပ်က သုံးမွေ ခံသူ ဖြစ်ရလေတော့၏။ အဘနှင့်အမေမသေမီ ကျွန်ုပ်ကို အိမ်ထောင် ချပေးသွားခဲ့သည်ဖြစ်ရာ ကျွန်ုပ်တွင် "မောင်ကျောက်သီ" ဟု ခေါ်သော သားကလေးတစ်ယောက် ထွန်းကားခဲ့တော့၏။

အဘနဲ့ အမေ ဆုံးသွားသောအခါ ကျွန်ုပ်က စိတ်တိုင်းကျ ကျွန်းတိုင်များကိုစု၍ ကျွန်းအိမ်ကြီးကို ဆောက်လုပ်ခဲ့လေ၏။ ကျွန်ုပ်၏ အိမ်ကို ရှေးဆန်ဆန်ပုံစံ ဆောက်လုပ်ခဲ့သဖြင့် ရွာသားများ၏ ဝေဖန်

မှုကိုပင် ခံခဲ့ရလေသည်။

တချို့က ဘုန်းကြီးကျောင်းကြီးနှင့်တူသည်ဟု ပြောကြ သကဲ့သို့ အချို့ကလည်း ရှမ်းစော်ဘွားတွေနေသည့် ဟော်နန်းကြီးနှင့် ဘူသည်ဟု ဝေဖန်ကြသည်။ မည်သူတွေမည်သို့ပြောသည် ဖြစ်စေ၊ ကျွန်ုပ်ကတော့ ကျွန်ုပ်ဆောက်သော အိမ်ကြီးကို အလွန်သဘောကျမိလေ၏။

အိမ်ကြီး၏ အပေါ်ထပ်တွင် အခန်းကျယ်ကြီးတစ်ခုကို သေသေချာချာ ဖွဲ့ထားလိုက်လေ၏။ ဤအခန်းကြီးထဲတွင် ကျွန်ုပ်စိတ်ဝင်စားသော ရှေးဟောင်းပစ္စည်းများ၊ ထူးဆန်းသောပစ္စည်းများကို စုဆောင်းသိမ်းဆည်းမည်ဟု ကျွန်ုပ်ဆုံးဖြတ်ထားပြီးဖြစ်လေရာ အိမ်ကြီးပြီးသောနေ့မှစ၍ ရှေးဟောင်းပစ္စည်းများ၏ သတင်းကိုအနံ့ခံကာ မရရအောင် လိုက်၍ဝယ်ယူစုဆောင်းခဲ့ လေတော့၏။

ရှေးဟောင်းပစ္စည်းများ အတော်ကလေး စုဆောင်းမိလာသောအခါ ရှေးဟောင်းပြတိုက်များတွင် ထိန်းသိမ်းထားသကဲ့သို့ ကျွန်ုပ်၏ အခန်းကျယ်ကြီးထဲတွင် ထိန်းသိမ်းထားခဲ့လေ၏။

ပြတိုက်ကြီးများကဲ့သို့ စနစ်မကျသော်လည်း အတော်ကလေးသပ်သပ်ရပ်ရပ် ရှိအောင်တော့ စီစဉ်ထားနိုင်ခဲ့လေ၏။

ကျွန်ုပ်ဝယ်ယူ စုဆောင်းခဲ့သော ရှေးဟောင်းပစ္စည်းများအနက် ထူးခြားသောပစ္စည်းသုံးခု ပါဝင်ခဲ့လေ၏။

ပထမတစ်ခုမှာ ရှေးဘုရင်တစ်ပါး၏ လက်သုံးတော် ဓားတစ်လက်ပင် ဖြစ်တော့၏။ ကျွန်ုပ်ကို ရောင်းသူမှာ ပခန်းကိုကြီးကျော်





ကိုင်ခဲ့သည့် ဓားအစစ်ဟုပြောပြီး ရောင်းခဲ့ခြင်းဖြစ်၏။ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လောကသည် အလိမ်အညာ အလွန်များသောလောကဖြစ်လေရာ ကျွန်ုပ်မှာ ထိုသူပြောသည့် စကားကို အယုံအကြည် မထားခဲ့ပေ။ သို့ရာတွင် ဓားရောင်းသူက သူ့ဓားဟာ တစ်နှစ်တစ်ခါ သွေးသောက်ကြောင်း၊ သူ့ကို သွေးမတိုက်လျှင် သူ့ဖာသာသူ ဓားအိမ်မှ ကျွတ်ထွက်၍ လူဖြစ်ဖြစ်၊ နွားဖြစ်ဖြစ်၊ ဆိတ်ဖြစ်ဖြစ် သွေးကို သောက်တတ်ကြောင်း ပြောရာ ကျွန်ုပ်ကမယုံသဖြင့် ထိုသူက ကြက်တစ်ကောင်၏ လည်ချောင်းသွေးကို ကျွန်ုပ်ရှေ့မှာပင်ခံယူ၍ ဓားကို ဓားအိမ်မှ ဆွဲချွတ်လိုက် ကာ သွေးခွက်ထဲသို့ စိုက်ထားလိုက်လေ၏။ ငါးမိနစ်မကြာမီမှာပင် ခွက်ထဲမှာသွေးများ ပြောင်သွားလေတော့ရာ ကျွန်ုပ်လည်း ဤမျှ ထူးဆန်းသောဓားကို မဝယ်ဘဲ မနေနိုင်သဖြင့် ဝယ်ယူခဲ့လေတော့၏။

အိမ်သို့ရောက်သောအခါ "ပခန်းကျော်ကြီးဓား" ဟု စာတန်းချိတ်ဆွဲ၍ ကျွန်ုပ်၏ ရှေးဟောင်းပစ္စည်းအခန်းတွင် သိမ်းဆည်းထားခဲ့လေ၏။ သည့်နောက်တွင်တော့ ကျွန်ုပ်၏ အိမ်သားများမသိအောင် ကျွန်ုပ်ကိုယ်တိုင် တစ်နှစ်တစ်ခါ ကြက်သွေး၊ ဆိတ်သွေး၊ အမဲသွေးများ တိုက်ရလေ၏။ ပခန်းကျော်ကြီး ဓားကလည်း ကျွန်ုပ်တိုက်သော သွေးများကို တစ်စက်မှမကျန်အောင် သောက်လေ၏။

ဒုတိယ ကျွန်ုပ်ရခဲ့သော ရှေးဟောင်းပစ္စည်းမှာ ကြေးလင်ဗန်းကလေး ဖြစ်၏။ ထိုလင်ဗန်းကလေးသည် မတိုက်မချွတ်ဘဲ အမြဲတမ်း

သူ့အလိုလို ပြောင်လက်နေကာ ကြေးညှိတက်ခြင်းပင် မရှိခဲ့ပေ။ ထိုလင်ဗန်းကလေးကို ရောင်းသူက ကျွန်ုပ်အား ပြောပြသည်မှာ ထိုလင်ဗန်းသည် အိန္ဒိယနိုင်ငံမှ နာမည်ကျော် မဟာရာဂျာတစ်ပါး အစားအသောက်စားသည့် လင်ဗန်းဖြစ်ကြောင်း၊ မည်သို့သော အဆိပ် ဖြစ်စေ၊ ဤလင်ဗန်းထဲသို့ ထည့်လိုက်လျှင် လုံးဝအဆိပ်ခတ် ပြယ် သွားကြောင်း၊ သို့သော် တစ်ခါတစ်ရံတွင် ဤကြေးလင်ဗန်းကလေးက အစာတောင်းတတ်ကြောင်း၊ ထိုသို့ အစာတောင်းသည့်အခါတွင် လင်ဗန်းကလေးအား တစ်ယောက်ယောက် လက်နှင့်ခေါက်သကဲ့သို့ အသံကြားရတတ်ကြောင်း၊ ထိုသို့ ကြားသည့်အခါ တခြားဘာမှ လုပ်ပေးရန် မလိုဘဲ နွားနို့ကို လင်ဗန်းနှင့် အပြည့်ထည့်ပေးရမည်ဖြစ် ကြောင်းတို့ကို ပြောရာ ကျွန်ုပ်က မယုံကြည်ခဲ့ပေ။ သို့သော် ထိုညမှာပင် ကြေးလင်ဗန်းလေးကို တစ်စုံတစ်ယောက်က ခေါက်သကဲ့သို့ "ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်" ဟူသော အသံများ အဆက်မပြတ် မြည်နေ လေတော့ရာ လင်ဗန်းရောင်းသူက နွားနို့များပြေးဝယ်၍ လင်ဗန်း နှင့်အပြည့်ထည့်ပေးလိုက်ရာ ကျွန်ုပ်လည်း အကဲခတ် ကြည့်နေလိုက်၏။ ဆယ်မိနစ်ပင်မကြာလိုက်ဘဲ လင်ဗန်းထဲမှနွားနို့များ ပြောင်သွား လေတော့ရာ ကျွန်ုပ်လည်း ထူးဆန်းသော ကြေးလင်ဗန်းလေးကို ဈေးကောင်းပေး၍ ဝယ်ယူခဲ့လေ၏။ ကြေးလင်ဗန်းလေးကို ရှေးဟောင်း ပစ္စည်းအခန်းထဲတွင် ကျွန်ုပ်က တမြတ်တနိုး သိမ်းထားလိုက်လေ၏။ ကြေးလင်ဗန်းကလေးက ကျွန်ုပ်အား သုံးလတစ်ခါသာ အသံပေး၍





နွားနို့ တောင်းတတ်လေရာ ကျွန်ုပ်ကလည်း ဂရုတစိုက်တိုက်ရလေ၏။

ကြေးလင်ဗန်းထဲတွင် ရေများတစ်ညထည့်ထားကာ ထိုရေကို ပုလင်းနှင့် ထည့်ထားပြီးလျှင် ရွာထဲမှ ပိုးထိသူ၊ အစာအဆိပ်ဖြစ်သူ၊ ကင်းကိုက်သူများကို ထိုရေဖြင့် ဒဏ်ရာကို ဆေးပေးခြင်း၊ ပါးစပ်မှ သောက်ခိုင်းခြင်းဖြင့် အဆိပ်များ ပြယ်ကုန်ကြသည်သာဖြစ်၏။

ကျွန်ုပ်ထံမှ ထိုရေများကို ရွာနီးချုပ်စပ်များမှပါ လာရောက် ယူကြသော်လည်း ထိုရေကို ကျွန်ုပ်မည်သို့ရရှိသည်ကိုမူ သိရှိသူ မရှိကြပေ။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ ရှေးဟောင်းပစ္စည်းများ၏ ထူးဆန်းမှုကို မည်သူ့ကိုမျှ မပြောဘဲ အမြဲတမ်း လျှို့ဝှက် ထားလေ့ရှိရာ ကျွန်ုပ်၏ အိမ်သားများပင် ဤအကြောင်းများကို မသိကြပေ။

ကျွန်ုပ်ဝယ်ယူခဲ့သော ရှေးဟောင်းပစ္စည်းများအထဲမှ ထူးဆန်း သော တတိယပစ္စည်းအကြောင်းကို ပြောပြရပေတော့မည်။ ဤပစ္စည်း သည် ကျွန်ုပ်၏ဘဝတွင် အအံ့ဩရဆုံး၊ အမြတ်နိုးဆုံး ပစ္စည်းတစ်ခု ပင် ဖြစ်တော့၏။ ဤပစ္စည်း၏ ထူးဆန်းပုံကိုလည်း ဤမှတ်တမ်းတွင် ကျွန်ုပ် ရေးရပေလိမ့်မည်။

ဤပစ္စည်းကား အခြားမဟုတ်။ ကျွန်ုပ်၏ ရှေးဟောင်း ပစ္စည်းအခန်းကြီးထဲတွင် နံရံ၌ ခံ့ခံ့ငြားငြား မှီ၍ထောင်ထားသော "မှော်ဝင်ကြေးမုံ" မှန်သေတ္တာကြီးပင် ဖြစ်တော့၏။ အလျား ခုနစ်ပေ၊ ဖျက်သုံးပေရှိသော မှန်သေတ္တာကြီးကို နက်မှောင်နေသော သစ်ကနက် သားဖြင့် လုပ်ထားသည့်အပြင် သေတ္တာတစ်ခုလုံးကို အလွန်လက်ရာ

မြောက်သော ကနုတ်ပန်းများ ဖော်ထားသည်ဖြစ်ရာ ရှေးဟောင်းပစ္စည်းများကို အထူးနှစ်သက်တတ်သော ကျွန်ုပ်လိုလူအတွက် ဘယ်အချိန်မှာပင်ကြည့်ကြည့် ကြည့်လို့မဝနိုင်သော ရှေးဟောင်းပစ္စည်းတစ်ခုပင် ဖြစ်လေတော့၏။ သေတ္တာ၏အထူမှာ ဆယ်လက်မသာထူ၍ သေတ္တာအဖုံးကိုကြေးပတ္တာများဖြင့် တပ်ထားသည့်အပြင် သော့ခလောက်ခတ်၍ ပိတ်ထား နိုင်အောင် ကြေးဖြင့်ပြုလုပ်ထားသော မျောက်လက် တစ်ခုလည်း ပါရှိလေ၏။ သေတ္တာအဖုံးကို ဖွင့်လိုက်လျှင် အတွင်း၌ အလွန်ကြည်လင်သော ညီညာပြန့်ပြူးသည့် မှန်ချပ်ကြီးကို တွေ့ရမည်ဖြစ်၏။ ဤမှန်ချပ်ကြီးကို ပထမဆုံးအကြိမ် တွေ့ဖူးသူတိုင်းသည် ရင်ထဲတွင် တစ်ခုခု ခံစားသွားရသည်ချည်း ဖြစ်၏။ ကြောက်ရွံ့ သလို၊ စိုးရိမ်သလို၊ မကြည့်ရဲသလို ခံစားမှုမျိုးကို ခံစားကြရသည်ချည်းဖြစ်၏။

ထိုမှန်ချပ်ကြီး၏ ထောင့်လေးထောင့်တွင် လှပသော သစ်ကနက်သား ကနုတ်ပန်းကလေးများက အုပ်ထားသကဲ့သို့ ဘေးနှုတ်ခမ်းသားများသည် သစ်ကနက်သား ဘီတင်ပြားလေး၏ အောက်တွင် မှန်ကို စနစ်တကျ ဘောင်သွင်းထားသည်ကို တွေ့ရလေ၏။

ဤမှန်၏ မူလဇစ်မြစ်ကို ကျွန်ုပ် လိုက်၍စုံစမ်းသော်လည်း တိတိကျကျ မသိခဲ့ရပေ။ မှော်ပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်သော မှော်ပညာရှင်ကြီးတစ်ယောက်၏ အစီ အရင်ဟုသာ သိခဲ့ရလေ၏။

ထိုမှန်သေတ္တာနှင့်အတူ ကြေးပုရပိုက်ကလေးတစ်ချပ်ပါ ပါ






လာလေတော့၏။ ကြေးပုရပိုက်ပေါ်တွင် ရေးထားသော စာများမှာ ဝှက်စာများ ဖြစ်နေလေရာ ကျွန်ုပ်မှာ အလွယ်တကူဖတ်၍ မရနိုင်အောင် ဖြစ်ရလေ၏။

ကျွန်ုပ်လည်း မှန်သေတ္တာကြီးနှင့် ကြေးပုရပိုက်ကို အလွန်စိတ်ဝင်စားမိလေရာ ဈေးစကားပြော၍ ညှိနှိုင်းဝယ်ယူခဲ့လေတော့၏။ ကြေးပုရပိုက်ပေါ်တွင် ရေးထားသောစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**မှော်ဝင်ကြေးမုံ**



ကျွန်ုပ်လည်း ရှမ်းပြည်မှ မှန်သေတ္တာကြီးကို အိမ်ရောက်သည်အထိ အခက်အခဲအမျိုးမျိုးနှင့် သယ်ဆောင်လာခဲ့ရလေ၏။ အိမ်သို့ရောက်သောအခါ မှန်သေတ္တာကြီးကို ကျွန်ုပ်၏ ရှေးဟောင်းပစ္စည်းထားသော အခန်းတွင် ကျကျနန ထားလိုက်လေ၏။ နောက်တစ်နေ့စ၍ ကြေးပုရပိုက်ကိုဖတ်ကာ ဝှက်စာကို ဖော်ကြည့်လေရာ မည်သို့မျှ ဖော်၍မရဘဲ ရှိလေတော့၏။ ကျွန်ုပ်လည်း ဖွဲမလျှော့ဘဲ ဆက်၍

ဖော်မြဲဖော်နေခဲ့လေရာ တစ်နှစ်ခန့်ကြာ သောအခါတွင်မှ ဖော်နိုင်ခဲ့လေတော့၏။ ဤနေရာတွင်ဝှက်စာကို ကျွန်ုပ် ဖော်ပြမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ နောင်လာနောင်သားများထဲတွင် ကျွန်ုပ်နှင့် ဝါသနာတူသူများ ပါရှိလာပါက ကျွန်ုပ်ကဲ့သို့ ပြုလုပ်မည်စိုးသောကြောင့် ဖြစ်လေ၏။

ကြေးပုရပိုက်၏ အဓိပ္ပာယ်ကို ဖော်၍ရသောအခါ ကျွန်ုပ်သည် စမ်းသပ်ရန်အချိန်ကို စောင့်ရလေတော့၏။ အချိန်ရောက်သောအခါ ကျွန်ုပ်သည် ရှေးဟောင်းမှန်သေတ္တာကြီးအရှေ့သို့ ရောက်လာကာ သစ်ကနက်သားအဖုံးကို ဖွင့်လိုက်လေတော့၏။

"ဟာ"

ကျွန်ုပ်ပါးစပ်မှ ယောင်၍ပင် အော်လိုက်မိလေ၏။ အဖုံးကို ဖွင့်လိုက်သဖြင့် ပေါ်လာသော မှန်ကြီးထဲတွင် လူများသွားလာလှုပ်ရှားနေကြသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။ ကျွန်ုပ်သည် ရုပ်ရှင်ပိတ်ကားကြီးတစ်ခုကို အနီးကပ်၍ ကြည့်နေသကဲ့သို့ ရှိလေ၏။

ကျွန်ုပ်မြင်နေရသည်မှာ ရွာကြီးတစ်ရွာ ဖြစ်လေသည်။ ရွာထဲမှ အိမ်တွေကိုလည်း ကျွန်ုပ် ကောင်းစွာတွေ့နေရသည်။ ရွာထဲမှ လူများသည် ရွာလမ်းအတိုင်း သွားလာလှုပ်ရှားနေကြသည်ကို ကျွန်ုပ် မြင်နေရ၏။ အချို့က မြင်းစီး၍ သွားနေကြ၏။ နွားလှည်းများ မောင်းလာနေသည်ကိုလည်း ကျွန်ုပ်တွေ့နေရ၏။ ကျွန်ုပ်မြင်နေရသော နေရာ





တွင် ညောင်ပင်ကြီးနှစ်ပင် ရှိ၏။ ကျွန်ုပ်သည် ပုရပိုက်ပါ ဝှက်စာကို အားလုံးဖော်နိုင်ပြီးဖြစ်လေရာ ကျွန်ုပ်ဘာလုပ်နိုင်သည်ကို ကောင်းစွာ သိနေသည့်အလျောက် ကျွန်ုပ်၏ ဆုံးဖြတ်ချက်ကို ချက်ချင်းချလိုက်မိလေတော့၏။

ကျွန်ုပ်၏ ခြေတစ်ဖက်ကို မှန်ထဲသို့ လှမ်းဝင်လိုက်ရာ မည်သည့်အတားအဆီးမှ မရှိဘဲ ဝင်သွားလေတော့၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ တစ်ကိုယ်လုံးကို မှန်ထဲသို့ ထိုးဝင်လိုက်ရာ-

"ဟာ"

ကျွန်ုပ်၏ပါးစပ်မှ ဒုတိယအကြိမ် တအံ့တသြအော် လိုက်မိတော့၏။ ကျွန်ုပ် မှန်ထဲတွင် တွေ့နေရသော ရွာကြီးထဲသို့ရောက်နေလေပြီ။ ကျွန်ုပ်ရောက်လာသော နေရာကို သေသေချာချာမှတ်လိုက်၏။ ထို့နောက် ကျွန်ုပ် ရွာကြီးထဲသို့ တစ်လှမ်းချင်း လှမ်းဝင်ခဲ့လေတော့၏။ ရွာမှာ အတော်လေးကြီးပုံရ၏။ ကျွန်ုပ်၏ စိတ်အထင်ပြောရလျှင် အိမ်ခြေတစ်ထောင်လောက်ပင် ရှိပေလိမ့်မည်။

"ဟာ"

ကျွန်ုပ် တတိယအကြိမ် အော်လိုက်မိပြန်၏။ ကျွန်ုပ်ရှေ့မှ လာနေသော လင်မယားနှစ်ယောက်မှာ ကျွန်ုပ်တို့ရွာမှ ဖိုးထောင်နှင့် မြရွှေတို့ လင်မယား ဖြစ်နေလေရာ ကျွန်ုပ်မှာ ပို၍အံ့သြရပြန်လေ၏။ ဖိုးထောင်တို့လင်မယား ဘယ်လိုဖြစ်လို့ ဒီရွာကို ရောက်နေတာပါလိမ့်။

"ဟေ့ကောင် ဖိုးထောင်၊ ဟဲ့ မြရွှေ"

ကျွန်ုပ်က စ၍နှုတ်ဆက်လိုက်ရာ ဖိုးထောင်တို့လင်မယားမှာ အံ့သြပြီး ကျွန်ုပ်ကို ကြည့်နေကြလေ၏။ ခဏနေမှ ဖိုးထောင်က ကျွန်ုပ်ကို ပြုံးပြကာ...

"ဒီက ဦးကြီး လူမှားနေပြီထင်တယ်၊ ကျုပ်က ဖိုးထောင် မဟုတ်ပါဘူး၊ ပြီးတော့ ကျုပ်မိန်းမကလည်း မြရွှေမဟုတ်ပါဘူး။ ကျုပ်က ကိုသုန်ပါ၊ ကျုပ်မိန်းမက ခင်ဆုံပါဗျာ၊ ဒါထက် ဒီက ဦးကြီးက ဒီရွာက မဟုတ်ဘူးထင်တယ်"

ကျွန်ုပ်လည်း အလွန်ပင် အံ့သြသွားမိလေတော့၏။ ကျုပ်တို့ ရွာက ဖိုးထောင်နဲ့ မြရွှေက ဒီရွာမှာ ကိုသုန်နဲ့ခင်ဆုံ ဖြစ်နေပါရော လားဟု ကျွန်ုပ်တွေးလိုက်မိကာ...

"သြော်...စိတ်မရှိပါနဲ့ကွယ်၊ ဦးကြီးက ဒီရွာကို မရောက် တာ တော်တော်လေးကြာသွားလို့ လူမှားသွားတာပါ"

"ဟာ ကိစ္စမရှိပါဘူး ဦးကြီးရဲ့၊ ဒါ စိတ်ဆိုးစရာမှ မဟုတ် တာ"

ပြောပြောဆိုဆို ကိုသုန်တို့လင်မယားနှစ်ယောက် ထွက်သွား တော့ရာ ကျွန်ုပ်လည်း ရွာလမ်းမကြီးအတိုင်း လျှောက်လာခဲ့လေ၏။ ကျွန်ုပ်သည် လျှို့ဝှက်ကြံစည်မှုများကို အမြဲလုပ်တတ်သူ ဖြစ်လေရာ ကျွန်ုပ်တွင် ခရီးသွားသော လွယ်အိတ်တစ်လုံး လွယ်လျက် ပါလာ လေ၏။ ကျွန်ုပ်၏ လွယ်အိတ်ထဲတွင် ခရီးသွားလျှင် သုံးရန် ပိုက်ဆံ များလည်း အဆင်သင့်ပါလာလေရာ ကျွန်ုပ်မှာ ဈေးတန်းဘက်သို့မှန်း၍





လျှောက်ခဲ့လေ၏။

ဈေးတန်းသို့ ရောက်သောအခါ လက်ဖက်ရည်ဆိုင်တစ်ဆိုင် အနီးတွင် မယောင်မလည်ရပ်၍ အကဲခတ်နေလိုက်၏။ ခဏကြာ သောအခါ လူတစ်ယောက်က ကျုပ်ရှေ့မှာပင် ဆိုင်ရှင်ကို ပိုက်ဆံ ထုတ်ရှင်းရာ ကျွန်ုပ်အံ့သြမိပြန်၏။ သူတို့သုံးသော ပိုက်ဆံမှာ ကျွန်ုပ်တို့ သုံးသော ပိုက်ဆံနှင့် အတူတူဖြစ်နေသဖြင့် ကျွန်ုပ်မှာ ဝမ်းသာမိကာ လက်ဖက်ရည်ဆိုင်ထဲသို့ ခပ်တည်တည်ပင် ဝင်၍ထိုင်လိုက်မိလေ၏။ ဆိုင်မှာ ဆိုင်းဘုတ်တော့တပ်မထားပေ။ သို့သော် ဆိုင်ထဲတွင် လက်ဖက်ရည်သောက်နေသူ ဆယ်ယောက်ကျော်လောက် ရှိလေ၏။

"လက်ဖက်ရည်တစ်ခွက်"

ကျွန်ုပ်က စားပွဲထိုးလေးကို ပြောလိုက်ရာ စားပွဲထိုးလေးက ဖျော်ဆရာထံမှ သွားယူ၍ပေးလေ၏။ ခဏနေသောအခါ...

"ဟာ"

ကျွန်ုပ် ယောင်၍အော်လိုက်မိပြန်၏။ ဆိုင်ထဲသို့ ဝင်လာ သောလူမှာ ကျွန်ုပ်တို့ရွာမှ ကိုဘဆန်း ဖြစ်နေလေရာ...

"ဟေ့လူ ကိုဘဆန်း"

ဟု ကျွန်ုပ်က နှုတ်ဆက်လိုက်ရာ ထိုသူက ကျွန်ုပ်ကို ကြောင် ၍ကြည့်နေပြီးလျှင်...

"ကျုပ် ကိုဘဆန်း မဟုတ်ပါဘူး"

ဟု ပြောရင်း ကျွန်ုပ်ထိုင်နေသော စားပွဲတွင် ဝင်၍ထိုင်

လိုက်လေ၏။

"ဟာ ကိုဘဆန်း မဟုတ်လည်း ထိုင်ပါဗျာ၊ လက်ဖက်ရည် သောက်ပါ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ထိုသူမှာ ပြုံး၍ ကျွန်ုပ်ကို နှုတ်ဆက်လေ၏။

"ကျုပ်နာမည်က ကိုထော်ပါ၊ ရွာဦးကျောင်းဆရာတော်ရဲ့ ကပ္ပိယပါဗျာ၊ နို့ ဒီကမိတ်ဆွေက ဘယ်ရွာက လာတာတုံး၊ အရင်က ဒီရွာမှာ မမြင်ဖူးပါဘူး"

"ဟုတ်တယ် ကိုထော်ရဲ့၊ ကျုပ်က ဧည့်သည်ပါ၊ ဒီရွာကို မရောက်တာ ကြာပါပြီဗျာ၊ ဒါထက် ဒီရွာက အရင်ထက်ပိုကြီး လာသလားလို့"

"ဟုတ်ပ၊ မိတ်ဆွေရေ၊ ရွာကအများကြီး ထပ်ချဲ့ထားတာဗျ ဒါထက် ဒီကမိတ်ဆွေရဲ့ နာမည်က"

"ဪ ဟုတ်သားပဲ၊ ကျုပ်နာမည်က ပန်းဦးပါ ကိုထော်"

"ဒါထက် ဟောဒီမိဖုရားရွာမှာ တည်းဖို့ခိုဖို့အသိ မိတ်ဆွေ များရော ရှိရဲ့လား ကိုပန်းဦးရဲ့"

ကပ္ပိယကိုထော် ပြောလိုက်သော ရွာနာမည်ကို ကျွန်ုပ်က အမှတ်မထင် မှတ်ထားလိုက်ရလေ၏။

"မရှိဘူး ကိုထော်ရဲ့၊ အရင်တစ်ခေါက် ရောက်တုန်းက ခင်ခဲ့တဲ့ မိတ်ဆွေရဲ့ နာမည်ကိုလည်း ကျုပ်က မေ့တေ့တေ့ ဖြစ်နေတာ





ရွာကြီးကလည်း ပုံစံပြောင်းသွားတော့ ကျုပ်မှာ ဘယ်လိုက်ရှာရမှန်းကို မသိအောင် ဖြစ်နေတာဗျို့။

ကျွန်ုပ်ဧည့်ခံသော လက်ဖက်ရည်ကို တဖူးဖူးမှုတ်ပြီး ကပ္ပိယ ကိုထော်က သောက်နေရင်းမှ...

"ဟာ...ကိုပန်းဦး၊ ဒီအတွက်တော့ မပူနဲ့ဗျ၊ ကျုပ် မိတ်ဆွေပါဆိုပြီး ဆရာတော့်ဆီမှာ လျှောက်ပေးမယ်၊ ကျုပ်တို့ ကျောင်းမှာပဲ တည်းဗျာ၊ ဆရာတော်ကလည်း အလွန်သဘောကောင်းတာဗျ၊ ကျောင်းဝင်းကြီးကလည်း ကျယ်လိုက်သမှ တိုက်ကျောင်းချည်း သုံးဆောင်ရှိတာဗျ၊ သံဃာက အားလုံးပေါင်းခုနစ်ပါးပဲရှိတယ်၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ နေလို့ရတာပေါ့ဗျာ။ ကိုပန်းဦး ပြန်ချင်တော့မှသာ ပြန်ပါ"

ကျွန်ုပ်လည်း ဝမ်းသာအားရနှင့် ကပ္ပိယ ကိုထော်နောက်သို့ လိုက်ခဲ့လေ၏။

ကိုထော်ပြောသလိုပင် ဆရာတော်က အလွန်သဘောကောင်းသည်ကို ကျွန်ုပ်တွေ့ရ၏။ ကျွန်ုပ်လည်း နေစရာ၊ စားစရာဘာမှ မပူရတော့သဖြင့် ဘုန်းကြီးကျောင်းတွင် စားလိုက်၊ ရွာထဲလျှောက်သွားလိုက်နှင့် အသိမိတ်ဆွေများလည်း တိုးပွားလာရာ ကျွန်ုပ်ကို သူတို့က တောင်တွေဟိုဘက်က လာတဲ့လူဟု အသိအမှတ်ပြုကြတော့၏။ သူတို့သည် ထိုတောင်တန်းကြီးများ၏ ဟိုဘက်ကို ရောက်ဖူးသူ တစ်ယောက်မှ မရှိကြပေ။ တောင်တန်း ကြီးများ၏ ဟိုဘက်ကို ရောက်ဖူးသူများ ယခင်က သူတို့ရွာတွင် ရှိခဲ့သော်လည်း ပြန်လာလျှင်

အဘိုးကြီးအိုများ ဖြစ်သွားကြလေရာ နောက်ထပ် မည်သူမျှ မသွားကြတော့ကြောင်း ပြောပြကြလေရာ ကျွန်ုပ်လည်းသူတို့ပြောသော တောင်တန်းကြီးများနှင့် တောင်တန်းကြီးများ၏ ဟိုဘက်ကရွာ ဆိုသည်မှာ မည်သည်ကို ဆိုလိုမှန်း သိကိုမသိနိုင်ခဲ့ပေ။

“ပြန်လာတော့ အဘိုးကြီးအိုတွေ ဖြစ်သွားတယ်ဆိုတော့ သူတို့က ဟိုမှာ အကြာကြီး နေခဲ့လို့လား”

“ဟာ…ဘယ်ဟုတ်ရမှာတုံးဗျာ၊ သူတို့သွားတာ တစ်နှစ်လောက်ပဲ ကြာတာ၊ ပြန်လာတော့ အဘိုးအိုကြီးတွေဖြစ်ပြီး သေကုန်ကြတာဗျ”

“ဟင်”

ကျွန်ုပ်လည်း ‘ဟင်’ ဟုသာ ပြောနိုင်ပြီး အခြားဘာကိုမှ မပြောနိုင်တော့ပေ။ သူတို့ပြောတဲ့ တောင်တန်းကြီးတွေရဲ့ ဟိုဘက်ကရွာတွေဆိုတာ ငါတို့ရွာတွေကို ပြောတာများလားဟု တွေးနေမိလေ၏။ ဤသို့ နေလာရင်းနှင့် ကျွန်ုပ် မိဖုရားရွာမှာ ရောက်နေသည်မှာ သုံးလပြည့်သွားလေတော့၏။

“ကိုပန်းဦးရေ၊ မနက်ဖြန်မှာ နေကြတ်လိမ့်မယ်ဗျ”

ကပ္ပိယ ကိုထော်က ကျွန်ုပ်ကို နေကြတ်မည့်အကြောင်း ကြောက်လန့်တကြားနှင့် ပြောပြလေ၏။ ကျွန်ုပ်၏စိတ်ထဲတွင် နေကြတ်သည်ကို ကြောက်စရာတစ်ခုလို ဖြစ်နေတာ ဘာကြောင့်ပါလိမ့်လို့ တွေးနေမိလေ၏။ နောက်တော့ ကျောင်းမှ ဆရာတော် သံဃာတော်များ





လည်းစုဝေးကြပြီး နေကြတ်ချိန်တွင် ရွတ်ဖတ်သရဇ္ဈာယ်ရမည့် ပါဠိတော်များကို ကြိုတင်တိုင်ပင်ကြလေရာ ကျွန်ုပ်မှာမည်သို့မျှ မနေနိုင်တော့ဘဲ ကပ္ပိယ ကိုထော်ကို မေးမိလေတော့၏။

“နေပါဦး ကိုထော်ရဲ့၊ မနက်ဖြန် နေကြတ်မှာကို ဆရာတော်ကအစ စိုးရိမ်နေတာ ဘာသဘောတုံးဗျ၊ ဘာများကြောက်စရာရှိကြလို့တုံး”

ကျွန်ုပ် မေးလိုက်သောအခါ ကိုထော်က ဘေးဘီကို အကဲခတ်သလို ကြည့်လိုက်ပြီးမှ အသံခပ်အုပ်အုပ်ဖြင့် ကျွန်ုပ်အား ပြောပြလေ၏။

“ကိုပန်းဦး ခင်ဗျားက တခြားကလာတဲ့ ဧည့်သည်ဆိုတော့ ဒီကိစ္စကို ဘယ်သိမှာတုံး၊ ဒီလိုဗျ၊ ကျုပ်တို့ဆီမှာက နေကြတ်တဲ့အချိန်ရောက်ရင် အင်မတန်မှ ကြောက်စရာကောင်းတဲ့ အကောင်ကြီးတွေ ရောက်လာကြတယ်ဗျ”

“ဗျာ…ဘယ်လိုဗျ ကိုထော်ရဲ့၊ အကောင်ကြီးတွေ ဟုတ်လား၊ ဘယ်လိုအကောင်ကြီးတွေတုံး”

ကျွန်ုပ်ကလည်း အံ့သြပြီး အလောတကြီး မေးလိုက်မိလေ၏။

“အရွယ်အစားက ထန်းပင်လောက်အရပ်ကြီးတွေနဲ့ ကိုယ်လုံးက အိမ်တစ်လုံးနီးပါးလောက် ရှိတာဗျ၊ ကြည့်လိုက်ရင် မည်းမည်းအရိပ်ကြီးတွေလို့ ထင်ရတယ်”

“ဟာ…ဟုတ်လားဗျ၊ ဘယ်က ရောက်လာတဲ့ အကောင်

ကြီးတွေတုံး ကိုထော်ရဲ့"

"အဲဒါတော့ ဘယ်သူမှ မသိကြဘူးဗျ၊ နေကြတ်တာနဲ့ အလိုလိုပေါ်လာတာပဲ ကိုပန်းဦးရဲ့၊ ပြီးရင် ရွာထဲမှာ တွေ့သမျှ နွားတွေ၊ ဆိတ်တွေကို ဆွဲပြီးစားတော့တာပဲဗျ။ အဲဒီအချိန်မှာ လူတွေ့ရင်လူကို စားသွားရောဗျို့၊ ဒီရွာမှာ လူလည်း အစားခံရဖူးတယ်ဗျ။ နေကြတ်မယ့်နေ့မှာ လူတွေက အိမ်တံခါးတွေ အလုံပိတ်ပြီး အသံမထွက်အောင် နေကြရတာဗျ၊ နွားတွေ ဆိတ်တွေ ကိုတော့ ရွာထဲမှာ ဒီအတိုင်း လွှတ်ပေးထားရတာ၊ စားချင်ရင် စားဆိုပြီး ကျွေးထားတဲ့သဘော ပေါ့ဗျာ၊ ဘာမှ မစားရရင် လူတွေကို မတွေ့တွေ့အောင်ရှာပြီး အန္တရာယ်ပေးမှာ စိုးလို့ဗျ"

"ဟာ…တော်တော်ဆိုးပါလားဗျာ၊ နေကြတ်တဲ့အချိန်ကြီးဟာ ခင်ဗျားတို့အတွက် ကြောက်စရာကြီးပဲဗျ"

"အဲဒါကြောင့် ကြောက်ကြတာပေါ့ ကိုပန်းဦးရဲ့၊ ဘုန်းကြီးကျောင်းတွေက သံဃာတွေကတော့ ကျောင်းတံခါးတွေပိတ်ပြီး ရွာသူရွာသားတွေ အန္တရာယ်ကင်းဖို့ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မေတ္တာပို့နေကြရတာပေါ့ဗျာ။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက အဲဒီ အကောင်ကြီးတွေဟာ ဘုန်းကြီးကျောင်းဝင်းတွေအထဲကို ဘယ်တော့မှမဝင်ဘူးဗျ၊ နွားနောက်ကို ပြေးလိုက်ပြီး ဖမ်းနေရာက ကျောင်းဝင်းထဲကို နွားဝင်သွားရင် ဆက်မလိုက်တော့ဘဲ လှည့်ပြန်သွားတာဗျ"

"ခင်ဗျားပြောတာနဲ့တင် ကျုပ်မှာ ကြောက်လှပါပြီ ကိုထော်





ရာ"

"နောက်တစ်ခု ရှိသေးတယ်ဗျ၊ အပြင်မှာ ဒီအကောင်ကြီးတွေနဲ့ ပက်ပင်းတိုးမိရင် သူတို့မျက်နှာကို ဘယ်တော့မှ မကြည့်ရဘူးဗျ၊ အောက်ကိုငုံ့ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိကို ဒုတိယမ္ပိ၊ တတိယမ္ပိ ခံရွတ်နေရတယ်ဗျ"

"ဟင် ဟုတ်လား၊ အဲဒါဆိုရင် ဘယ်လိုထူးတုံးဗျ ကိုထော်ရဲ့"

"ဟာ…အဲဒီလို ရွတ်ထားရင် ကိုယ်ပျောက်နေတာဗျ၊ လူကို သူတို့ မမြင်တော့ဘူး"

"ဟာ…ဒါဆိုရင် ဟန်ကျတာပဲ ကိုထော်ရေ၊ မနက်ဖြန် ရောက်ရင် ခင်ဗျားပြောတာကိုရွတ်ပြီး ကျုပ် ရွာထဲကို ထွက်မယ်၊ ဒီကောင်တွေကို ကျုပ် မြင်ဖူးအောင် ကြည့်ချင်တယ်ဗျာ"

"မဟုတ်တာ ကိုပန်းဦးရယ်၊ ဒီလောက်အန္တရာယ်များတဲ့ အချိန်မှာ ခင်ဗျားမို့လို့ ရွာထဲထွက်ချင်တယ်လို့ဗျာ"

"ကျုပ်က ဒီရွာကို ရောက်တုန်းရောက်ခိုက်မှာ အခုလို ထူးဆန်းတဲ့ အဖြစ်အပျက်ကြီးကို ကိုယ်တိုင်မြင်သွားချင်လို့ပါဗျ"

"အင်း…ခင်ဗျားပြောတာလည်း ဟုတ်တာပဲလေ၊ ဒါပေမဲ့ ခင်ဗျား လျှောက်လာမှုက အသက်နဲ့ရင်းပြီး လျှောက်လာရမှာနော် ကိုပန်းဦး"

"စိတ်ချပါဗျာ၊ ကျုပ်မှာ ခင်ဗျားပြောထားတဲ့ သရဏဂုံ သုံးပါးရွတ်တဲ့နည်းလည်း ရထားပြီပဲ"

"ဟာ…ကိုပန်းဦး၊ ဒါကလည်း ပါးစပ်ပြောကိစ္စတစ်ခု

နော်၊ ဘယ်သူမှ စမ်းသပ်ဖူးတာ မဟုတ်ဘူးဗျ"

"ဒါဆိုရင်လည်း ကျုပ်စမ်းမှာပေါ့ ကိုထော်ရာ"

"ကဲ..ဘယ်လိုမှ ပြောမရရင်လည်း မနက်ဖြန် ပွက်ပြီး လေ့လာဗျာ၊ ဒါပေမဲ့ သတိတော့ထားဗျို့၊ အခြေအနေမဟန်ရင် ပြေးသာပြေး ကိုပန်းဦး ကြားလား၊ ဟောဒီကျောင်းဝင်းထဲ အရောက်သာပြေး၊ ကျောင်းဝင်းထဲ ရောက်တာနဲ့ သူတို့ ဆက်မလိုက်တော့ဘူး"

ကျွန်ုပ်အပေါ်တွင် စိတ်ရင်းစေတနာရင်းဖြင့် သတိပေးပြောဆိုနေသော ကိုထော်ကိုကြည့်၍ ကျွန်ုပ်မှာ စိတ်ထဲတွင် မကောင်းဖြစ်ရလေ၏။ သို့သော် ကျွန်ုပ်မှာ ကျွန်ုပ်၏အိမ်သို့ပြန်ရန် သည်အခွင့်အရေးကို မည်သို့မျှ လက်လွှတ်၍ မရပေ။ နေကြတ်သည်မှာ မိနစ်ပိုင်းသာ ကြာမြင့်တတ်သည်ဖြစ်ရာ ကျွန်ုပ်မှာ မည်သို့မျှ နှောင့်နှေးကြန့်ကြာနေ၍မဖြစ်ပေ။

နောက်တစ်နေ့တွင် နံနက် ခုနစ်နာရီခန့်ကတည်းက ကျွန်ုပ်မှာ ကိုထော်ကို နှုတ်ဆက်ပြီး ဘုန်းကြီးကျောင်းမှ ထွက်ရလေ၏။ ဆရာတော်များမှာ ကျောင်းကြီးများကို တံခါးအလုံပိတ်ထားကြပြီဖြစ်၏။ ကိုထော်က ကျွန်ုပ်ကို တံခါးဖွင့်ပေးပြီး ချက်ချင်းပြန်ပိတ်လိုက်လေ၏။ ကျွန်ုပ် ရွာထဲသို့ ထွက်လာသည်ကို ဆရာတော်များ မသိလိုက်ကြပေ။

ကျွန်ုပ် ရွာထဲသို့ ရောက်သောအခါ ရွာလမ်းများပေါ်တွင် လူတစ်ယောက်မှ မရှိဘဲ နွားများ၊ ဆိတ်များသာ ရွာလမ်းပေါ်တွင်





လျှောက်သွားနေကြသည်ကို တွေ့ရလေ၏။ နွားများ၊ ဆိတ်များ ကားအမြဲတမ်း ကြိုးချည်ခံထားရသည့် သတ္တဝါများ ဖြစ်လေရာ ယခုကဲ့သို့ ကြိုးဖြုတ်၍ လွှတ်ပေးထားသောအခါ အလွန်ကျေနပ်ပျော်ရွှင်နေကြပုံရလေ၏။ တစ်ရွာလုံးအနှံ့ လျှောက်သွားနေကြသည်မှာ နေရာအနှံ့ဖြစ်နေသဖြင့် ကျွန်ုပ်မှာ မနည်းပင် ရှောင်ရှား၍ လျှောက်ခဲ့ရလေတော့၏။

ရွာထဲမှ အိမ်တိုင်းအားလုံး တံခါးများ အလုံအခြုံပိတ်ထားကြပြီး လူရိပ်လူယောင်ဟူ၍ တစ်ယောက်တလေမျှပင် မတွေ့ရတော့ပေ။ အသံလည်း လုံးဝမကြားရလေရာ ရွာကြီးတစ်ရွာလုံး လူတစ်ယောက်မျှမရှိတော့ဘဲ အခြားအရပ်ဒေသသို့ ရွာလုံးကျွတ်ပြောင်းရွှေ့သွား သကဲ့သို့ပင် ထင်ရလေ၏။

ကျွန်ုပ်လည်း ကျွန်ုပ် စတင်ရောက်ရှိခဲ့သော ညောင်ပင်ကြီးနှစ်ပင်ကို လိုက်၍ရှာဖွေရာ မျက်စိလည်နေသောကြောင့် အတော်လေးကြာအောင် ရှာလိုက်ရလေ၏။ ရွာကြီးတစ်ရွာလုံးတွင် နွားများ၊ ဆိတ်များနှင့် လူဆို၍ ကျွန်ုပ်တစ်ယောက်သာ ရှိလေတော့၏။ ကျွန်ုပ်လည်း ညောင်ပင်ကြီးအောက်တွင် ထိုင်နေရင်း ကောင်းကင်သို့ မကြာမကြာ မော့ကြည့်မိလေ၏။

"ဟော...နေကြတ်ပြီ"

ကျွန်ုပ်တစ်ယောက်တည်း ပြောလိုက်ခြင်းသာ ဖြစ်လေ၏။ နေလုံးကြီး၏ ထောင့်လေးတစ်ခုမှ စတင်၍ မည်းမည်းအကွင်းလေး

ပေါ်လာကာ တဖြည်းဖြည်း အမည်းရိပ်က ကြီးလာလေတော့၏။

"အူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ ဝူး"

"ဟာ…ဘာသံကြီးတွေပါလိမ့်"

ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားလေတော့၏။ ကျွန်ုပ်ကြားရသော အသံကြီးများမှာ ရွာပေါ်မှကျော်၍ ထွက်လာသော အသံကြီးများဖြစ်လေရာ ကပ္ပိယကိုထော် ပြောသော အရိပ်လို မည်းမည်းအကောင်ကြီးတွေ ပေါ်လာပြီဟု ကျွန်ုပ် သိလိုက်ရလေ၏။

"ဝမ်းဘဲ၊ ဝမ်းဘဲ၊ ဝမ်းဘဲ"

"ဝပ်ထရိန်း၊ ဝပ်ထရိန်း"

"ဝဲ၊ ဝဲ၊ ဝဲ၊ ဝဲ"

ရွာထဲမှ နွားများအော်သံ၊ ဆိတ်များအော်သံ၊ အလန့် တကြား ရုန်းကန်ထွက်ပြေးသံများကို ကျွန်ုပ်ကြားနေရလေရာ မွေးညင်းများ ပင်မကဘဲ ဆံပင်များပါ ထောင်ကုန်လေပြီဟု ကျွန်ုပ် ထင်မိလေတော့၏။

ကျွန်ုပ် ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်လေ၏။ နေလုံးကြီးကို အမှောင်တော်တော်ဖုံးနေလေပြီ။ ရွာပေါ်သို့ ကျနေသော နေရောင်လည်း ပျောက်သွားလေပြီ။ ရွာကြီးတစ်ခုလုံး မှုန်မှိုင်းမှိုင်း ဖြစ်သွားလေရာ ရွာထဲတွင်လည်း မည်းမည်းအကောင်ကြီးများ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြပြီဟု ကျွန်ုပ် တွေးလိုက်မိ၏။





"ဝပ်ထရိန်း၊ ဝပ်ထရိန်း၊ ဝပ်ထရိန်း"

"ဟာ"

ကျွန်ုပ်တွေးနေစဉ်မှာပင် ကျွန်ုပ်ရှေ့ရှိ ရွာ၏အစွန်ဆုံး လမ်းပေါ်တွင် နွားသိုးကြီးတစ်ကောင် အသက်လု၍ ပြေးလာသည်ကို တွေ့လိုက်ရလေ၏။ နွားဖြူကြီးမှာ အလွန်သန်မာသော သဏ္ဍာဝါဖြစ်၍ ဘို့ကြီးများပင် နောက်သို့ ကောက်ထွက်နေလေ၏။

"ဝပ်ထရိန်း၊ ဝပ်ထရိန်း"

အသက်လု၍ပြေးရင်း ပါးစပ်မှလည်း ကြောက်လန့်တကြား အော်ဟစ်နေသည်မှာ သနားဖို့ အလွန်ကောင်းလေ၏။ နွား၏နောက်သို့ ကြည့်လိုက်သောအခါ ထန်းပင်အမြင့်လောက် အရပ်ကြီးရှည်၍ ကိုယ်လုံးကြီးမှာ အိမ်တစ်လုံးအရွယ်လောက် ရှိသော မည်းမည်း အရိပ်ကြီးလိုလို အကောင်ကြီးတစ်ကောင် ပြေးလိုက်လာသည်ကို တွေ့ရလေ၏။

ကပ္ပိယကိုထော်က အဲဒီအကောင်ကြီးတွေကို တွေ့လျှင် မျက်နှာကို မကြည့်ရဘူးဆိုသော်လည်း ညောင်ပင်ကြီးကိုကွယ်ရင်း ကျွန်ုပ် ကြည့်လိုက်မိ၏။ မျက်လုံးကြီးများက လင်ကွင်းဝိုင်း လောက်ရှိပြီး ပါးစပ်ကြီးများက စပါးငါးဆယ်ဝင် ပုတ်တစ်လုံး၏ အဝလောက် ရှိသည်ကို ကျွန်ုပ် တွေ့ရလေ၏။ ပါးစပ်ထဲတွင် အစွယ်ကြီးများ ထွက်နေသည်မှာ ဝါးဘိုးလုံးခန့် ရှိသည်ကိုတွေ့ရလေသည်။ ပါးစပ်ထဲမှ တွဲလောင်းကျနေသော လျှာအနီကြီးမှာ သင်ဖြူးဖျာတစ်ချပ် ဖြန့်ချထားသကဲ့သို့ တွဲလောင်းကြီး ကျနေလေ၏။

"ဝပ်ထရိန်း"

ကျွန်ုပ်ကြည့်နေတုန်းမှာပင် ရှည်လျားသော လက်တံ ဆန့်ထွက်လာပြီး ရှေ့မှပြေးနေသည့် နွားဖြူကြီးကို ဖမ်းယူလိုက် တော့၏။ နွားဖြူကြီးမှာ ထိုသတ္တဝါကြီး၏ လက်ထဲတွင် ယက် ယက်ကန်နှင့် ပါသွားလေ၏။

"အီး၊ အီး၊ အီး"

အစာကို ဖမ်းမိသွားသော မည်းမည်းအကောင်ကြီးက အ ဝမ်းသာ တစ်ချက်အော်လိုက်ကာ နွားဖြူကြီးကို အရှင်လတ် ကိုက်စားလေတော့၏။

ကျွန်ုပ် ကြောက်လွန်း၍ ဒူးများ တဆတ်ဆတ်တုန်နေ တော့၏။ သည်တော့မှ ကိုထော်ပြောသော သရဏဂုံကို ရွ သတိရသွားပြီး အဆက်မပြတ် ရွတ်မိလေတော့၏။ ကောင်းက မော့ကြည့်လိုက်သောအခါ နေလုံးကြီးတစ်ခုလုံး အမှောင်ဖုံးနေ ညောင်ပင်နှစ်ပင်အောက်သို့ လှည့်၍ကြည့်လိုက်သောအခါ မှန်ချ တစ်ချပ် ထောင်ထားသကဲ့သို့ အလင်းကွက်ကြီးတစ်ခု ပေါ်နေသ ကျွန်ုပ် သေသေချာချာ တွေ့လိုက်ရလေရာ သရဏဂုံကို မပြတ် နေရင်းမှ ထိုအလင်းကွက် ဆီသို့ အရောက်သွား၍ ပထမခြေ တစ်ဖက် လှမ်းဝင်လိုက်လေ၏။ ပြီးမှ ကျွန်ုပ်၏ တစ်ကိုယ်လုံ ထိုးဝင်လိုက်လေတော့၏။

"ဟာ...အိမ်ပြန်ရောက်ပြီ"





ကျွန်ုပ်၏ ပါးစပ်မှ ယောင်၍ပြောလိုက်မိခြင်း ဖြစ်လေ၏။ ကျွန်ုပ် မှော်ဝင်ကြေးမုံမှန်ကြီးရှေ့တွင် လွယ်အိတ်ကြီးလွယ်၍ ရပ်နေ လျက်သား ရှေးဟောင်းပစ္စည်းများထားသော အခန်းကြီးထဲသို့ ပြန်၍ ရောက်ခဲ့လေ၏။

ကျွန်ုပ်လည်း နောက်သို့လှည့်၍ မှန်ချပ်ကြီးကို ကြည့် လိုက် သော်လည်း မှန်ထဲတွင် ဘာကိုမျှမတွေ့ရပေ။ သည်တော့မှ ကျွန်ုပ် သဘောပေါက်သွားလေတော့၏။

"သြော်...နေက ဟိုမှာကြတ်တာပဲ၊ ဒီမှာကြတ်တာမှ မဟုတ်တာ၊ ဒီမှာကြတ်မှ မှန်ထဲမှာ ရှာကြီးပေါ်မှာပေါ့"

ဟူ၍ စိတ်ထဲမှပြောရင်း မှန်သေတ္တာ၏ တံခါးကို ခပ်မြန် မြန်ပိတ်လိုက်၍ ရှေးဟောင်းပစ္စည်းထားသော အခန်းကြီးထဲမှ အပြင်သို့ ထွက်လိုက်ကာ လှေကားမှအောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

ကျွန်ုပ်ဆင်းလာသည်ကို မြင်လိုက်ကြရသော ကျွန်ုပ်၏ ဇနီး နှင့် ဆွေမျိုးများက ကျွန်ုပ်ကို သရဲတစ္ဆေတစ်ကောင်သဖွယ် အလန့် တကြား ဝိုင်း၍ကြည့်နေကြလေ၏။ အချို့လည်း ထပြေးတော့မလို လုပ်ကြ၏။ အချို့က ကျွန်ုပ်အား လက်ညှိုးကြီးထိုးကာ

"ဟိုမှာ...ဟိုမှာ"

ဟုသာ ပြောနိုင်ပြီး မူးသလို၊ မေ့သလို ဖြစ်သွားကြလေ၏။ အချို့မှာ ဣတိပိသောကို ကျယ်ကျယ်ရွတ်၏။

"ဟဲ့...ဘာဖြစ်နေကြတာတုံး"

ဟု ကျွန်ုပ်က အသံမာမာနှင့် အော်၍ မေးလိုက်တော့မှ အားလုံးငြိမ်သွားကြကာ ကျွန်ုပ် ဘယ်သွားနေတာတုံးဟု ဝိုင်း၍ မေးကြတော့၏။

ကျွန်ုပ် မော်ဝင်ကြေးမုံမှန်ကြီးထဲမှ ဝင်သွားကာ မိဖုရားရွာတွင် နေခဲ့သည့်အချိန်မှာ သုံးလအတိသာကြာသော်လည်း ကျွန်ုပ်ကို ကျွန်ုပ်၏ ဇနီးနှင့် ဆွေမျိုးများက ပြောကြသည်မှာ ကျွန်ုပ် အိမ်မှပျောက်သွားသည်မှာ သုံးနှစ်တိတိ ကြာသွားပြီဟူ၍ ဖြစ်တော့၏။

ကျွန်ုပ်လည်း အလွန်အံ့သြမိရလေ၏။ သို့သော် ကျွန်ုပ်၏ မော်ဝင်ကြေးမုံ မှန်သေတ္တာကြီးအကြောင်းနှင့် ကျွန်ုပ်ရောက်ခဲ့သော မိဖုရားရွာအကြောင်းကိုမူ စိုးစဉ်းမျှပင် ပြောပြ၍မဖြစ်နိုင်ကြောင်း တွေးမိသဖြင့် ဘယ်သူမေးမေး ကျွန်ုပ်က ဘူးခံ၍သာ နေရလေတော့၏။

ကျွန်ုပ်၏ ဇနီးမေးသည်ကိုပင် ကျွန်ုပ် မဖြေခဲ့ပေ။ မည်သို့ မေးမေး ကျွန်ုပ်က မဖြေသောအခါ သူတို့လည်း တဖြည်းဖြည်းနှင့် လက်လျှော့သွားကြလေတော့၏။ ကျွန်ုပ် ပျောက်ဆုံးသွားခဲ့သော အကြောင်းကို မေးမည့်သူပင် တဖြည်းဖြည်း မရှိတော့ပေ။

ကျွန်ုပ်၏သား မောင်ကျောက်နီ အရွယ်ရောက်လာသောအခါ မဝိုင်းကြည်ဟု အမည်ရသော မိန်းကလေးနှင့် နေရာချပေးလိုက်ကာ ချွေးမမဝိုင်းကြည်မှ မွေးလာသော အမွှာပူးမြေးကလေးများဖြစ်သည့် မောင်ချစ်အေး၊ မောင်ချစ်ထွေးကလေးတို့ကို ထိန်းကျောင်းရင်း ကျွန်ုပ် ပျော်ရွှင်စွာနေထိုင်လျက်ရှိပေတော့၏။





ကျွန်ုပ်၏ မှတ်တမ်းတွင် ဖော်ပြထားသော ကြေးပုရပိုက်ကလေးပေါ်မှ မော်ဝင်ကြေးမုံဝှက်စာကို ဖော်နိုင်ခဲ့သူရှိခဲ့သော် ကျွန်ုပ်ကဲ့သို့ပင် မိဖုရားရွာသို့ အလည်အပတ် သွားရောက်နိုင်ပေလိမ့်မည်။

သို့သော် အန္တရာယ်များလှသည်ကိုတော့ သတိချပ်စေချင်ပါ၏။

**မော်ဝင်ကြေးမုံပိုင်ရှင်**
**ဘိုးပန်းဦး**

× × ×

ဘိုးပန်းဦး ရေးခဲ့တဲ့ ခရီးသွားမှတ်တမ်းကြီးကို ကျုပ် အစအဆုံး ဖတ်ပြီးသွားပြီဗျ။ ဘိုးပန်းဦး ဆိုတဲ့ လူထူးလူဆန်းကြီး ကို ကျုပ် တော်တော်လေးစားသွားတယ်ဗျာ။ ကျုပ် စပ်စုတယ် ဆိုတာက ဘိုးပန်းဦး စပ်စုတာနဲ့ ယှဉ်လိုက်ရင် အသေးအမွှားပဲဗျ။

ကျုပ် ကိုချစ်အေးတို့အိမ်က မှန်သေတ္တာကြီးကို တော်တော်စိတ်ဝင်စားသွားတယ်။ ပြီးတော့ ဘိုးပန်းဦးရဲ့ မှတ်တမ်းထဲကကြေးပုရပိုက်ဝှက်စာကိုလည်း တော်တော်စိတ်ဝင်စားသွားတယ်။ စာအုပ်ကို ပြန်လှန်ပြီး ပုရပိုက်ဝှက်စာတွေကို ကျုပ် ချက်ချင်းပြန်ဖတ်လိုက်မိတယ်။

ဒါပေမဲ့ ကျုပ် ဘာမှနားမလည်ဘူးဗျ။ နောက်တစ်ခေါက် ထပ်ဖတ်ကြည့်တယ်။ ဘာမှသိမလာဘူး။ နောက်တစ်ခေါက်၊ နောက်

တစ်ခေါက်၊ နောက်တစ်ခေါက်။

အခေါက်ပေါင်း ဘယ်လောက်ဖတ်မိမှန်းကို ကျုပ် မသိတော့ပါဘူးဗျာ။ ဖတ်ရင်းတွေးရင်းနဲ့ ခေါင်းတွေနောက်လာတာပဲ သိတော့တယ်ဗျို့။

ဒါပေမဲ့ တာတေဆိုတဲ့ ကျုပ်က ဒါမျိုးကို ဘယ်တော့မှ အလျှော့ပေးမယ့်လူ မဟုတ်ဘူးဗျ။ ဒီဝှက်စာကို မရရအောင် ဖော်မယ်လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

ဒီကြားထဲ ကိုချစ်အေးဆီကိုလည်း ကျုပ် မကြာမကြာ ရောက်တယ်။ ဘိုးပန်းဦးရဲ့ ရှေးဟောင်းပစ္စည်းခန်းကြီးထဲကိုလည်း ကျုပ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်ခွင့်ပေးထားတယ်လေဗျာ။ ဘတွေး ဦးကျောက်နီရော၊ အစိုးပိုင်းကြည်ရောက ကျုပ် ကိုချစ်တွေးကို ရှာဖို့ ကြိုးစားနေတာကိုသိတော့ ကျုပ် ဘာလုပ်လုပ် ခွင့်ပြုတယ်ဗျ။

ကျုပ်က ဘိုးပန်းဦးရဲ့ မှတ်တမ်းထဲက ပခန်းကိုကြီးကျော် ကိုင်ခဲ့တဲ့ ဓားဆိုတာကိုလည်း တိတ်တိတ်ကလေး သွေးတိုက်ကြည့်တယ်။ ဓားဂါ သွေးမသောက်တော့ဘူးဗျ။ ဓားမှာကပ်နေတဲ့ ဝိညာဉ် ခွာသွားပြီထင်တယ်။ မဟာရာဂျာရဲ့ ကြေးလင်ဗန်းထဲကို လည်း နွားနို့ထည့်ပြီး တိုက်ကြည့်တယ်၊ မသောက်တော့ဘူးဗျ။ ဘိုးပန်းဦး မရှိကတည်းက ဝိညာဉ်ခွာသွားပြီ ထင်ပါရဲ့ဗျာ။

ကျုပ်ကတော့ ရှေးဟောင်းပစ္စည်းခန်းကြီးထဲဝင်ပြီး စပ်စပ်စုစု တွေ အကုန်လှပ်ကြည့်နေတာဗျ။ ဒါပေမဲ့ ထူးဆန်းတာတော့ ဘာမှ





ွေ့ရသေးပါဘူးဗျာ။ မှော်ဝင်ကြေးမုံကိုလည်း ကျုပ် မကြာ မကြာ ွာအဖုံး ဖွင့်ကြည့်တယ်။

ဒီထဲကို ကိုချစ်တွေး ဝင်သွားတယ်ဆိုတာ ကျုပ် တစ်ယောက် ထားတာဗျ။ ခုလောက်ရှိရင် ကိုချစ်တွေး မိဖုရားရွာမှာ လျှောက်ပြီး ပတ်နေမှာပေါ့ဗျာ။

မှော်ဝင်ကြေးမုံရဲ့ ဝှက်စာကို သူဖော်လို့ ရသွားလို့သာ မှန်ထဲ င်သွားတာပေါ့ဗျာ။ ဒါဆိုရင် ပြန်လာဖို့နည်းကိုလည်း ကိုချစ်တွေး ာက်ပါတယ်။

ကျုပ်လည်း နေ့ရော ညရော ဝှက်စာဖော်တာပဲဗျ။ ဒါပေမဲ့ လိုမှကို မဖော်မရတာ။ တခြားသူတွေနဲ့ တိုင်ပင်ဖို့ ဆိုတာကလည်း လို့မှ မဖြစ်နိုင်ဘူးဗျ။ တိုင်ပင်ဖို့နေနေသာသာ ဘိုးပန်းဦးရဲ့ မှတ်တမ်း ာင် တခြားသူတစ်ယောက်ကို ပြလို့မဖြစ်ဘူးလေဗျာ။

ဘိုးပန်းဦး တစ်သက်လုံး လျှို့ဝှက်သွားတဲ့ကိစ္စကို ကျုပ် ့ ဘယ်ဖြစ်မှာတုံး။ ဒီတော့လည်း ကျုပ်တစ်ယောက်တည်း ပြီး ရှာရတော့တာပေါ့ဗျာ။

ကျုပ် ဝှက်စာဖော်နေတာ ခြောက်လမကတော့ဘူးဗျ။ ခုထိ နတောင် မပေါ်သေးဘူး။ ကိုချစ်တွေး ပျောက်သွားတာလည်း က်လကျော်ပြီပေါ့ဗျာ။ ကိုချစ်တွေးသတင်းကိုလည်း ခုထိ အစအန င် မရသေးဘူးဗျ။ ဘန့်တွေးကုန်းသားတွေကတစ်ဆင့် ကိုချစ်တွေး က်သွားတဲ့သတင်းကို ထနောင်းကုန်း၊ မီးလောင်ကုန်းအထိပါ

ပုံနေပြီဗျို့။

ကြာလာတော့ လူတွေက ကိုချစ်ထွေးကို 'ဘမျိုးဘိုးဘူ ကိုချစ်ထွေး' လို့တောင် နာမည်ပေးထားကြပြီဗျ။

"သူ့အဘိုး ဘိုးပန်းဦးတုန်းက သုံးနှစ်ပျောက်သွားတယ်၊ ချစ်ထွေးကတော့ ဘယ်နှနှစ် ပျောက်မယ်မသိဘူး"

လို့ ပြောတဲ့သူက ပြောကြတာပေါ့ဗျာ။

ကျုပ်တို့ ထနောင်းကုန်းသားတွေလည်း လူလေးစုမိရင် ဒီအကြောင်းပဲ ပြောနေကြတာဗျို့။ ကိုချစ်ထွေး ပျောက်သွားတော့မှ ဘိုးပန်းဦးဇာတ်လမ်းကလည်း တစ်စခန်းထလာတော့တာပေါ့ဗျာ။

"အလကားပါအေ၊ ဘိုးပန်းဦးကြီးက တစ်ရပ်တကျေးမှာ အိမ်ထောင်တွေ ဘာတွေကျနေလို့ ရှိမှာပါတော်၊ နောက်မှ မယားငယ်နဲ့ကွဲပြီး ပြန်လာတာ ရှိမှာပါ၊ အဲဒါကို သူ့အမျိုးတွေက ဖုံးဖိပြီး ပြောကြတာနေမှာပါ၊ အိမ်ပေါ်ထပ်ကပဲ ပြန်ဆင်းလာသလို ဘာလိုလိုနဲ့ ယုတ္တိမရှိတာတွေ လျှောက်ပြောကြတာပါ"

လူတွေများ အဲဒီအတိုင်းပဲဗျ။ နေရင်းထိုင်ရင်း ဘိုးပန်းဦးက မယားရနေသေးတော့တယ်ဗျာ။ ဒီကိစ္စတွေကို အမှန်အတိုင်း သိတာက ကျုပ်ပဲ ရှိတာဗျ။ အဲ...ကျုပ်တစ်ယောက်တည်းတော့ မဟုတ်ဘူး ပေါ့ဗျာ။ ကိုချစ်ထွေးလည်း သိတာပေါ့။ သိလို့တောင် မိဖုရားရှာ ရောက်နေပြီပဲ။

ဩော်...မဟုတ်သေးဘူးဗျ။ ကျုပ်ရယ်၊ ကိုချစ်ထွေးရယ်





သိသလို ခင်ဗျားလည်း သိတာပဲပေါ့ဗျ။ ခင်ဗျားလည်း ဘိုးပန်းဦး ရဲ့ မှတ်တမ်းကို ဖတ်ပြီးသွားပြီလေဗျာ။

ကျုပ်လည်း ဒီလူတွေကို အဖြစ်မှန်တွေ ဘယ်ပြောပြရဲပါ့ မလဲဗျာ။ ကျုပ်ပြောလိုက်ရင် ယုံကြမှာလည်း မဟုတ်ဘူးဗျ။ တကယ် လို့ တချို့တလေက ယုံတယ်ဆိုရင်လည်း ကိုချစ်အေးတို့ အိမ်သွားပြီး မှော်ဝင်ကြေးမုံကို ကြည့်ပါရစေလို့ ပူဆာနေကြတော့ မှာပေါ့ဗျာ။

ကျုပ်က ဒီကိစ္စကို ဘယ်သူ့မှမပြောပေမဲ့ မဖဲဝါကိုတော့ ဝှက်စာကိစ္စ မေးဖူးတယ်ဗျ။ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးက တစ်ဆင့် ကျုပ်မေးတာလေဗျာ။ ထူးထူးဆန်းဆန်းပဲဗျ။ ခါတိုင်း ကျုပ် ဘာမေးမေး ပြောပြပေးတဲ့ မဖဲဝါက ဒီကိစ္စနဲ့ ပတ်သက်ပြီး တော့ ကျုပ်ကို ဘာတုံ့ပြန်မှု မပေးခဲ့ဘူးဗျ။ သူနဲ့ လုံးဝမသက် ဆိုင်တဲ့ကိစ္စမို့လို့ နေမှာပေါ့ဗျာ။

ကျုပ်လည်း ကျုပ်တစ်ယောက်တည်းပဲ ကြိတ်ပြီးဖော် လိုက်တာ ကိုချစ်ထွေး ပျောက်သွားပြီး ဆယ်လကြာတဲ့အချိန်မှာ ဝှက်စာကို ကျုပ် ကောင်းကောင်းဖော်နိုင်သွားရောဗျို့။

ကျုပ် ဝှက်စာကို ကြည့်ရင်းနဲ့ တဖြည်းဖြည်းသဘောပေါက် လာတယ်ဗျ။ ဝှက်စာမှာ သရတွေချည်း ရေးထားတာကို သတိထား မိသွားတယ်။ ဗျည်းဆိုလို့ တစ်လုံးမှ မပါဘူးလေဗျာ။ ဒါနဲ့ ဝှက်ထား တာ ဗျည်းတွေပဲဆိုတာ ကျုပ် သိသွားတယ်။ ခင်ဗျား စဉ်းစားကြည့် လေ၊ ဗျည်းက သုံးဆယ့်သုံးလုံးရှိတာမို့လား၊ ကျုပ် ဘယ်နေရာမှာ ဘယ်ဗျည်းကို ထည့်ရမှာတုံးဆိုတာ ကြံစည် လို့မရအောင် ဖြစ်သွား

တာဗျ။

နောက်တော့ ကြာချင်သလောက် ကြာပါစေတော့၊ တစ်နေရာမှာ ဗျည်းသုံးဆယ့်သုံးလုံးထည့်ပြီး ရေးမယ်လို့တွေးပြီး ရေးတော့တာပေါ့ဗျာ။ ပထမဆုံး ဝဂ်စာ စာလုံးနေရာမှာဆိုရင်-

'ကေ၊ ခေ၊ ဂေ၊ ငေ၊ စေ၊ ဆေ၊ ဇေ၊ ဈေ၊ ညေ' ဆိုပြီး အ အထိ ရေးလိုက်တယ်ဗျ။

ဒုတိယဝဂ်စာ စကားလုံးနေရာမှာလည်း ဗျည်းတွေ အကုန်ထိုး ရေးကြည့်လိုက်တယ်။

'ကြ၊ ခြ၊ ဂြ၊ ငြ၊ စြ၊ ခြာ၊ ဇြ' ဆိုပြီး ရေးလိုက်တယ်။ အသတ်စာလုံးကိုလည်း 'က်၊ ခ်၊ ဂ်၊ ည်၊ စ်၊ တ်၊ ပ်' တွေ ရေးကြည့်လိုက်တယ်။

တတိယစာလုံးနေရာမှာလည်း ဗျည်းတွေ ထည့်ရေးတယ်။ အသတ်တွေနေရာမှာလည်း ဗျည်းတွေ လိုက်ထည့်ရေးတယ်။ ပြီးတော့မှ စာလုံးတွေ လိုက်တွဲဖတ်ကြည့်ရတာပေါ့ဗျာ။ တကယ်ကို လနဲ့ချီပြီး လုပ်ရတာပါဗျာ။

ကိုချစ်ထွေးကတော့ ဘယ်လိုလုပ်ပြီး ဖော်သွားတုန်း မပြောတတ်ဘူးဗျ။ ကျုပ်ကတော့ တော်တော်ရှာယူခဲ့ရတာ။ နောက်ဆုံးတော့ တွေ့တော့တာပေါ့ဗျာ။ ကျုပ်က ဘယ်တော့မှ ဖွဲလျှော့တဲ့ကောင် မဟုတ်ဘူးလေ။





**မှော်ဝင်ကြေးမုံ**

**နေကြတ်စဥ်မှာ၊ ဝင်လိုက်ပါ**
**ထူးဆန်းတဲ့ရွာ၊ ရောက်သွားမှာ။**
**နေကြတ်စဥ်မှာ၊ ပြန်ထွက်ပါ**
**ရောက်တဲ့နေရာ၊ မှတ်ထားပါ။**

တစ်ခုတော့ ရှိတာပေါ့လေ။ ဘိုးပန်းဦး ပြန်လာတော့ မိဖုရား
ာ နေကြတ်တဲ့အချိန်မှာ အမိအရ ပြန်လာခဲ့တာကို ဖတ်ရတော့
ကြတ်တာနဲ့တွေ့ပြီး ဖော်ခဲ့ရတာပေါ့ဗျာ။ ကိုယ်စပြီး ရောက်တဲ့နေရာကို
သေချာချာ မှတ်ထားဖို့ လိုတယ်ဗျ။ အဲဒီနေရာကနေ ပြန်ထွက်
။ ဒီမှာ နေကြတ်တဲ့အချိန် မှန်ထဲကိုဝင်ရမှာဗျ။ ဟိုမှာ နေကြတ်တဲ့
ဟိုဘက်က ပြန်ထွက်ရမှာပေါ့ဗျာ။

ကျုပ်က အမေနဲ့ အဘကို ကြိုပြီးပြောထားရသေးတာဗျ။
ချစ်ထွေးကို လိုက်ခေါ်ဖို့ သတင်းစုံစမ်းနေတဲ့အကြောင်း၊ အခုတော့
တင်းရလာပြီလို့ ပြောရတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ် အမေက
ျုပ်ကို ပြောသေးတာဗျ။

"ဟဲ့…တာတေရဲ့၊ ချစ်ထွေးက အသက်နှစ်ဆယ်လောက်
ပြီပဲဟာ၊ ဒီရွာကို မပြန်တတ်လို့ နင်က လိုက်ခေါ်ပေးရမှာလား"

ကျုပ် အမေ့ကို ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။

"ဒီလို အမေရ၊ ကိုချစ်ထွေးကို ပညာသယ်တွေ ဖမ်းပြုထားပုံရတယ်၊ ကျုပ်က အခု သတင်းစုံစမ်းနေတာ၊ သတင်းအတိအကျရရင် ကျုပ် ဆရာကြီးတစ်ယောက်ယောက်ကို အကျိုးအကြောင်းပြောပြီး သွားကယ်ရမှာဗျ"

"ဩော်…ဒီလိုလား၊ မသိပါဘူးတော်၊ ငါက ချစ်ထွေးရွာမပြန်တတ်လို့ နင်က လိုက်ခေါ်ရမှာလားလို့ပါ"

ပြီးတော့ အမေက ကျုပ်ကို ဆက်ပြီးပြောသေးတာဗျ။

"နင်လည်း အဲဒါတွေ သိပ်လုပ်တာနော် တာတေ၊ သတိဝီရိယလည်း ထားဦး၊ စုန်းတွေ၊ ကဝေတွေက နင့်ကို လုပ်လွှတ်လိုက်လို့ ရွာကို ရူးပြီး ပြန်လာရဦးမယ်"

"စိတ်ချပါ အမေရာ၊ ကျုပ်မှာ ဆရာကြီးတွေရှိပါတယ်၊ ကျုပ်က ဆရာကြီးတွေကို ကူဖော်လောင်ဖက်လုပ်ဖို့ လိုက်လိုက်သွားတာပါဗျ"

ကျုပ် သိပ်မစောင့်လိုက်ရဘူးဗျ။ ဝှက်စာပေါ်သွားပြီး နှစ်လပဲကြာတယ်။ နေကြတ်ရောဗျို့။

ကျုပ်တို့ဆီမှာ နေကြတ်တာကတော့ ဘယ်သူက စိတ်ဝင်စားမှာတုံးဗျာ။ ကလေးတွေပဲ မှန်ချပ်ကလေးတွေမှာ မီးခွက်မှိုင်းခံပြီး ကြည့်ကြတာလေ။





ကျုပ်က နေမကြတ်ခင်နေ့မှာ ကိုချစ်အေးကို အားလုံးဖွင့်ပြောပြလိုက်တယ်။ အဲဒီညနေက ဘန်တွေးကုန်းသွားပြီး ကိုချစ်အေးကို ထန်းတောဘက် ခေါ်ခဲ့တယ်။ ထန်းရည်သောက်ရင်း ကျုပ်က အကြောင်းစုံ ပြောပြလိုက်တယ်။

ကျုပ်ပြောပြတဲ့ သူ့အဘိုး ဘိုးပန်းဦးကြီးရဲ့ မှတ်တမ်းအကြောင်းကိုကြားတော့ ကိုချစ်အေး တော်တော်ကို အံ့သြတုန်လှုပ်သွားတာဗျ။

"တာတေရယ်၊ ငါတို့အိမ်မှာကလည်း စာတွေပေတွေဖတ်တာဆိုလို့ ချစ်ထွေးတစ်ယောက်ပဲ ရှိတာကွ၊ ငါကိုယ်တိုင်ကလည်း ဘာစာမှ ဖတ်တာမဟုတ်ဘူး၊ အဲဒီစာအုပ်ဘီရိုကို ဖွင့်ကြည့်ရမှန်းတောင် ငါတို့အိမ်သားတွေက သိတာမဟုတ်ဘူးကွ"

ဟုတ်တယ် ကိုချစ်အေး၊ အဲဒါကြောင့် ကိုချစ်အေး မသိတာ"

"ငါတို့အိမ်ကြီးထဲမှာ ဒီလောက်ထူးဆန်းတဲ့ ပစ္စည်းတွေရှိနေတာကို ငါ အခုမှပဲ သိတော့တယ် တာတေရာ၊ ဒါထက် မင်း ဘယ်လိုလုပ်မယ် စိတ်ကူးတုံး"

"ဟာ…ဘယ်လိုလုပ်ရမှာတုံး ကိုကြီးချစ်အေးရ၊ ကိုချစ်ထွေးနောက်ကို ကျုပ်လိုက်သွားပြီး ပြန်ခေါ်ခဲ့ရမှာပေါ့ဗျ"

"မဟုတ်သေးဘူး တာတေရ၊ ဘိုးပန်းဦးတုန်းက ဝင်လည်း ဝင်တတ်တယ်၊ ထွက်လည်း ထွက်တတ်တယ်၊ ဒီကောင် ချစ်ထွေးက အဝင်ပဲတတ်ပြီး ပြန်အထွက် မတတ်လို့လားကွာ"

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူးဗျ၊ ဟိုမှာ နေကြတ် မရောက်သေးလို့ စောင့်နေတာ ဖြစ်မှာပေါ့ဗျ"

ကျုပ်ပြောတော့ ကိုချစ်အေးက ခေါင်းညိတ်တယ်။

"ဒါဆိုရင် ချစ်ထွေးနောက်ကို မင်း ဘယ်တော့လိုက်မှာ တာတေ"

"မနက်ဖြန်လေ ကိုကြီးချစ်အေး၊ မနက်ဖြန် နေကြ လိမ့်မယ်"

"ဟေ…မနက်ဖြန် ဟုတ်လား"

"ကိုကြီးချစ်အေးပါ လိုက်ခဲ့ပါလား"

ကျုပ်က ကိုချစ်အေး ကြောက်တတ်မှန်းသိလို့ တမင်စလို တာပါဗျာ။

"ဟာ…မလိုက်ပါဘူးကွာ၊ မင်းပြောတာ နားထောင် တာနဲ့တင် ငါ တော်တော်ကြောက်နေတာပါ တာတေရာ၊ အေး မင်းကို မလိုက်ဖို့ပြောလည်း မင်းက ရမယ့်ကောင် မဟုတ်ဘူးဆို ငါသိပါတယ်၊ ဒီလောက်မထူးဆန်းတဲ့ ကိစ္စတွေမှာတောင် မင်း စပ်စုချင်တဲ့ကောင်လေ၊ ဒီလောက်ထူးဆန်းတဲ့ကိစ္စမျိုးကို မင်း ဘယ် လက်လွှတ်မှာတုံး တာတေရာ"

"ဟုတ်တယ် ကိုကြီးချစ်အေး၊ ကျုပ် ဒီမှန်ထဲကို အခုတော် ဝင်လို့ရရင် ပြေးဝင်လိုက်ချင်သေးတယ်ဗျာ"

"ငါ ယုံပါတယ်ကွာ၊ မနက်ဖြန် မင်းသွားရင် ဟိုမှာ မင်း





ချစ်ထွေးသုံးဖို့ ငါ ငွေတွေလည်းပေးလိုက်မယ်၊ ချစ်ထွေးမှာ ငွေရောပါသွားရဲ့လား မသိပါဘူးကွာ"

"ဟာ ပါမှာပါဗျာ၊ သူလည်း ဘိုးဖန်းဦးမှတ်တမ်း ဖတ်ပြီးမှ သွားတာပဲ၊ ယူသွားမှာပါ၊ ဒါပေမဲ့ ကျုပ် ဒီလိုလုပ်တာတွေ၊ ကိုချစ်ထွေး လုပ်တာတွေကို ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူးနော် ကိုချစ်အေး၊ ဒီသတင်းပွသွားရင် ခင်ဗျားတို့အိမ်ကို လူတွေအုံလာကြလိမ့်မယ်"

"ငါသိတယ် တာတေ၊ စိတ်ချ၊ ငါဘယ်သူ့ကိုမှ မပြောဘူး"

နောက်နေ့ရောက်တော့ ကျုပ် အဘနဲ့ အမေ့ကို နှုတ်ဆက်ပြီး ဘန့်ဘွေးကုန်းကို ထွက်လာခဲ့တယ်။ ကျုပ် မှာထားတဲ့အတိုင်း ကိုချစ်အေးက အသင့်စောင့်နေတယ်။ ကျုပ်ကို လွယ်အိတ်တစ်လုံး ဆီးပေးတယ်။ ကျုပ်က အိမ်ကယူလာတဲ့ အဝတ်အစားတစ်စုံကို လွယ်အိတ်ထဲ ထည့်လိုက်တော့ ကိုချစ်အေးက ကျုပ်သုံးဖို့ ငွေစက္ကူ တစ်ထပ်ကို ပေးတယ်။ ကျုပ်လည်းယူပြီး လွယ်အိတ်ထဲထည့်လိုက် တယ်။

"ဟာ…နေကြတ်နေပြီဟေ့၊ လာကြ၊ လာကြ၊ မှန်ချပ်တွေ ယူခဲ့ဟေ့"

ရွာလမ်းပေါ်က ကလေးတွေ အော်ကြဟစ်ကြတဲ့ အသံကို ရှေးဟောင်းပစ္စည်းအခန်းထဲ ရောက်နေတဲ့ ကျုပ်ရော ကိုချစ် အေးရော ကြားကြတယ်ဗျ။ ရွာလမ်းပေါ်မှာ အော်ဟစ်နေတဲ့ ဘန့်ဘွေးကုန်းက ကလေးတွေရဲ့အသံက ပိုပြီးများလာပြီဗျ။

"ဟာ…နေလုံးကြီး တစ်ဝက် မည်းသွားပြီဟေ့"

ကလေးတစ်ယောက်ရဲ့ စူးစူးဝါးဝါးအော်သံ ထွက်လာ ချိန်မှာ ကျုပ်က မှန်သေတ္တာရဲ့ အဖုံးကို ဆွဲပြီးဖွင့်လိုက်တယ်။

"အို" "ဟာ"

ကျုပ်ရော၊ ကိုချစ်အေးရော အံ့သြသွားကြတာပျို့။ ခါတိုင်း ဘာမှမမြင်ရတဲ့ မှန်ကြီးထဲမှာ ရွာကြီးတစ်ရွာ ပေါ်နေတာဗျ။ လူတွေ၊ နွားလှည်းတွေ သွားကြလာကြနဲ့ အားလုံးလည်း ပျော်နေတဲ့ပုံပဲဗျကျုပ်တို့ ကြည့်နေတုန်းမှာ ကြာပန်းတွေတပွေ့တပိုက်နဲ့ လျှောက်လာတဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို တွေ့လိုက်ကြရတယ်ဗျ။

"ဟာ…ချစ်ထွေး၊ ချစ်ထွေး၊ အဲဒါ ချစ်ထွေးကွ"

ကိုချစ်အေး ပြောလို့ ကျုပ်က အလန့်တကြားကြည့်လိုက်တော့ ဟုတ်သားဗျ။ ကိုချစ်ထွေးရဲ့ဘေးက မိန်းမကလည်း တော်တော်ကို ချောတာဗျ။ နှစ်ယောက်သား ပြုံးလို့ပျော်လို့ပါဗျာ။

"တာတေ၊ မင်းကိုကြီးချစ်ထွေးတစ်ယောက် ဟိုမှာ အိမ်ထောင်တွေဘာတွေများ ကျနေပြီလားကွာ"

"မပြောတတ်ဘူး ကိုချစ်အေးရဲ့၊ ဒါပေမဲ့ မကျလောက်ပါဘူးဗျာ၊ ကိုချစ်ထွေး ပျောက်သွားတာ အခုဆိုရင် တစ်နှစ်ရှိပြီမို့လား၊ ဟိုမှာက သူရောက်တာ တစ်လပဲရှိသေးတာပါဗျာ"

"အေး ဟုတ်သားပဲ၊ ဒီလောက်နဲ့တော့ မကျလောက်သေးပါဘူးလေ"





"ကဲ…ကိုချစ်အေး၊ ဒီမှန်သေတ္တာကို တံခါးလုံးဝပြန် မပိတ်နဲ့သိလား၊ အမြဲဖွင့်ထား၊ ဒါမှ ကျုပ်တို့ ပြန်ထွက်လာလို့ရမှာဗျ"

"ဟော…ဟုတ်လား၊ စိတ်ချတာတော၊ ငါ အမြဲဖွင့်ထားမယ်၊ ပြီးတော့ ဒီအခန်းထဲကိုလည်း ဘယ်သူမှ ဝင်လေ့ဝင်ထမရှိပါဘူးကွာ"

"ကဲ…ဒါဆိုရင် ကျုပ်သွားပြီ"

ကျုပ်က လွယ်အိတ်ကို ကိုယ်မှာ စလွယ်သိုင်းလွယ်လိုက်ပြီးတော့ မှော်ဝင်ကြေးမုံရှေ့ကို လာလိုက်တယ်။ ပထမ ကျုပ်ခြေထောက်တစ်ဖက် လှမ်းဝင်လိုက်တယ်။ ပြီးတော့ တစ်ကိုယ်လုံးထိုးဝင်လိုက်တယ်။ ရှေ့မှာ ဘာအတားအဆီးမှ မရှိသလို ဟာလာဟင်းလင်းကြီးပါဗျာ။

ဟော…ရောက်ပြီ။ ရွာစွန်ကို ကျုပ်ရောက်လာတာဗျ။ ကျုပ်ရောက်တဲ့နေရာက ဘိုးပန်းဦး ရောက်တဲ့နေရာပဲ ဖြစ်မယ်ဗျို့ရွာရဲ့ အပြင်ဆုံးပတ်လမ်းထင်တယ်။ ညောင်ပင်ကြီးနှစ်ပင် အကိုင်းချင်းဆက်နေတဲ့ နေရာဗျ။ ဒီနေရာကို ကျုပ် သေသေချာချာ မှတ်လိုက်တယ်။

ပြီးတော့မှ မိဖုရားရွာထဲကို ကျုပ်ဝင်လိုက်တယ်။

ကျုပ် အိမ်မှာတည်းက စိတ်ကူးပြီးသားပါ။ ရွာဦးကျောင်းကို မေးစမ်းပြီး တန်းလျှောက်လာခဲ့တယ်။ ဘုန်းကြီးကျောင်းထဲကို ဝင်လာတဲ့ ကျုပ်ကို လူကြီးတစ်ယောက်က ကြည့်နေတယ်။ ကျုပ်က…

"အဘ ထော်လားဗျ"

လို့ ဂါမ်းနှုတ်ဆက်လိုက်တော့ ချက်ချင်းပြုံးသွားပြီး ခေါင်း

ညိတ်ပြတယ်။

"ကျုပ်က တောင်တန်းကြီးတွေပဲ့ဘက်ကရွာက လာခဲ့တာပါ၊ ဟိုအရင် ရောက်သွားခဲ့ဖူးတဲ့ ဘိုးပန်းဦးတို့ ရွာကပါ"

"ဟော..ပန်းဦးတို့ရွာက ဟုတ်လား၊ ဒီမှာလည်း ကိုပန်းဦး မြေးဆိုတာတစ်ယောက် ရောက်နေတယ်"

"ကိုချစ်ထွေးမို့လား အဘထော်"

"အေး ဟုတ်တယ်၊ မောင်ချစ်ထွေး၊ အခုတော့ ရွာထဲက သူ့အသိတစ်ယောက်ဆီ သွားလည်တယ်ကွ၊ မောင်ချစ်ထွေးက ရောက်တာ တစ်လပဲရှိသေးပေမယ့် ရွာထဲမှာ အသိမိတ်ဆွေ အတော်များနေပြီကွ၊ ဒါထက် မောင့်နာမည်က ဘယ်လိုခေါ်တုံး"

ကျုပ်နာမည် တာတေပါ အဘထော်"

"ဩော်...အေး အေး၊ မောင်တာတေတဲ့လား၊ ဒါထက် ကိုပန်းဦးတစ်ယောက် ဆုံးပြီဆို"

"ဟုတ်တယ် အဘထော်၊ ဘိုးပန်းဦး ဆုံးတာကြာပြီ"

"ဘယ်လိုဖြစ်တာတုံးကွာ၊ သူနဲ့ ကျုပ်နဲ့ တွေ့ကြတော့ အသက်အတူတူပဲ မောင်တာတေရဲ့၊ ကျုပ်တောင် အခုမှ ငါးဆယ်ကျော်ပဲ ရှိသေးတာ၊ ကိုပန်းဦးက ဆုံးတာ ကြာပြီဆိုတော့၊ ငယ်ငယ်နဲ့ဆုံးတာပေါ့"

ကျုပ်လည်း ဘယ်လိုရှင်းပြရမှန်း မသိတော့ပါဘူးဗျာ။ ဘိုးပန်းဦးဆုံးတော့ အသက်ရှစ်ဆယ် ကော်ကော်ကျော်နေပြီဗျ။ သူတို့နဲ့





ကျုပ်တို့နဲ့ အချိန်ကွာတာကို ကျုပ် ရှင်းမပြတော့ပါဘူးဗျာ။

"ဟုတ်တယ် အဘထော်၊ ငယ်ငယ်နဲ့ ဆုံးသွားတာ"

လို့ပဲ ကျုပ်က အလိုက်အထိုက် ပြောပြလိုက်တယ်။

"ပြီးတော့ သူပြန်တဲ့နေ့က နေကြတ်တဲ့နေ့ကွဲ့၊ မသွားပါနဲ့လို့ သွားတဲ့ကြားထဲက လေ့လာချင်လို့ဆိုပြီး အတင်းထွက်သွားတာ၊ ကျုပ်က ကိုပန်းဦး ပြန်ရောက်မလာတော့ သေသွားတယ်ထင်တာ၊ အခု မောင်ချစ်ထွေး ရောက်လာတော့မှ သူ့ရွာကို ပြန်ရောက်သွားမှန်း သိလို့ ဝမ်းသာရသေးတယ်"

ကျုပ်ကို အိပ်စရာနေရာအားလုံး လုပ်ပေးပြီး ထမင်းဟင်းတွေလည်း ကျကျနန ကျွေးတယ်ဗျ။ ခဏနေတော့ ကျုပ် ကိုချစ်ထွေးကို ရှာဖို့ ရွာထဲ ထွက်ခဲ့တယ်။ ဈေးတန်းလေးနားရောက်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့တယ်ဗျ။ ဘိုးပန်းဦး ရောက်တုန်းက ဝင်ပြီးသောက်တဲ့ လက်ဖက်ရည်ဆိုင်ပဲ ဖြစ်မှာလို့တွေးရင်း ကျုပ်ဆိုင်ထဲကို ဝင်ထိုင်လိုက်တယ်။ ဆိုင်ထဲမှာ လူငယ်အုပ်စုတွေ သူ့ဝိုင်းနဲ့သူ ဝိုင်းဖွဲ့ထိုင်နေကြတယ်ဗျ။ လူကြီးဝိုင်းလည်း နှစ်ဝိုင်း သုံးဝိုင်း တွေ့တယ်ဗျ။

ကျုပ်လည်း ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ ကျုပ်ထိုင်တဲ့ စားပွဲနဲ့ မျက်နှာချင်းဆိုင် စားပွဲမှာ လူသုံးယောက်ထိုင်နေတယ်။ အဲဒီထဲက တစ်ယောက်က ကျုပ်ကို သေသေချာချာ ကြည့်နေလို့ ကျုပ်လည်း ပြန်ကြည့်လိုက်တယ်။

"ဟာ…ကိုချစ်ထွေး"

ကျုပ်က ယောင်ပြီး လှမ်းခေါ်လိုက်မိတာဗျ။

"မင်း တာတေလား"

"ဟုတ်တယ်လေ၊ ကျုပ် တာတေပါ၊ ထနောင်းကုန်းက"

ကိုချစ်ထွေးက ကျုပ်ထိုင်တဲ့ စားပွဲကို ချက်ချင်းထလာပြီး ကျုပ်ကို တအံ့တသြနဲ့ ကြည့်နေတယ်ဗျ။

"တာတေ၊ ငါ အံ့သြလိုက်တာကွာ၊ မင်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာတုံး"

"ကိုကြီးချစ်ထွေးကို ခေါ်ဖို့ လိုက်လာတာလေဗျာ"

"ဟေ…ဟုတ်လား၊ မင်း ဘယ်လိုလုပ် လာတာတုံး"

"ကိုကြီးချစ်ထွေး လာသလိုပဲ လာတာပေါ့ဗျ"

"ဟာ…ဒါဆိုရင် မင်း ငါ့အဘိုးရဲ့ မှတ်တမ်းကို ဖတ်ရလို့ပေါ့၊ ဟုတ်လား တာတေ"

ကျုပ်က ကိုချစ်ထွေးကို သူပျောက်သွားတော့ ဖြစ်တဲ့အဖြစ်အပျက်တွေကို ပြောပြလိုက်တယ်။ ဒီတော့မှ ကိုချစ်ထွေးက အားလုံးနားလည်သွားပြီး ကျုပ်ကိုမေးတယ်။

"ငါ ရွာက ပျောက်သွားတာ တစ်နှစ်တောင်ရှိပြီ ဟုတ်လား တာတေ၊ ဒီမှာတော့ ငါရောက်တာ တစ်လပဲရှိသေးတယ်ကွ"

"ဟုတ်တယ်လေ ကိုချစ်ထွေးရာ၊ ကျုပ်တို့ဆီနဲ့ ဒီနဲ့က အချိန်ချင်းမှ မတူကာ"





"သန်ဘက်ခါ နေကြတ်တော့မှာ တာတေ"

"ဟာ..ဟုတ်လား၊ ဒါဆိုရင် အဲဒီနေ့ ပြန်ကြတာပေါ့ဗျာ"

"အင်း…အဲဒါကို ငါစဉ်းစားနေတာကွ၊ ငါ ဒီမှာ မိန်းကလေးတစ်ယောက်နဲ့ သံယောဇဉ်ရှိသလို ဖြစ်နေတယ်ကွ"

"ဟာ…မဟုတ်တာ ကိုကြီးချစ်ထွေးရယ်၊ ခင်ဗျားပျောက်သွားကတည်းက အရီးဝိုင်းကြည်မှာ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတာ၊ ဒီနေ့အထိပဲဗျ"

"ဟေ…ဟုတ်လား တာတေ၊ အဘနဲ့ အမေ နေကောင်းကြရဲ့လား"

"ကောင်းတော့ ကောင်းကြပါတယ်၊ ဒါပေမဲ့ အရီးက ခင်ဗျားစိတ်နဲ့ မကြာမကြာ နေမကောင်းဖြစ်တယ်ဗျ"

ကျုပ်ကလည်း ပိုပိုသာသာ ပြောရတာပေါ့ဗျာ။ ဒါမှ လည်း ကိုချစ်ထွေး ပြန်လိုက်မှာလေ။ ကျုပ်စကားကိုကြားတော့ ကိုချစ်ထွေး ငိုင်သွားတယ်။ ခဏတွေပြီး စဉ်းစားပြီးမှ-

"ဒါဆိုရင်လည်း ပြန်ကြတာပေါ့ကွာ"

လို့ ပြောတယ်ဗျ။ နောက်နှစ်ရက်ကြာတော့ သူတို့ဆီမှာ နေကြတ်တယ်။ ကျုပ်က အကျိုးအကြောင်းတွေကို ကပ္ပိယကြီး ဦးထော်ကို ကြိုပြောထားတော့ ကပ္ပိယကြီးက ကျုပ်တို့ ဘယ်လို ရောက်လာကြတယ် ဆိုတာကိုသိသွားပြီး ပြန်ဖို့ကို သဘောတူသွားတာပေါ့ဗျာ။

ဘိုးပန်းဦးတုန်းကလိုပဲ နေမကြွတ်ခင် ကျုပ်နဲ့ ကိုချစ်ထွေး ရွာထဲက ကြို့ထွက်ကြတယ်။ တစ်ရွာလုံး အိမ်တွေ တံခါးပိတ်ထားပြီး လူတစ်ယောက်မှ အပြင်မထွက်တော့ဘူးပေါ့ဗျာ။

ရွာလမ်းပေါ်မှာ နွားတွေ၊ ဆိတ်တွေ၊ သိုးတွေပဲ လျှောက် သွားနေတာဗျ။ ကျုပ်တို့နှစ်ယောက် ညောင်ပင်ကြီးနှစ်ပင်အောက် ကိုရောက်တော့ နေစကြွတ်ပြီဗျ။

"အူး၊ အီး၊ ဟီး၊ ဟီး၊ ဝူး"

"ဝပ်ထရိန်း၊ ဝပ်ထရိန်း၊ ပဲ၊ ပဲ၊ ပဲ"

ဆိုတဲ့ အသံတွေ ရွာထဲမှာ ဆူညံနေတော့တာပေါ့ဗျာ။ နွား တွေ၊ ဆိတ်တွေ ကြောက်လန့်တကြား ပြေးတဲ့အသံတွေကြား နေ တယ်။ ကိုချစ်ထွေးရော ကျုပ်ရော မတိုင်ပင်ရဘဲ သရဏဂုံ ကို ဒုတိယမ္ပိ၊ တတိယမ္ပိ ခံပြီး ရွတ်မိလျက်သား ဖြစ်နေကြတယ်။

ခဏနေတော့ ခပ်လှမ်းလှမ်းမှာ ထွက်ပြေးတဲ့ နွားတစ်ကောင် ကို လိုက်ဖမ်းနေတဲ့ ထန်းပင်လောက်အရပ်ကြီးနဲ့ မည်းမည်း အကောင် ကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရတယ်ဗျ။ ကျုပ်တို့နဲ့တော့ တော်တော် လေးဝေးပါတယ်။ ဒါပေမဲ့ ကြားရတဲ့အသံကြီးတွေကြောင့် ကြက်သီး တွေ တဖြန်းဖြန်းထမိတော့တာပါပဲဗျာ။

ကိုချစ်ထွေးကို ကြည့်လိုက်တော့ မျက်နှာလေးငယ်ပြီး တော် တော်ကြောက်နေတဲ့ပုံပဲဗျ။

"ကိုကြီးချစ်ထွေး၊ ကိုကြီး သံဃာဇဉ်ဖြစ်နေတဲ့ မိန်းကလေး





ကို မခွဲနိုင်ရင်လည်း နေချင်နေခဲ့လေဗျာ"

"ဟော…မ…မနေ…ပါဘူး တာတေရာ၊ ငါ ဒါကြီးတွေကို ကြောက်လွန်းလို့ပါကွာ၊ ငါ့ကို မထားခဲ့နဲ့နော်"

ကျုပ်က တမင်စတာပါဗျာ။ ကောင်းကင်ကို မော့ကြည့်တော့ နေတစ်လုံးလုံး ကြွတ်နေပြီဗျ။ ညောင်ပင်ကြီးနှစ်ပင်အောက်ကို လှည့် ကြည့်လိုက်တော့ မှန်ချပ်ကြီး ထောင်ထားသလို အလင်းကွက်ကြီး တစ်ကွက် ပေါ်နေပြီဗျို့။

"ကဲ…လာ၊ ကိုကြီးချစ်ထွေး၊ ပြန်ကြစို့"

လို့ ပြောပြီး အလင်းကွက်ထဲကို ကိုချစ်ထွေးကို အရင် ဝင်ခိုင်းလိုက်တယ်။ ပြီးမှ ကျုပ် ဝင်လိုက်တယ်။ ကျုပ်တို့ နှစ်ယောက် စလုံး ဘန့်ဘွေးကုန်းက ဘိုးပန်းဦးရဲ့ ရှေးဟောင်း ပစ္စည်းထားတဲ့ အခန်းကြီးထဲကို ပြန်ရောက်လာကြတယ်။

ကျုပ်က မှန်သေတ္တာရဲ့ တံခါးကို ချက်ချင်းပိတ်ပစ်လိုက် တယ်။ ကျုပ်နဲ့ ကိုချစ်ထွေး အိမ်ပေါ်ထပ်ကနေ ဆင်းလာတော့ ပထမ ဆုံး ထအော်တာက ကိုချစ်အေးဗျ။

"ဟာ…တာတေနဲ့ ချစ်ထွေး"

"ဟင်၊ ချစ်ထွေး ဘယ်မှာတုံး"

အိုး…တစ်အိမ်လုံးကို ကျွက်ကျွက်ညံသွားတော့တာပေါ့ ဗျာ။

အရီးဝိုင်းကြည်က သူ့သား ကိုချစ်ထွေးကို ဖက်ပြီးငိုတယ်။

ကိုချစ်အေးက တုန့်သံတွေယူပြီး အိမ်ပေါ်ထပ်ကို ပြေးတက်သွားတယ်။

ကျုပ်သိတာပေါ့ဗျာ။ မော်ဝင်ကြေးမုံကို သံနဲ့ရိုက်ပြီး အသေပိတ်ပစ်တော့မယ် ဆိုတာလေ။ ဘထွေးကျောက်နီက ကျုပ်ကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်အခါခါ ပြောတယ်ဗျ။ ထိုင်ပြီး ခဏလောက် စကားစမြည်ပြောပြီးတော့ ကျုပ် ရွာကို ပြန်ခဲ့တယ်။ အိမ်ရောက်တော့ အမေက ကျုပ်ကို ဆီးပြောတယ်ဗျ။

"ဟဲ့ တာတေ၊ ချစ်ထွေးရော ပါလာလား"

"ပါတယ် အမေရ၊ အခုပဲ ပြန်ရောက်ကြတာ"

"ပြန်ရောက်ပေဦးမှပဲ ကိုတာတေရေ၊ ရှင်သွားလိုက်တာ တစ်လနဲ့ ခြောက်ရက် ရှိပြီတော့"

အမေက ကျုပ်ကို ကြာတဲ့ရက်တွေ တွက်ပြတာဗျို့။ တကယ်တော့ မှန်ထဲက မိဖုရားရွာကြီးမှာ ကျုပ် သုံးရက်ပဲ ကြာခဲ့တာပါဗျာ။

**တာတေ**





# ကျောက်နွားသိုးတောင်မှစုန်းကဝေများ

**ရွှေဘုန်းတံ**

တောင်ကုန်းလေးပေါ်ကအဆင်း လျှိုစောက်တစ်ခုကို ထိုးထားသော သစ်လုံးတံတားလေး တဖက်၌ သစ်ပင်တောအုပ် ညို့ညို့နှင့် သူ့နောက်ဖက်မှာ ကျောက်တောင်ချွန်းကြီးသဖွယ်

မြင့်မားလှတဲ့ ကျောက်နွားသိုးတောင်ကြီးကို တွေ့ရပြီး ကျောက်နွားသိုး တောင်ခြေကမြင်ရတဲ့ သစ်ပင်ညို့ဆိုင်းဆိုင်းမှာ ကျောက်နွားသိုး တောင်ရွာရှိတယ်။

အဲဒီ ကျောက်နွားသိုးတောင်ကြီးကို ရုတ်တရက် တောင်ပေါ်က အဆင်း ဖြုန်းခနဲ မြင်လိုက်တော့ အတူလိုက်ပါလာတဲ့ လက်စွဲကျော် တပည့်ကြီး ခေါင်းရှည်က အထိတ်တလန့်လေသံနဲ့ . . .

"ဟာ. . . ဆရာဇော်ဂျီအေး. . . အဲ. အဲဒီတောင်ကြီးနဲ့ အဲဒီရွာမို့လား. ဆရာဇော်ဂျီအေး၊ ကျုပ်. . . ကျုပ်တို့ ရောက်ပြီပေါ့. . ဆရာလေး. ."

"ဟုတ်တယ်. . ခေါင်းရှည်. . အဲဒီရွာနဲ့ တောင်က ငါတို့လာရှာတဲ့ ကျောက်နွားသိုးတောင်ကြီးပဲ. .။ ဒီတံတားလေး ကျော်တာနဲ့ ရွာပရဝုဏ် စည်းရိုးထဲ စဝင်ပြီဆိုတော့ ကိုယ့်ဘက်က သတိရှိထားမှ တော်ရုံကျမယ်။ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်တာပေါ့. ."

"ဘာပဲပြောပြော. . သွားပါများ ခရီးရောက်ဆိုသလိုပဲ. . မောင်ဇော်ဂျီအေး၊ နောက်ဆုံး ငါတို့ ရှာဖွေနေတဲ့ ပစ္စည်းရှိတယ်ဆိုတဲ့ ရွာနဲ့တောင်ကို ရှာတွေ့ပြီပေါ့ကွာ"

"ဟုတ်ကဲ့ အဘ အင်းရာဇာ၊ ဘာပဲပြောပြော ပညာသည်ရွာ အလွန်ပေါများတယ်လို့ သတင်းကြီးပြီး တော်ရုံပါချိုပါချက် ဆရာပေါက်စတွေ ခြေဦးတောင် မကျူးရဲတဲ့ နေရာဒေသဆိုတော့





ကျွန်တော်တို့ သတိတော့ ထားရမှာပဲ အဘအင်းရာဇာ"

"မပူပါနဲ့ကွာ ငါ့မှာ ဒင်းတို့ကို ပြာမှုန့် ပြာစ ဖြစ်သွားစေနိုင်တဲ့ လက်နက်ကိရိယာမျိုးစုံ ပါပါတယ်ကွ။ မစိုးရိမ်စမ်းပါနဲ့"

"စိုးရိမ်တာတော့ မစိုးရိမ်ဘူး အဘအင်းရာဇာရေ၊ ကျွန်တော့် အမည်ကလည်း လူတကာပြေးတဲ့ ဇော်ဂျီအေးပဲဥစ္စာ ဟဲဟဲ"

"မှတ်ထားလိုက်ပါမယ်ကွာ. . မှတ်ထားပါ့မယ် . . ဟားဟားဟား"

သုံးယောက်စလုံး ခရီးဆောင်အိတ်တွေကို ပြန်ပြင်လွယ်ပြီး လျှိုချောက်ကို ခွထားတဲ့ သစ်လုံးပေါ်ကနေ တဘက်ကမ်းကို ဖျက်လက်သွက်လက်စွာ ကူးလိုက်ကြတယ်။ အမှန်ပြောရင် သူတို့တွေ ရန်ကုန်ကနေ ဒီအထက် ကသာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းကို ကားတစ်တန်၊ မီးရထားတစ်ထန်၊ ခြေကျင်ကုန်းကြောင်း တလီနဲ့ ရောက်အောင် လာခဲ့ကြတာ တစ်ပတ် ဆယ်ရက်ခန့်ရှိနေပြီ။ လမ်းမှာလည်း တွေ့တဲ့ ကြုံတဲ့ညအိပ် ရွာလေးတွေမှာ ဆေးဝါးကု၊ ပရောဂရောဂါအချို့လည်း တတ်နိုင်သမျှ ကုသပေးရင်း ဒီကို ရောက်အောင် လာခဲ့တာ။

ဇော်ဂျီအေးနဲ့ သွားလေရာ ဘယ်သွားသွား အမြဲလိုက်ပါတဲ့ အိမ်မှာလည်း ဇော်ဂျီအေးရဲ့ ဆေးဝါးကိစ္စ၊ လူနာတွေနဲ့ ပွဲစုံဆေးစုံစီရင်တာတွေက အစ ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ခေါင်းရှည်လည်း ပါသလို ဇော်ဂျီအေးနဲ့ နှစ်ပေါင်းများစွာထဲက ကျွမ်းဝင်ရင်းနှီးရတဲ့ အင်းအတတ်ပညာ တစ်ဖက်ကမ်းခတ် တတ်တဲ့ အင်းရာဇာလည်း

ပါတယ်။ အများအားဖြင့် ဇော်ဂျီအေးရဲ့ အရေးကြီးကိစ္စတွေမှာ အဘအင်းရာဇာက ပါတတ်တယ်။

အဘအင်းရာဇာနဲ့အတူ အလွန်ကြမ်းတမ်းတဲ့ ခက်ထန်တဲ့ ဆိုးသွမ်းပါတယ်ဆိုတဲ့ နယ်မြေ ဒေသတွေကို ဂန္ဓာရီ လှည့်လည်ပြီး ဂမုန်းဆေးမြစ် ဆေးဥတွေ ရှာဖွေဖူးတော့ အဘအင်းရာဇာရဲ့ အင်းပညာက အစွမ်းထက်တာတွေ တွေ့ကြုံဖူးပါတယ်။ မမြင်ရတဲ့ အမှောင်မိစ္ဆာလောကသားတွေနဲ့ စုန်း၊ ကဝေ အတတ်ပညာရှင်တွေ ကလည်း အဘအင်းရာဇာရဲ့ အင်းပညာစွမ်းကြောင့် ကြောက်လန့် ဒူးထောက်သွားတတ်ကြတယ်။ အဘအင်းရာဇာ အပြောအရတော့ သူက ဆယ်နှစ်သားလောက်ကတည်းက အင်းပညာကို ရသေ့ကြီး ဒိဗ္ဗ ဆိုတဲ့ ရသေ့ကြီးတစ်ပါးဆီက သင်ခဲ့တာဆိုပဲ။ အဲဒီ ရသေ့ကြီး က အင်းချုပ်စီရင်ပြီးပေါက်ရင် ပေါက်တဲ့ နေရာ မီးထတောက်တဲ့ အထိ စွမ်းလှတယ်ဆိုပဲ။ အဘအင်းရာဇာလည်း အချို့ ပညာကြီးတဲ့ မြင့်တဲ့ ကဝေတွေ၊ စုန်းတွေနဲ့တွေ့ရင် အဲဒီပညာတွေ ထုတ်သုံး တော့တယ်။

"ရှေ့မှာ . . ရွာတွေ့နေရပြီ ဆရာဇော်ဂျီအေး . . ရေရွာတွေ့ ပြီ . ."

"အေး . . ရွာထဲရောက်ရင် အခြေအနေ အကဲခတ်ပြီး မီးစင်ကြည့်ကရမှာပဲ။ ခေါင်းရှည်က ဒီရွာက ပညာရှင်ပေါတယ်လို့ ငါတို့ သိထားပြီးသားပဲ။ ငါတို့ လုပ်ငန်းကိုလည်း သူတို့ ပိုင်နက်ထဲ ကျူးကျူးကျော်ကျော် လာလုပ်တယ်ဆိုပြီး ကျေနပ်မှာမဟုတ်ဘူး။





ပညာစမ်းကြ ၊ နှောက်ယှက်ကြမှာပဲ ။ ငါ့အခြေအနေနဲ့ အင်းရာဇာကြီးတို့ မျက်နှာရိပ် မျက်နှာကဲ ကြည့်နေ . . ."

"ဟုတ်တယ် ခေါင်းရှည်၊ မင်းဆရာ ဇော်ဂျီအေးပြောတဲ့ တိုင်း မီးစင်ကြည့်က ရမှာပဲ။ ဒီရွာက ငါတို့နဲ့ အစိမ်းသက်သက်။ မင်းက တခါခါ စိတ်မြန်လက်မြန်နဲ့ သူမသိကိုးမသိကောင်ဆိုတော့ ကြိုတင် သတိပေးထားရမှာပဲ . . ."

ရွာအနီးကို သူတို့ သုံးဦးသားလျှောက်လာရင်း တစစ နီးကပ် လာချေပြီ။ ရွာမှာ ပင်မလမ်းမကြီးတစ်ခုသာ ရွာထဲဝင်ရန် ရှိပြီး နဘေးတဖက်ကချောက်၌ ဝါးရုံတောများ၊ ဆူးခြုံနွယ်များ၊ သစ်ကြီး ဝါးကြီးများဖြင့် ပိတ်ဆို့ ထူထပ်နေလေသည်။ အိမ်များမှာ တောင်ပေါ်ဒေသအတိုင်း သက်ကယ်မိုး၊ သက်ကယ် ကာထားပြီး ခြေတံရှည်အိမ်များသာ ဖြစ်သလို ခြံစည်းရိုးများအား တစ်အိမ်ဖြင့် တစ်အိမ် သစ်ချောင်းများဖြင့် ဖြစ်သလို ချည်နှောင်ကာရံထား သည်။ အချို့အိမ်များမှာ တပိုင်းတစ ဆွေးမြေ့ပြိုပျက်စပင် ပြုနေ ပေပြီ။ ရွာပျက်ကြီးတော့ မဟုတ်ပါ။

ထူးခြားဆန်းကြယ်တာကသည်း ခုချိန်ထိ လူသူလေးပါး အရိပ်ယောင် ယောင်လို့ မတွေ့ရသေးပါချေ။

'ဆ. ဆရာဇော်ဂျီအေး . . လူ . . လူဆိုလို့ အရိပ်တောင် မ. မတွေ့ရ'

'စကားမရှည်စမ်းနဲ့ ခေါင်းရှည်ရာ အေးအေးသက်သာ အကဲခတ်စမ်းပါ၊ ငါ့နှာခေါင်းထဲ အညှီနံ့တော့ ရတယ် . . ဇော်ဂျီအေး

ရေ'

'ဝူး . . အူ . . အူး . . ဝူး . .'

'အူ . . အူ . . ဝူး . . .'

စတင်ကြိုဆိုကြပြီ ထင်ပါတယ်။

လူသူလေးပါး အရိပ်ယောင်မျှ မတွေ့ရတဲ့ ရွာလမ်းမပေါ် သူတို့ သုံးယောက် လျှောက်လာပြီး ဘယ်ကမှန်းမသိတဲ့ ခွေးအူသံကြီးက စတင်ကြိုဆိုလိုက်ပါတယ်။

❑ ❑ ❑

"ဟာ. . ."

"အမလေး. . ဆ. ဆရာရေ့ ကြည့်လုပ်ပါဦး. . ဟို. . ဟိုမှာ'

". . အင်း. . ကျုပ်တို့ကို ပညာစမ်းပြီတော့ထင်တယ်. . ဇဗ္ဗူအေးရေ. . ကြည့်ရတာ ဒီတစ်ရွာလုံး. . ကဝေတွေ ရွာထင်တယ် ပညာသည်တွေလဲ ပေါတယ်ဆိုတော့. . ဘာပဲဖြစ်ဖြစ်ပါ ကျုပ်တို့ ပညာကိုတော့ မယှဉ်နိုင်ပါဘူး. . ."

သုံးယောက်သား ဖြုန်းခနဲ တအံ့တသြ ဖြစ်သွားရတာက သူတို့တွေ ရွာစည်းရိုးအစပ်က အုပ်အုပ်ဆိုင်းဆိုင်းနဲ့ လူကြီးလုံးဖက်စာလောက်ရှိတဲ့ အပင်ကြီးအောက်က ခရီးသွားတွေ နားနေဖို့ဆောက်ပေးထားတဲ့ သစ်သား ဇရပ်ကြီးနား ခဏ နားမည်လို့ ပြင်တုန်းပဲရှိသေးတယ်။ ရွာထက်ကနေ တိမ်ညို တိမ်မဲတွေ ဖုံးအုပ်ထားတဲ့ ကောင်းကင်ကြီးပေါ်ကို ပျံတက်လာတဲ့ မီးလုံးကြီး အချို့ကို မြင်လိုက်ရလို့ အံ့သြသွားကြရတာပါ။





ပြောရရင် အဘ အင်းရာဇာရော. ဆရာဇဗ္ဗူအေးနဲ့ မေါင်းရှည်ပါ ဒီလို လမိုက်လကွယ်ညတွေမှာ စုန်းအတတ်၊ ကဝေအတတ်နဲ့ အောက်လမ်း မိစ္ဆာအတတ်တွေ တတ်မြောက်ကြတဲ့ ပညာသည်တွေရဲ့ ဟန်ရေးပြတဲ့ စုန်းမီးလုံးတွေနဲ့ ကြုံဆုံဖူးခဲ့တာ မနည်းလှပါဘူး။ သူတို့အတွက် အတွေ့အကြုံ ရနေပြီ ပြောရမယ်။ အချို့ ပညာသည်တွေက အရမ်း အစွမ်းထက်တယ်။ တော်တန်ရုံ ဆရာငယ် ဆရာအဆင့်လောက်ဆိုရင် သူတို့ရဲ့ စက်တွေ၊ ပညာတွေကို မချုပ်နိုင်၊ မထိန်းနိုင်လို့ အသက်ပါ ပေးလိုက်ရတဲ့ ဆရာတွေလည်း ရှိကြပါတယ်။ အဓိက က ဘယ်အရာမဆို အထက်လမ်းပညာတွေ လေ့လာလိုက်စားရင် ကိုယ်အကျင့် စရဏကို အမြဲတစေ ခါးသွေးသလို သွေးနေရပြီး၊ ကိုယ့်သီလလည်း မပျက်မစွန်း မကွက်အောင် စောင့်ထိန်းကြရတာ။

ဆရာအမည်ခံပြီး ကိုယ်နေချင်သလိုနေ ပြောချင်သလိုပြော လုပ်သလိုလုပ်တတ်ကြတဲ့ အကျင့်ပျက် သီလကြောင် ဆရာတွေများတဲ့ လောကထဲမှာ ဒီအဖြစ်ပျက်တွေက မဆန်းလှဘူး။

လောကီပညာသည်တွေ ဆိုတာမျိုးက အင်းအိုင်ခလွဲ့ လက်ဖွဲ့က စပြီး သူစွမ်းရင် သူနိုင်သလို၊ ကိုယ်စွမ်းရင် လည်း ကိုယ်နိုင်တာပဲ။ ကဝေတွေ မှော်စက်ရှင်တွေ ဆိုတာက ကြိုးတွေ စက်တွေတို့ အကုန်နိုင်နင်းထားတယ်။ သူတို့ လောက မှာတော့ သူတို့လည်း ဘုရင်တစ်ဆူလို မင်းမူနိုင်တယ်။

ဇဗ္ဗူအေးက ပြောရရင် ဂန္ဓာရိဝိဇ္ဇာစရ နယ်ပယ်မှာ ဂန္ဓာရ

ဝိဇ္ဇာရေ အမြုတေတွေ၊ ရှေးဟောင်း ပညာပရိုဒ်တွေ၊ အမြုကေ သိဒ္ဓိဝင် ပစ္စည်းအမျိုးမျိုးကို ငယ်စဉ်ထဲက ဝါသနာထုံလို့ ဒီ ပညာရှင်လောကထဲ ရောက်လာတာ။ သူ့အဘိုးက မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ ဆေးဂိုဏ်းတော်ကြီး တစ်ခုက ဂိုဏ်းချုပ်ကြီး တစ်ဦး ဖြစ်သလို အဲဒီ ဆေးဂိုဏ်းပညာရပ်တွေ အန္တိမ အဆင့်ဆင့် ပြီး မြောက်ထားပြီးသလို ဂန္ဓာရီ ခရီးစဉ်တွေ သွားလာ လှည့်လည် နေရင်းက အခြား ပညာဂိုဏ်းကြီး သုံးဂိုဏ်းကလည်း ထူးခြား နက်နဲတဲ့ ပညာတွေ ရထားသေးတယ်။ ဒါအပြင် တောကိုးတော၊ တောင်ကိုးတောင်၊ လျိုကိုးလျိုတို့၊ သစ်ပင်ကြီး (၉)ပင်နဲ့ သချိုင်းကုန်းကြီး (၉)သချိုင်းလည်း အောင်မြင်ခဲ့ ပြီးသားပါ။ အပွင့်လင်းဆုံး ပြောရရင် သုသာန်သချိုင်းတွေ အားလုံးကို ချုပ်ကိုင်နိုင်တဲ့ သုသာန်စောင့်ကြီးတွေကအစ သေဆိုသေ၊ ရှင်ဆိုရှင်၊ အမိန့်ပေးစေခိုင်းနိုင်တဲ့ သုသာန်စောင့် (ဒေါ်) မဖဲဝါကြီး နဲ့လည်း (၉)သချိုင်းတွေဝင်ခဲ့တုန်းက တွေ့ကြုံခဲ့ဖူးသူဆိုပါတော့။

တောင်သာမြို့က သချိုင်းကုန်းမှာ မဖဲဝါကြီး ကူညီ စောင့် ရှောက်လို့ အရေးကြီးတဲ့ အင်းတစ်ချပ် အောင်မြင်ခဲ့ဖူးတယ်။ သူ များတွေကသာ မဖဲဝါဆိုရင် အသက်ထွက် မတတ် ကြောက်လန့် စိုးရိမ်ထိတ်လန့် နေကြတာ (ဒေါ်) မဖဲဝါဆိုတာက အရမ်းချောမော လှပတဲ့ အမျိုးသမီးကြီးတစ်ဦးပါ။

စုန်းမီးတွေက သုံးခုပါ။

အမှန်တော့ သူတို့ သုံးဦးသား ရွာရဲ့ နယ်နိမိတ်စည်းစပ်ကို





ဝင်ရောက်လာတာ သိလို့ပဲလား၊ သူတို့ဘာသာ သဘာဝ ပျော်ပါး မြူးတူးချင်လို့ စုန်းစက်တွေ လွှတ်ပြီး တိမ်ညိုတွေပေါ် ပျံဝဲကစား နေကြတာလားတော့ မသိပါဘူး။ အဘအင်းရာဇာရော ဇဗ္ဗူအေး ပါ ဇရပ်ပျက်ကြီးထဲ ဝင်လိုက်ကြတယ်။

ရွာကို ရောက်နေပြီးပဲလေ၊ တလျှောက်လုံး ခရီးပြင်း နှင်လာခဲ့ရတာ ဆိုတော့ နားနေအပန်းဖြေပြီးမှ ရွာထဲဝင်မယ်လို့ ဇဗ္ဗူအေးက တွေးထားတယ်။ ဒီစုန်းမီးတွေကိုတော့ သူက ဂရုမစိုက် ပါဘူး။ အဘအင်းရာဇာကြီးဆိုလည်း အမှောင်လောက မိစ္ဆာ နယ်ပယ်စရာတွေ ထိတ်လန့်ခြောက်ခြားပြီး သူတို့ နာမ်သက် ကိုပါ ဇိတ်ဟုန်ချေနိုင်တဲ့ အင်းချပ်တွေ ရှိတယ်။ ဒါကြောင့်လည်း စုန်းကဝေ မှော်ပညာရှင်တွေ၊ ပညာသည်တွေ ပေါများတယ်ဆိုတဲ့ ဒီ ကျောက် နွားသိုးတောင်ကြီးဆီကို မကြောက် မရွံ့လာခဲ့တာပေ့ါ။

"အာ. . ဆ. ဆရာ. မီး. . မီးလုံးတွေက. . ပိုများလာသလိုပဲ. . ကြည့်. ကြည့်ပါဦး. . "

"ဒီလို လမိုက်ညဆိုရင် ရပ်တွေ ရွာတွေထဲ လူအချို့နဲ့ နေထိုင်ကြတဲ့ ကဝေရှင်တွေ၊ စုန်းမတွေက ဘယ်သူမှ မသိအောင် ရွာစွန်ကွင်းပြင်တွေ၊ ကောင်းကင်တွေမှာ သူတို့အတတ်နဲ့ သူတို့ လွတ်လပ်စွာ ပျော်မြူးကစား တတ်ကြတယ်။ သွားချင်ရာ သွားလာ တတ်ကြတယ်။ အချို့ အဆင့်မြင့်တဲ့ အလွန်အစွမ်းထက်တဲ့ ကဝေထီး ကဝေမကြီးတွေကတော့ တိမ်ညွှန့်တွေတောင် ဟက် ကစားနိုင်ကြတယ် ခေါင်းရှုည်ရ၊ သူတို့ ဝမ်းတွင်းစက်တွေက

အစွမ်းအရမ်းထက်တယ်၊ စုန်းမီးတောက်တယ်ဆိုတာ အဲဒါပေါ့. . "

". . ကျ. . ကျနော်တို့လာတာ သိလို့များလားဆရာ. . "

". . သိချင်လည်း သိနိုင်တယ်၊ ဒါမှမဟုတ်. . မသိသေးကြလို့ မြူးပျော်နေတာလဲ ဖြစ်နိုင်တယ်။ တစ်ချို့ကသာ သူတို့ပိုင်းခြားထားတဲ့ ရွာစည်းရိုးထဲ ငါတို့ ခြေတစ်လှမ်း ဝင်လိုက်တာနဲ့ သူတို့ သိကြမှာပဲ၊ အဲဒီတော့လဲ အရာရာ မီးစင်ကြည့်က ကြတာပေါ့ကွာ. . "

ဆရာဇဗ္ဗူအေးက ရွာဖက်သို့ လှမ်းကြည့်ရင်း ပြောသည်။

အဘအင်းရာဇာကမူ ဘာမျှမပြောဘဲ သူ၏ ဘေးလွယ်အိတ်ကြီးထဲမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ထားတဲ့ ကွမ်းထုပ်ကြီးဖြည်ကာ ကွမ်းများကို ဆေးမဲတွေနှင့်ယာကာ ကွမ်းစားပြီးရင်တော့ သူတို့ ရွာထဲဝင်ကြမှာဖြစ်ပါတယ်။

❑ ❑ ❑

'စားကြပါ ဆရာလေးတို့ အားမနာကြပါနဲ့. . '

'. . ဟုတ်ကဲ့ အဘ. ကျေးဇူးပါဗျ၊ ဆာလောင်နေတာနဲ့ အတော်ပါပဲ. . '

သူတို့ ဆရာတပည့်တွေ သုံးယောက်ရှေ့မှာ ထမင်းစားပွဲကြီး ခင်းထားတယ်။ ဟင်းကတော့ အများကြီး မဟုတ်ပါဘူး။ ကြက်သားဆီပြန် တစ်ခွက်နဲ့ ချဉ်ရေဟင်း၊ ငါးချက်နဲ့ တို့စရာ အစုံအလင်ပါပဲ။ သူတို့ ရောက်နေတာ ရွာရဲ့အစွန်ဆုံး မြေဝိုင်းကြီးနဲ့ တောင်ယာစိုက်တဲ့ ရွာသား အဘကြီးတစ်ဦးရဲ့ အိမ်ကို ရောက်ရှိ





နေကြတာပါ။ တဲကြီးက ခြေတံရှည် နှစ်ထပ်တဲမြင့်ကြီး ဖြစ်ပြီး အောက်က အလွတ်ကြီးပါ။ ကွပ်ပျစ် တစ်လုံးပဲရှိတယ်။

အိမ်ရှင်အဘိုးကြီးနဲ့ အဘွားကြီး နှစ်ဦးအပြင် အသက် ၅၀ နီးပါး သမီးတစ်ဦးပဲ ရှိပါတယ်။ ရွာကတော့ အိမ်ခြေ မများလှပါဘူး။ ၃၀ ခန့်မျှလောက်တော့ရှိတယ်လို့ အိမ်ရှင် အဘိုးကြီးက ပြောသလို သူတို့ကိုလည်း အေးအေးချမ်းချမ်း အိပ်စက်နိုင်းနေဖို့ ပြောတယ်။ ထမင်းတွေ ဟင်းတွေကလည်း ဆရာဇဗ္ဗူအေးတို့ ရောက်လာမှ အားချင်း ချက်ပြုတ်ပြီး ပြင်ဆင် ကျွေးတာပါ။

ခေါင်းရှည်က မနေ့ကရော၊ ဒီနေ့ရော လမ်းမှာ ဖြစ်သလိုလေး စားသောက်လာခဲ့ရတော့ သူ့ရှေ့က အငွေ့ တထောင်းထောင်းနဲ့ ကြက်သားဟင်း ပန်းကန်ကို ကြည့်ပြီး နှိုက်ဖို့ ပြင်လိုက်တယ်။

'အဟမ်း. . ဟမ်း'

ရုတ်တရက် အဘအင်းရာဇာကြီးထံက ချောင်းဟန့်သံ ထွက်လာလို့ ခေါင်းရှည် လက်တွန့်သွားရဲ့။ ဆရာဇဗ္ဗူအေးက ဘာကြောင့်မှန်းမသိဘဲ၊ မစားမသောက်သေးဘဲ သူ့အရှေ့က ထမင်းပန်းကန်နဲ့ ဟင်းပန်းကန်ကို ကြည့်ပြီး တစုံတခုကို ပါးစပ်ကနေ တဖွဖွရွတ်နေတာကို တွေ့ရတယ်။

ခဏကြာတော့မှ ဆရာဇဗ္ဗူအေးက. .

'ကဲ ခေါင်းရှည်၊ မင်း ဗိုက်အရမ်းဆာနေပြီမှတ်လား၊ စားလို့ရပါပြီကွ'

အဘအင်းရာဇာကြီးကတော့ ခေါင်းရှည်ကို ပြုံးဖြီးဖြီးနဲ့ ကြည့်နေပါတယ်။ အားလုံးပြီးတာနဲ့ပဲ ဆရာဇဗ္ဗူအေးတို့ သုံးယောက်သား ထမင်းစတင် စားကြပါတော့တယ်။ ဟင်းက ကြက်ကာလသားချက် ကို ငရုပ်သီး စပ်စပ်နဲ့ ချက်ထားလို့ အတော်ကြီးကို ထမင်းစားမြိန်ပါတယ်။

သူတို့ သုံးသောက် စားသောက်နေချိန်မှာ အိမ်ရှင် အဘိုးကြီး၊ အဘွားကြီးက မရှိပေမယ့် အသက်ငါးဆယ်ရွယ် ရုပ်ခပ်ဆိုးဆိုး သူ့သမီးက အိမ်နောက်ဖက် မီးဖိုချောင်ထောင့်ကနေ မသိမသာ လှမ်းကြည့် အကဲခတ်နေတယ်။

"ခေါင်းရှည်ရေ၊ လူဆိုတာ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သတိဆိုတာ ပိုတယ်မရှိဘူးကွ၊ စားသတိ-သွားသတိ-လာသတိ-အိပ်သတိ ဆိုတဲ့ သတိက အရေးကြီးဆုံးပဲ။ ကိုယ်နဲ့မသိတဲ့ သူစိမ်းရပ်ရွာတွေဆို သတိလစ်လို့ မရဘူး ခေါင်းရှည်။ အထူးသဖြင့် ဒီရွာက ဘယ်လိုရွာလည်း ဆိုတာလည်း မင်းသိပြီးသားပဲ"

"ဟို အဘိုးကြီးနဲ့ အဘွားကြီးက ရိုး. . ရိုးပုံရ. ."

ခေါင်းရှည် စကားမဆုံးလိုက်ပါချေ။ ဆရာဇဗ္ဗူအေးက စူးစမ်းလှမ်းကြည့်တယ်။

"လူရိုးဆိုတာ သချိုင်းမှာပဲ ရှိတယ် ခေါင်းရှည်။ အဘိုးကြီးနဲ့ အဘွားကြီးက ရိုးချင်ရိုးမယ်၊ သူ့သမီးက ပညာသည်. ."

". . ဗျာ. . ဒါ. . ဒါဆို. ဒီ. ထမင်းဟင်းတွေက. . ."

". . စားပါ. . ပညာစက်ဝေ့ ငါ ဖယ်ထားရှင်းထား





ပြီးပါပြီ၊ သူတို့ ပညာက မလောက်လေး မလောက်စားလေးပါ၊ ဒါပေမဲ့ ဘယ်အရာကိုမှ လျှော့မတွက်နဲ့၊ ဟိုမှာ တွေ့လား၊ အကဲခတ်နေတာ။ ဒါပေမဲ့ ခုလောက်ဆို သူ့အနေနဲ့ ငါတို့ရဲ့ အစွမ်းကို သိနေပါပြီ. . ."

ထမင်းစားနေလျက်က ခေါင်းရှည် ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ အဘိုးကြီး လင်မယား၏ သမီးလည်း နောက်ဖေးချောင်ထဲမှ သူတို့က ကြည့်ကွက် ကြည့်ကွက် လုပ်နေရာမှ ဖျတ်ခနဲ ပျောက်ကွယ်သွားလေတော့ရဲ့။ သူတို့ ထမင်းစားပြီးချိန်ထိ မမြင်မတွေ့ရတော့ပါ။

အဘိုးကြီးလင်မယားက ထမင်းဝိုင်းကို သိမ်းဆည်းကာ သူတို့အိပ်ရန် အိပ်ရာများ ပြင်ဆင်ပေးပြီး ရွာထဲသို့ဟုဆိုကာ ပျောက်ကွယ်သွားတယ်။

"သတိနဲ့ အိပ်နော် ခေါင်းရှည်. ."

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာလေး. . ."

အချိန်ကား တဖြေးဖြေး ညဥ့်နက်ပိုင်းသို့ ကူးလာလေပြီ။ သူတို့ သုံးယောက်မှာ ခြေတံရှည် အိမ်အပေါ်ထပ် ဘုရားခန်းရှေ့တွင် အိပ်စက်ကြပြီး၊ အဘိုးကြီး သားအဖသုံးဦးမှာ အောက်ထပ်၌ အိပ်စက်ကြတယ်။ တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက် နေလေပြီ။ သိပ်မကြာခင်မှာပဲ ထိုငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်က ရုတ်တရက် ခွေးအူသံတွေက ဆူညံစွာ ပေါ်ထွက် လာတယ်။

'အူ. . အူ. . အူ. .'

'အူ. အူး. . အူး'

"ဆ. . ဆရာ. . ဆရာလေး. . ခွေး. . ခွေးတွေ အူ"

"ဒီအချိန်က စုန်းတွေ မြူးကြတဲ့အချိန်ပဲ၊ ငါတို့ဆီလည်း ပညာလာစမ်း ကြလိမ့်မယ်၊ ဒါပေမယ့် သိပ်တော့ ပူစရာ မလိုပါဘူး။ အဘအင်းရာဇာကြီးရဲ့ အင်းတစ်ချပ်နဲ့တင် သူတို့ လန့်ထွက် သွားကြပါလိမ့်မယ်. ."

"ပူး. . ရှူး"

ဆရာဇဗ္ဗူအေး စကားမဆုံးလိုက်ပါ။

ရှည်လျားတဲ့ ရူးစူးငင်ငင် အသံကြီး တစ်ခုက ခြံဝိုင်းတွင်းကနေ ကြားလိုက်ရပြီး ခြံဝိုင်းကြီးအစပ်က ထနောင်းပင်ကြီးနဲ့ ဝါးရုံပင်ကြီး အနီးတွင် မြုန်းခနဲ မီးကွင်းကြီးတစ်လုံး လူးလာခေါက်တုံ့ ပျံသန်းနေတာကို တွေ့လိုက်ရရဲ့။

"ဟို. . ဟိုမှာ. . ဆ. ဆရာဇဗ္ဗူအေး. . မီး. မီးလုံး. ."

"အေးလေကွာ သူတို့ဘာသာ သူတို့ မြူးတူးနေကြတာပါ။ ငါတို့ စည်းဝိုင်းထဲ ဝင်မရပါဘူး ခေါင်းရှည်ရ။ အေး. . မတော်တဆ. . ငါတို့ စည်းထဲဝင်ပြီး ပညာလာစမ်းရင်လည်း သူတို့ ဒုက္ခ သူတို့ ရှာတာပဲ ဖြစ်မှာ

"ဒါ. . ဒီအိမ်က ပညာသည်ပဲ. . မောင်ဇဗ္ဗူအေးရ. ."

"ဟုတ်တယ် အဘအင်းရာဇာကြီး၊ ကျုပ်လည်း မသိမသာ နေနေတာ၊ ဒီအိမ်က မိန်းမက ဝမ်းတွင်းစုန်းပညာရှင်ပါ။ ကြိုးကတော့ ဆယ်ကြိုးလောက်ရှိသေးတယ်။ ဒါထက် ရွာထဲမှာ





ဘယ်နှယောက်လောက်များ ရှိမလဲလို့ ကြည့်စမ်းပါဦးဗျ. . အဘအင်းရာဇာကြီး"၊

"နေဦး၊ ငါ ကြည့်လိုက်ဦးမယ်"

စကားဆိုကာနဲ့ အင်းရာဇာကြီးက ခေတ္တ မျက်စိမှိတ်လိုက်တယ်။ သိပ်မကြာလိုက်ပါဘူး၊ မျက်စိကို ဖျတ်ခနဲ ဖွင့်လာပြီး. . .

"စုန်းက ခုနစ်ဦး ၊ ကဝေပညာရှင်က ငါးဦးကွ ၊ မောင်ဇဗ္ဗူအေးရ၊ အဲဒီ ငါးဦးထဲမှာမှ ငါတို့ကို ဒုက္ခပေးနိုင်တဲ့ ဆယ့်နှစ်ကြိုးပြီးထားတဲ့ ကဝေမကြီးတွေက သုံးဦးပဲ ရှိတာပါ။ ကျန်တာ သူတို့လက်အောက်က လူတွေချည်းပဲ။ ဒီ ကဝေမကြီး သုံးယောက်က ပညာစက်တွေ၊ ဖြန့်ဝေထားတာကွ။ ငါ့ကိုတောင် အံကြိတ်ပြီး ကြည့်နေသေးတယ်။ ငါ့ကို ဟိုရောက်တဲ့အခါ သူတို့ နောက်ယှက်ကြမှာ သေချာတယ်. ."

"မီးစင်ကြည့်ကရမှာပေါ့ အဘအင်းရာဇာ၊ နောက်ဆုံး တောတ်နိုင်ရင်လည်း သူတို့ ပညာစက်တွေကို အမြစ်ဖြတ်ရမှာပေါ့. .၊ ကဲ. . အိပ်ကြစို့၊ မနက်ကျ ကျုပ်တို့ လိုရာခရီးသွားဦးမယ်. ."

". . ဟို. ဆ. ဆရာ၊ ဟို. မီး. မီးလုံး. ."

"အိပ်ပါ ခေါင်းရှည်ရာ၊ စိတ်ချလက်ချ အိပ်စမ်းပါ။ အဘအင်းရာဇာကြီးရဲ့ အင်းပညာအစွမ်းကို ကျော်ပြီး အဲဒီစုန်းမတွေ ငါ့တို့ဆီ ကျော်ပြီး မလာဝံ့ပါဘူးကွ။ သူကို ငရဲမီးစက်တဲ့ ဆိုးရွားတဲ့ မီးစက်ဒဏ် တို့ ခံစားရမယ်ဆိုတာ သူတို့

အရှေ့ဘက်ကောင်းကင်

သိကြပါတယ်။ စည်းချထားပြီးသားပါကွာ. . "

"ဟုတ်. ဟုတ်ကဲ့. . ဆ. . ဆရာ"

"အု. ဝူး. . ဝူး"

ခွေးအူသံကား ဆွဲဆွဲငင်ငင် ထွက်ပေါ်လာသဖြင့် ခေါင်းရှည် အဘအင်းရာဇာကြီး နံဘေး ဖျတ်ခနဲ ပူးကပ်ရင်း စောင်ကို ခေါင်းမြီးလုံအောင် ဒရောသောပါး ခြုံလိုက်မိတော့ရဲ့။ ခေါင်းရှည် ခြုံစောင်ထဲမှ မသိမသာ မသာလှပ်၍ လှမ်းကြည့်မိလိုက်သောအခါ သစ်ပင်ဖျားများထက် ကောင်းကင်-ပြင်ကွင်း ဟိုမှဒီမှ လူးလာပျံဝဲနေကြသော မီးလုံး အနီ၊ အဝါများ သုံးလေးတန်းကို အပေါ်ထပ် ဝရံတာဘက်မှနေ လှမ်းမြင်နေရတယ်။

နောက်ဆုံး ခေါင်းရှည် စောင်ကို ခေါင်းထိလုံအောင် ခြုံလိုက်တော့ရဲ့။

❑ ❑ ❑

"ကဲ. ခေါင်းရှည်၊ ငါပြောတဲ့အတိုင်း သတိမလစ်စေနဲ့နော်"

"ဟုတ်. ဟုတ်ကဲ့ပါ ဆရာဇဗ္ဗျူအေး. . "

"အဘအင်းရာဇာ၊ အဆင်သင့်ဖြစ်ပြီနော်၊ အလုပ်စတော့မယ့်

" စတော့ မောင်ဇဗ္ဗျူအေး. . ။ ငါ့အင်း ပညာနဲ့ ရပါတယ်ကွာ. . "





သူတို့ ရောက်နေတာက ညက တစ်ညတာ တည်းခိုခဲ့သော ကျောက်နွားသိုးတောင်ခြေရွာမှ ထွက်လာကြပြီး ကျောက်နွားသိုးတောင်ကြီး၏ အရှေ့ဘက် ကျောက်လှိုဏ်ဂူကြီး ရှေ့သို့ ရောက်နေကြတာပါ။ ညက သူတို့တတွေ တည်းခိုခဲ့သော အိမ်ရှင် အဘိုးကြီး၊ အဘွားကြီးကို နှုတ်ဆက်စဉ် အိမ်ရှင် အဘိုးကြီး၏ သမီး ဝမ်းတွင်းစုန်း ပညာသည် အမျိုးသမီးအား မတွေ့ခဲ့ရ။ သူတို့အား ဆရာများ ဖြစ်မှန်းသိ၍ ရှောင်နေတာလည်း ဖြစ်နိုင်ပါတယ်။

ဝမ်းတွင်းစုန်းတွေက မွေးရာပါ ပညာ စက်သည်တွေပါ။ မွေးဖွားလာစဉ်မှာ ဟိုဘက်ဘဝက ပညာအထုံပါလျှင်လဲဖြစ်စေ၊ ပညာစက်ရှင် တစ်ဦးဦးက ချစ်လို့ဖြစ်စေ၊ ငယ်စဉ်ထဲက ဗူးထည့်၊ ဗူးသွင်းလိုက်တာပါ။ အဲဒီဗူးက အရွယ်ရောက်လာတာနဲ့အမျှ ဝမ်းတွင်းမှာ ဂန္ဓဗ္ဗတ်အိမ်ဖွဲ့ပြီး ပညာစက်တွေ တစစမြင့်မား လာတဲ့ သဘောပါ။ အချို့မိန်းမတွေကလည်း မွေးကတည်းက သူတို့ဆီမှာ ပညာဗူး ပါလာမှန်းမသိကြပါဘူး။ ရပ်ထဲ ရွာထဲမယ် ဖြစ်စေ၊ ပတ်ဝန်းကျင်မှာ ဖြစ်စေ၊ သူတို့ စိတ်ဆိုးလို့၊ ဒေါသထွက်လို့ ပါးစပ်ကနေ ကျိန်ဆိုပြီး ပြောရင် တစ်ဖက်လူမှာ အဲဒီ ဝမ်းတွင်းစုန်း ပညာရှင် ပြောတဲ့အတိုင်း ဒုက္ခဖြစ်တာပါပဲ။ နောက်တော့ ပတ်ဝန်းကျင်နဲ့ ရပ်ရွာက သူတို့ကို သတိပြုမိလာပြီး အဲဒီ ဝမ်းတွင်း ပညာရှင်တွေကို ရှောင်တိမ်းကြပါတော့တယ်။

တစေ နဲ့ စုန်းမ လို့လည်း သိပ်ပြီး ရှောင်ကြဉ်ကြပါတယ်။

အချို့က သူတို့မှာ ပညာစက်ပါမှန်း သိကြသလို၊ အချို့က မသိကြပါဘူး။

အခု ဆရာဇဗ္ဗူအေးနဲ့အတူ ခေါင်းရှည်တို့ ရောက်နေကြတာက ကျောက်နွားသိုးတောင်မှာပါ။ ခေါင်းရှည် အနည်းအကျဉ်း ရိပ်စားမိတာက ဒီကျောက်နွားသိုးတောင်မှာ ပညာသိုက်ကြီးတစ်ခုထဲက ရှေးဂန္ဓာရီ ပုဂ္ဂိုလ်ထူးကြီးတွေ စီရင်ဆောင်ရွက်ခဲ့တဲ့ ဂမ္ဘီရပညာကျမ်းကြီးကို လိုချင်လို့ပါ။ ဒါပေမယ့် အဲဒီပညာသိုက်နဲ့ ပတ်သက်ပြီး ရတနာအချို့လည်း ရှိတော့ အရမ်းသိုသိပ်ပြီး ပညာရှင်တွေ သိပ်မသိရှိကြပါဘူး။

ဆရာဇဗ္ဗူအေးရဲ့ နံဘေး ပတ်လည်မှာသာမက အဘအင်းရာဇာကြီးနဲ့ ခေါင်းရှည်တို့ အရှေ့မှာပါ ဝါးစင်နဲ့ ပွဲပေါင်းကိုးပွဲတိတိ ပြင်ထားတယ်။ အဲဒီပွဲတွေထဲမှာ တောင်တော်ကြီးပွဲနဲ့ ပညာသိုက်ကို စောင့်ရှောက်နေရတဲ့ အစောင့်တွေ အတွက်ပါ ပွဲတည့်ထားတယ်။ ဆရာဇဗ္ဗူအေးက ရှေ့တည့်တည့်က ကျောက်ဂူကြီးကို ကြည့်ပြီး ခေါင်းရှည်မသိတဲ့ ပါဠိလိုလို မာဂဓ ဘာသာလိုလိုနဲ့ မန္တန်တစ်ခုကို ရွတ်နေတယ်။

တဖြေးဖြေးနဲ့ ဆရာလေးဇဗ္ဗူအေးရဲ့ ရွတ်ဖတ်နေတဲ့ အသံက ပိုပြီး ကျယ်လာတယ်။

ကျောက်နွားသိုးတောင်ကြီးက နက်ရှိုင်းပြီး လူသူလေးပါး ဘယ်သူမှ မသွားမလာဝံ့သလို တောထဲကနေ ကျား၊ တောခွေး၊ မြွေများလျှင် သွားလာကျက်စားတတ်တဲ့ နေရာပါ။ သူတို့တစ္ဆေ





ရှိတဲ့နေရာကို ဆရာဇဗ္ဗူအေးက တောင်ငါးလုံး ဆရာတော်ကြီးရဲ့ ပရိတ်ကြိုးနဲ့ လေးထောင့်စည်း ပတ်ကာထားလေရဲ့။ ဆယ့်ငါးပေ ပတ်လည်လောက် ရှိပါတယ်။ အဲဒီအချိန်မှာပဲ

"ဟင်. . ဟို. ဟိုမှာ. . ."

"ဝေါ. . ဝရော. . ဂျိမ်း၊ ဒလိမ်း. . ."

ရုတ်တရက် ပန့်ခင်းကြောင်တောင်ကြီး ဆရာဇဗ္ဗူအေး အဘအင်းရာဇာနဲ့ ခေါင်းရှည်တို့ ရှိနေတဲ့ နေရာကနေ ကျောက်တောင်ကြီးက ကြောက်မက်ဖွယ် အော်သံကြီးတွေ ထွက်ပေါ်လာသလို တောကြီးတစ်ခုလုံးလည်း ညအမှောင်ထဲသို့ တောဟီးသံကြီးများ မြည်ဟီးလာကာ တမဟုတ်ချင်း မှောင်မည်းသွားပါ စော့တယ်။

"ဝုန်း. . ဝေါင်း. ."

"ဝေါ. . ဘရော. ဝေါ. ဗိုး. ."

"ဂျလိမ်း. . ဂျိမ်း. ."

ချက်ချင်းဆိုသလိုပဲ သူတို့ ပတ်ဝန်းကျင် တစ်ခုလုံး နေ့ခင်း ကြောင်တောင်ကနေ ညအမှောင် အသွင်ပြောင်းသွားပြီး အသံပေါ်တွေ ဆူညံပွက်လောရိုက်နေတော့တယ်။ ဆရာလေး ဇဗ္ဗူအေး ကတော့ မီးထွန်းထားတဲ့ ပွဲတိုင်တွေရှေ့ မြေကွက်လပ်မှာ ပိတ်ဖြူ ခင်ကြယ် ဝတ်ပြီး ပါးစပ်ကလည်း မန္တန်တွေ တစ်ခုပြီး တစ်ခု ဆက်တိုက် ရွတ်နေသလို လက်ထဲက စကောကြီးထဲ ထည့်ထားတဲ့ အဖြူရောင် အမှုန့်တွေနဲ့လည်း ပွဲတော်တွေ့နဲ့ မီးတိုင်တွေ ပက်နေ

တယ်။ ဆရာဇဗ္ဗူအေး တစ်ခါ ပက်လိုက်တိုင်း အနီးဝန်းကျင် တစ်ခုလုံးမှာ အော်မြည်သံကြီးတွေက တောခြောက်သလို ပိုပြီး မြည်ဟီးလာတယ်။

'ဟီး. . ဟီး'

'ဟာ. . .'

'ဝုန်း. . ဝေါ. . .'

ပတ်ဝန်းကျင် တစ်ခုလုံး တောသံ၊ တောင်သံ၊ ကျားတွေ ဟိန်းသံ၊ ဆင်ရိုင်းတွေ အော်မြည်သံ လိုလို တောတောင်တွေရဲ့ အသံဗလံတွေ ဆူညံပွက်လောရိုက်နေပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြူလိုလို အဖြူငွေ့တွေက လွှမ်းခြုံနေတယ်။ အဲဒီအငွေ့တွေကြားထဲကနေ ဟိုမှ ဒီမှ ပျံသန်းလူးလာနေတဲ့ အနီရောင်မီးတန်းကြီး တွေက လေးငါးဆယ်ခု မကပါဘူး။ ကြည့်ရင်းနဲ့ ခေါင်းရှည်တောင် ထိတ်လန့် ခြောက်ခြားလာတယ်။

'စုန်း. စုန်းတွေ ထင်တယ်. . အဘ'

'ရတယ်. . သူတို့ ဝင်မလာရဲဘူး'

'ဟို. . ဟိုမှာ အဘ. .'

'ကဲ. သွားလေရော. .'

ရုတ်တရက် အနီရောင်မီးလုံးကြီးက စည်းအပြင်ဘက် ဝန်းရံပတ်နေရာက မြူခိုးငွေ့တွေကြား ဖြုန်းခနဲ ဝင်လာတာနဲ့ သူ့ လက်ထဲက အင်းတစ်ချပ်နဲ့ လှမ်းပစ်လိုက်တယ်။

"ဟာ. ."





"ဖုန်း. . အီး. ."

အင်းရာဇာကြီးထဲက အလင်းရောင်တန်းကြီးတစ်ခုက ဝင်းခနဲ ထွက်သွားပြီး အနီရောင် မီးလုံးကြီးဆီ သွားထိတဲ့အခါ မီးလုံးကြီးက ဖုန်းခနဲ မီးတောက်ကြီး ဖြစ်သွားပြီး အော်ညီးသံကြီး အက်ကွဲစွာ ပေါ်လာပြီး ဖျတ်ခနဲ ပျောက်ကွယ် သွားတယ်။

"ကဲ. . ကဝေမတွေ. စုန်းမီးတွေ. . လာကြစမ်း"

"ဟို. . ဟိုမှာ"

သူတို့ရှိတဲ့ စည်းအပြင်ဘက် အမှောင်နဲ့ မြူရိပ်တွေ လွှမ်းခြုံနေတဲ့ အငွေ့တွေကြားမှာ မီးလုံးတွေက ဟိုမှဒီက လူးလာဆန်ခတ် ပျံဝဲနေသလို ကြောက်မက်ဖွယ်ရာ အသံဗလံ မျိုးစုံကလည်း ဝန်းကျင် တစ်ခုလုံး ဆူညံနေတယ်။ ခေါင်းရှည် ဘဝတစ်သက် ဒီလိုအဖြစ်မျိုး မကြုံဖူးပါဘူး။ အမှန်တော့ ဆရာဇဗ္ဗူအေး ရှာဖွေနေတဲ့ ပညာသိုက်ကြီးနဲ့ ပတ်သက်တဲ့ နာမ်လောက ပုဂ္ဂိုလ်တွေရော၊ တောထဲ တောင်ထဲမှာ နှစ်ပေါင်းများစွာ မကျွတ်မလွတ်ဘဲ ရှိနေတဲ့ တောလမိုင်း တောင်လမိုင်းတွေကပါ အခွင့်ကောင်းယူပြီး ဟကြွသောင်းကျန်း လာကြတာပဲဖြစ်လိမ့်မယ်။

ဆရာလေး ဇဗ္ဗူအေးကတော့ သူ ရွတ်စရာရှိတာ ရွတ်နေသလို သူ့အနားကို ရောက်လာတဲ့ အဖြူရောင် အနီရောင် အရိပ်တွေကို လက်ထဲက ဆန်မန်းတွေနဲ့ နေရာအနှံ့ကျဲပြီး ပါးစပ်ကလည်း မန္တန်ကို အရွတ်မပျက်ပါဘူး။

"ခေါင်းရှည်. သတိထား၊ စည်းအပြင် မကျွံစေနဲ့. . "

"မောင်ဇဗ္ဗျူအေးရေ. . ရွာထဲက ကဝေတွေက နည်းနည်း အစွမ်းထက်နေပါလား၊ အလို. . ငါကလည်း အင်းရာဇာကွ၊ ကဲ သွားစမ်း ကဝေမကြီး. . "

"ရှို. . "

"ဖျော. . ဖျော"

"အီး. . အူ. . "

"ဟီး. . ဟား. . ဟား. . "

"ဖောင်း. . "

ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရိပ်တွေ နာနာဘာဝ အရိပ်ယောင်တွေက ဝုန်းဒိုင်းကျဲနေတယ်။ အင်းရာဇာကြီး လက်ထဲ က အပြာရောင် အလင်းတန်းတွေက ဒလစပ် ဖြာထွက် သွားပြီး ထိမှန်တဲ့ နာနာရုပ်တွေ မှန်သမျှ မီးတောက်တွေအဖြစ် တောက် လောင်ပြီး အမှုန်အစဖြစ် ပျောက်ကွယ်သွားကြတယ်။ ခေါင်းရှည် ကလည်းသူ့ကို ပေးထားတဲ့ အင်းချပ်တွေနဲ့ ဆေးလုံး တွေနဲ့ အနားရောက်လာတဲ့ ဝိညာဉ်တွေကို ပစ်ပေါက်တယ်။ အဘ အင်းရာဇာကြီးရဲ့ အင်းချပ်တွေက အစွမ်းထက်ပါဘိ။

အလင်းရောင်တွေ ဖြာထွက်ပြီး ထိတဲ့ မကောင်းဆိုးရွား မိစ္ဆာတွေ မှန်သမျှ အုံးခနဲပဲ။

"ဂူတံခါးတော့ ပွင့်သွားပြီ အဘအင်းရာဇာ. . "

"ဒါဆို. . ငါတို့ လိုချင်တဲ့ ပရပိုဒ်ရပြီပေါ့၊ ဒီရွာက





ပညာစက် ကဝေမတွေ အစွမ်းက မသေးလှဘူး မောင်ဇဗ္ဗျူအေးရေ တော်သေးတာပေါ့ကွာ. . ကဝေကျွမ်းပြန်. အင်းအစွမ်းပဲပေါ့. . "

ဆရာဇဗ္ဗျူအေး တစ်ကိုယ်လုံးလည်း မထွက်စဖူး ချွေးတွေ စိုနေပြီး၊ နဖူးမှာတော့ ချွေးသီးတွေ စို့နေတုန်းပါပဲ။ ဘယ်အရာမဆို ဘယ်လို ပညာရှင်နဲ့ တွေ့တွေ့ တည်ငြိမ်စွာ ရင်ဆိုင်ခဲ့တဲ့ ဆရာ ဇဗ္ဗျူအေးက အခု တစ်ကြိမ်မှာတော့ နည်းနည်း ပိုပြီး အဆင့်မြင့်တဲ့ စုန်း၊ ကဝေတွေနဲ့ ကြုံကြိုက်လိုက်ရတဲ့ သဘော ထင်တယ်။

တစစနဲ့ ခုန. သူတို့ ကျောက်လှိုဏ်ဂူတံခါးကြီးကို စတင် ပြီး ဂူတံခါးပွင့်အောင်စပြီး လုပ်နေစဉ်က ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်နေတဲ့ ကျောက်နွားသိုးတောင်ကြီးက တဖြေးဖြေး လင်းချင်းလာနေပြီ။ အဲဒီတော့မှ ပတ်ဝန်းကျင်ကို ကြည့်ပြီး ခေါင်းရှည် ထိတ်လန့်တကြား ဖြစ်သွားရတယ်။

'ဟာ. . '

ဘာပြုလို့လည်းဆိုတော့ သူတို့ လေးဖက်လေးတန် ပွဲတွေနဲ့ စည်းချကာရံထားတဲ့ ပရိတ်ကြိုးကြီးရဲ့ အပြင်ဘက်မှာ ကြောက်မက် ဖွယ် ရုပ်အဆင်းအင်္ဂါမျိုးစုံနဲ့ ဖရိုဖရဲ လဲကျ၊ ဝိဉာဉ်မဲ့နေတဲ့ တောကြောင်လို အမွေးစုတ်ဖွားနဲ့ သတ္တဝါကြီးတွေ၊ ပဒက်လိုလို ဖွတ်လိုလို အကောင်တွေ၊ ဖားပြုပ်မည်းမည်းကြီးတွေ။ ပုတ်သင်ညို လို ကျောမှာဆူးတောင်နဲ့ အကောင်တွေ၊ ရုပ်ပျက်ဆင်းပျက် ညှိမည်းပြီး သေဆုံးနေကြတာ ပွစာကြဲနေတယ်။

"အင်း. . အဖျက်တွေကတော့ အတော်များတာပဲ. . "

"အင်းပေါ့၊ မောင်ဇမ္ဗူအေးရေ. တို့က ဒီပညာပရိုဒ်နဲ့ သတ္တဝါကယ်သာသနာပြုဖို့ ပညာစခန်း တစ်ဆင့်လှမ်းဖို့ အဝေးကြီးကနေ ဒုက္ခခံလာပြီး ရယူတယ်ဆိုတာ သူတို့က သိမှမသိဘဲ. . တို့ကို သိုက်ဆရာတွေလို့ ထင်မှာပေါ့ကွာ. ."

". . ဘာပဲပြောပြော အင်းရာဇာကြီးရေ. . ၊ ကျုပ်တို့ ရည်ရွယ်တဲ့ ရည်ရွယ်ချက်တော့ အောင်မြင်ပြီပေါ့ဗျာ။"

"ကဲ. . မောင်ဇမ္ဗူအေးရေ အချိန်ရှိတုန်း ငါတို့ လိုချင်တဲ့ ပရိုဒ် ဝင်ရှာရအောင်. ."

"ကောင်းပြီလေ. အဘအင်းရာဇာကြီး အခုပဲ ဝင်ကြတာပေါ့. ."

စကားဆုံးတာနဲ့ ဆရာလေးဇမ္ဗူအေးက ဦးဆောင်ပြီး ပွဲတော်များနှင့် စည်းဝိုင်းထဲက ထွက်ကာ ပုံစံအမျိုးမျိုးဖြင့် ရုပ်ပျက်ဆင်းပျက် ညှိမည်းပြီး သေဆုံးနေကြတဲ့ နာနာဘာဝရုပ် အကောင်ဗလောင်များကို ခွကျော်ကာ ဂူကြီးထဲ ဝင်ခဲ့ကြတယ်။ သူတို့ လိုချင်သော ပရိုဒ်အား မရသေးပေ။ ကျောက်လှိုဏ်ဂူကြီး၏ အတွင်း တစ်နေရာတွင် ရှိပါလိမ့်မယ်။

ကျောက်လှိုဏ်ဂူကြီးက အဝ၌ ကျဉ်းသယောင်ရှိပေမယ့် အတွင်းကို အနည်းငယ်ဝင်မိတဲ့အခါ ရေစီးသံသဲ့သဲ့လေးကြားရပြီး အတွင်း၌ အတော်လေး ကျယ်ဝန်းပါတယ်။ အခန်းအကျယ်ကြီး တစ်ခုကျော်တော့ ဥမင်လှိုဏ်ခေါင်းပေါက် သုံးခုအား တွေ့တယ်။ ခက်တာက ဘယ်အပေါက်ကနေ ဘယ်ကိုပေါက်တာလဲ ဆိုတာ





သူတို့ မသိကြတာပါပဲ။

"မောင်ဇမ္ဗူအေး. ဘယ်လိုလဲ. ."

"ရပါတယ်။ အဘအင်းရာဇာရယ်. . နောက်ဆုံး ခြေရာခံ အင်းချပ်အစွမ်းနဲ့ပဲ ပရိုဒ်ကို ရှာရမှာပဲ၊ ရတနာတွေကတော့ ကျုပ်တို့အတွက် မလိုအပ်ပါဘူး။ တိုင်းပြည်ရဲ့ အကျိုးရှိတဲ့ ကိစ္စတွေနဲ့ ဘုရားတည် ကျောင်းဆောက်လုပ်ငန်းတွေမှာ သုံးရမှာပဲ. ."

". . ကဲ လုပ်ငန်းစလိုက်ကြရအောင်. ."

စကားဆုံးတာနဲ့ ဆရာဇမ္ဗူအေးက သူ့ညာလက်ကို တစုံတခု မန်းမှုတ်လိုက်တာနဲ့ လက်ညှိုးကနေ စိမ်းပြာရောင် အလင်းတန်းလေးတစ်ခု ဖြာထွက်လာပြီး စည်းချလိုက်ပါတယ်။ စည်းချထားတဲ့အလယ်မှာ ခေါင်းရှည်တို့ သုံးယောက်က ရပ်နေကြတာပါ။

ဆရာလေး ဇမ္ဗူအေးက စည်းဝိုင်းအလယ်မှာ ထိုင်ပြီး ဖယောင်းတိုင်တစ်တိုင် ထွန်းတယ်။ နောက် သူ့လွယ်အိတ်ကြီးထဲကနေ အင်းချပ်တစ်ခုကို ထုတ်လိုက်ပြီး နောက်ထပ် ဖယောင်းတိုင်တစ်တိုင်ကို အဲဒီအင်းချပ်ပေါ်မှာ တင်ထွန်းလိုက်တယ်။ နောက် တရားထိုင်လိုက်တယ်။

သိပ်မကြာပါဘူး။ ထူးခြားတာက အင်းချပ်ပေါ်က ဖယောင်းတိုင် ထွန်းပြီးပြီးချင်း ခဏချင်းမှာပဲ အင်းချပ်ကနေ အဝါရောင်၊ အစိမ်းရောင် စတဲ့ ရောင်စုံအလင်းတန်းကြီးတွေက ဖြာထွက်လာပြီး ကျောက်ဂူကြီး နံရံတွေနဲ့ ကျောက်ခက် ပန်းဆွဲ၊

ကျောက်ထွင့် ကျောက်ချွန်တွေကြား ဝေ့ဝဲလှည့်ပတ်နေကာ ထူးဆန်းစွာ မြင်လိုက်ရတာပဲ။

ဆရာ ဇဗ္ဗူအေးမှာ အဲ့လို ထူးဆန်းတဲ့ အင်းချပ်ရှိတာ ခေါင်းရှည် တစ်ခါမှ မမြင်ဖူးပါဘူး ။ တစ်ခုလုံး ရောင်စုံ အလင်းတန်း တွေက ဟိုက ဒီကို လူးလာလှည့်ပတ်နေတယ်။ အဲဒီ အချိန်မှာ ထူးဆန်းလှစွာ. . .

'ရော. . ရော. . '

'ဂျလိမ်း. . ကျိမ်း. . '

ကျောက်ဂူကြီး တစ်ခုလုံး ခုချက်ခြင်းပဲ မီးတောင်ကြီး တစ်ခုက ပေါက်ကွဲခါနီး တွန့်ခါလာသလို သွက်သွက်ခါအောင် လှုပ်ရှားလာသောကြောင့် ခေါင်းရှည် အထိတ်တလန့်နဲ့ ကျီးကြည့် ကြောင်ကြည့် ဖြစ်နေရတယ်။ အဘအင်းဝိဇ္ဇာကြီးကို ကြည့်မိတော့ လက်ထဲမှာလည်း အင်းချပ်တစ်ချပ်ဆီ ဘယ်ညာကိုင်ထားပြီး သတိ မလစ်တဲ့ပုံနဲ့ ဂူအခန်းကြီးကို အကဲခတ်ကြည့်နေတယ်။

'ဝေါ. . '

အဲဒီအချိန်မှာပဲ အစိမ်းရောင် အငွေ့အမျှင်တွေက ကျောက်ဂူအခန်းရှည်ကြီး တစ်ခုလုံးကို မြူခိုးမြူငွေ့တွေလို လွှမ်းဖုံး သွားလေရဲ့။ စည်းဝိုင်းထဲက ဆရာဇဗ္ဗူအေး၊ အဘအင်းရာဇာကြီး တို့ကိုတောင် တယောက်နဲ့တယောက် နီးကပ်နေလျှက် မမြင်ကြ ရတော့ဘူး။ ခေါင်းရှည်က အတွေ့အကြုံမရှိတော့ နည်းနည်းတော့ ချောက်ချားမိတာ အမှန်ပဲ. .





'ဝေါ. . ဂရိ. . '

'ဂရိ. . '

'ဟာ. '

ဖြုန်းခနဲဆို ဥမင်ပေါက်ကြီး တစ်ခုကနေ ထိတ်လန့် ချောက်ချားဖွယ် အသံကြီးနဲ့ သတ္တဝါကြီးတစ်ကောင် ပြေးထွက် လာတာ ခေါင်းရှည် မြင်လိုက်ရတယ်။ အကောင်ကြီးက တစ်ကိုယ် လုံး အညီအစွန်းတွေ လိမ်း၍ ပေကျံပြီး လူဝံကြီးလိုလို၊ ကမ္ဘာဦးက နှစ်ပေါင်းရာချီအောင် မြေတွင်းထဲ အောင်းနေခဲ့ရတဲ့ မြေအောင်း သတ္တဝါကြီး တစ်ကောင်လိုလို၊ အမျိုးအမည် ဖော်ပြရ ခက်ခဲတဲ့ အချွန်အတက်တွေနဲ့ လက်သည်းကြီးတွေက ရှည်လျားပြီး ကြီးမား တဲ့ ပါးစပ်ကြီးကလည်း တစ်လံလောက်ရှိတဲ့ သွားချွန် ဖွေးဖွေး ကြီးတွေကိုဖြဲပြီး တရွေ့ရွေ့ တိုးလာတာ တွေ့နေရတယ်။

ပထမဆုံး အဘအင်းရာဇာကြီးရဲ့ လက်ထဲက အင်းချပ်က အနီရောင်အတန်းကြီးဟာ ဝေါခနဲ ပြေးထွက်ခွာပြီး အဲဒီ အကောင်ကြီးကို သွားထိတယ်။

'ဂရော. . '

လူဝံလိုလို၊ ရှေးကမ္ဘာဦး သတ္တဝါကြီးလိုလို၊ အကောင်ကြီး ကို သွားထိတော့ နောက်ကိုတွန့်ပြီး လန်သွားတယ်။ ဒေါသ ထွက်သွားတဲ့ အကောင်ကြီးက ဂရီး ဂရော်ဂုနဲ့ ရှေ့တိုးလာပြီး ပါးစပ် ထဲကနေ မီးတန်းကြီးက သူတို့ထံ ဖြောင်းလာတယ်။

'ဟိတ်'

အဲဒီအချိန်မှာပဲ ဆရာဇဗ္ဗူအေးက သူ့လက်တစ်ဖက် ဝှေ့ရမ်းလိုက်တာနဲ့ အလင်းရောင် စက်တွေက ဇဗ္ဗူအေးရဲ့ ညာလက်ကနေ တဝင်းဝင်းတပြက်ပြက် ပြေးထွက်သွားပြီး၊ အဲဒီ သတ္တဝါကြီး တစ်ကိုယ်လုံးကို ဖုံးအုပ်သွားတယ်။

'ဟီး. . ဂရိး. . '

ဆရာဇဗ္ဗူအေးရဲ့ အင်းချပ် အစွမ်းက တဝင်းဝင်း တလက်လက် အရောင်တွေ ဖြစ်ပေါ်နေပြီး ခဏအကြာမှာ အစိမ်းရောင် မြူငွေ့တွေက အခန်းကြီးထဲ ပြယ်လွင့်သွားတယ်။ ခုန သူတို့ ပြောနေရတဲ့ လူဝံလိုလို အရုပ်ဆိုးဆိုး သတ္တဝါကြီးက သူတို့ရှေ့မှာ မရှိတော့ဘူး။

အဲဒီအချိန်မှာပဲ အလယ်ဖက် ဥမင်လိုဏ်ဂူကြီးထဲက အဖြူရောင် ဝတ်ရုံနဲ့ အဘိုးကြီးတစ်ဦး လှမ်းထွက်လာတာကို မြင်လိုက်ကြရတယ်။ အသက်က ဘယ်လောက်ရှိပြီမှန်း မမှန်းဆ တတ်ပေမယ့် ကိုင်ထားတဲ့ တောင်ဝှေးကြီးက အပင်တွေ နွယ်တွေ ပေါက်နေပြီး မုတ်ဆိတ်ဖြူကြီးက ခါးလောက်ထိ တွဲရရွဲကျနေတယ်။ မျက်ဝန်းအစုံက စူးလက် တောက်ပနေကာ ပြောရရင် ဘယ်သူမှ ရင်ဆိုင်မကြည့်ရဲလောက်အောင် အစွမ်းသိဒ္ဓိထူး တစ်ခုက အလင်းရောင်လို ဖြာထွက်နေတယ်။

အဖြူရောင်ဝတ်စုံနဲ့ အဘိုးအိုကြီးက ဆရာဇဗ္ဗူအေး သူ့ရှေ့ရပ်ပြီး. .

". . အိမ်း၊ မင်းရဲ့ ပညာက ဘယ်ဆိုးလို့လဲကွ၊ မဟုတ်





လွဲရော မင်းခုသုံးသွားတဲ့ အင်းအတတ်ပညာက ငါ့ရဲ့ မိတ်ဆွေကြီး ဖြစ်တဲ့ ရသေ့ကြီးဒီပွရဲ့ အတတ်တွေပဲ၊ မင်း. . ဆရာသခင်နဲ့ငါ တောင် ဟိုလတုန်းက ဟိမဝန္တာက တရားဂူမှာ ကြုံခဲ့ရသေးတယ်"

"အဘဖြူကို ကျူပ် ကန်တော့ပါတယ်"

"အိမ်းအိမ်း၊ သာဓု ခေါ်ပါတယ်၊ အဘိုးဖြူကိုလည်း ဒီပရပိုဒ်ကို ထိုက်တန်တဲ့ သူ့လက်ထဲ ရောက်ချင်နေစေတာ၊ ဒါမှ လောကကို အကျိုးပြုမဲ့ ပညာတွေ ပြန့်ပွားမှာကိုး၊ ဒီအတွင်း ဂူထဲတောင် ရောက်အောင်လာနိုင်တဲ့ မင်းရဲ့ ပညာအစွမ်းကိုလည်း သိသာပါတယ်။ နောက်ပြီး မင်းရဲ့ဆရာသခင် ရသေ့ကြီးရဲ့ အမှာ စကားအရလည်း ပါတယ်ပေါ့ကွာ. ."

"ကဲ. အင်းပရပိုဒ်ကို ယူသွားပေတော့. .၊ ရတနာတွေ ကိုလည်း မင်း ထိုက်ရာသင့်ရာ ထုခွဲပြီး သာသနာပြု ဘုရားတည် ကျောင်းဆောက်တဲ့ နေရာတွေမှာ အသုံးပြုပေါ့၊ ကဲ. ."

စကားဆုံးတာနဲ့ အဘိုးဖြူကြီးက လက်တစ်ဖက် ဝှေ့ရမ်း လိုက်တဲ့အခါ အဖြူရောင် အလင်းတန်းတွေက တဖျပ်ဖျပ်လက် သွားပြီး နံရံမှာ အပေါက်ကြီး တစ်ခု ဖြစ်သွားကာ အံ့ဩစရာ တွေ့လိုက်တယ်။ အဲဒီ အပေါက်ငယ်လေးရဲ့ နံရံမှာ ရတနာပစ္စည်း အချို့နဲ့ အလယ်မှာ ဟောင်းနွမ်းစပြုနေတဲ့ အဝါရောင် ပရပိုဒ် ကို တွေ့မြင်နေရတယ်။

"ကဲ. ကဲ. . ဒါကို ယူပြီး ဌာနေကို ပြန်ကြတော့၊ မင်းတို့ ဒီကိုလာရင်း တည်းခဲ့တဲ့ ရွာထဲက မကောင်းတဲ့ စုန်း၊ ကဝေ အတတ်

စက်ပညာရှင်တွေကိုလည်း နှိမ်နင်းခဲ့တာ ကျေးဇူးပါကွယ်။ သူတို့ကလည်း သူတို့အတတ်တွေ မြင့်မားအောင်၊ အထက်ဂိုဏ်းပညာရှင်ကြီးတွေတောင် လိုက်မမီအောင် ပညာတွေ အစွမ်းထက်ချင်လို့ ဒီ ပရပိုဒ်ကို အမျိုးမျိုးလာပြီး အနှောက်အယှက်ပြုရအောင် ကြိုးစားနေကြတာ။ ဒီမှာ စောင့်ရှောက်တဲ့ အစောင့်အရှောက်တွေကို မလှန်နိုင်ကြလို့သာ မရတာ။"

ဆရာဇဗ္ဗူအေးက ကျောက်ဂူတွင်းလေးထဲမှ ပရပိုဒ်ကို ယူကာ လွယ်အိတ်ထဲ ထည့်လိုက်စဉ် အဘ အင်းရာဇာကြီးနဲ့ ခေါင်းရှည်ကလည်း ရတနာတွေကို သာသနာပြုလုပ်ငန်းတွေမှာ အသုံးပြုဖို့ အဘဖြူကြီးရဲ့ ခွင့်ပြုချက် စကားနဲ့ အိတ်နဲ့ထည့်တယ်။

"..ကဲကဲ၊ အဘိုးဖြူရဲ့ တာဝန်လဲပြီးပြီ။ ပညာပရပိုဒ်လည်း ထိုက်သင့်တဲ့ လူရဲ့ လက်ထဲ ရောက်သွားပြီ ဆိုတော့ အဘလည်း သိပ်မကြာခင် ဟိမဝန္တာတောထဲ ဝင်ရတော့မယ်။ လူလေးတို့ကို နှုတ်ဆက်ခဲ့ပါတယ်.."

"ဟုတ်ကဲ့ပါ အဘိုးခမျာ၊ ဒီပညာနဲ့ ဒီရတနာတွေကို ကျုပ်တို့က သတ္တဝါတွေ ကယ် သာသနာပြုလုပ်ငန်းတွေမှာ သုံးစွဲမှာပါ။ ကိုယ်ကျိုး အသုံးမပြုပါဘူးလို့ ကတိပေးပါတယ်.."

"သာဓု၊ သာဓု၊ သာဓု"

ဆရာဇဗ္ဗူအေးနဲ့ အဘအင်းရာဇာကြီး၊ ခေါင်းရှည်တို့ ကန်တော့နေစဉ်မှာပဲ သူတို့ ရှေ့ကနေ အဖြူရောင် ဝတ်စုံနဲ့ အဘိုးဖြူက ဖျတ်ခနဲ ပျောက်ကွယ်သွားတယ်။ ဟိမဝန္တာတောကြီးထဲ





သိဒ္ဓိထူးတွေ စွမ်းအားနဲ့ ကြွသွားပြီထင်ပါတယ်။

ခေါင်းရှည်က သူ့ဆရာ ဇဗ္ဗူအေးကို ကြည့်လိုက်တော့ ဆရာဇဗ္ဗူအေးရဲ့ မျက်နှာက ပြုံးယောင်ယောင်လေး ပြုံးနေတာကို အံ့သြစဖွယ် မြင်လိုက်ပါတယ်။

❑ ❑ ❑

မှတ်ချက် ။ စကားကြွင်း

ယခုအခါ ဆရာဇဗ္ဗူအေးမှာ အသက်(၅၀)လောက်ရှိပြီး မြန်မာနိုင်ငံ အနှံ့အပြား နယ်လှည့်ကာ ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာပြု သတ္တဝါကယ် လုပ်ငန်းများ အဆက်မပြတ် လုပ်ကိုင်နေလေသည်။ ထူးဆန်းလှစွာ မယုံကြည်နိုင်ဖွယ် ပညာ စခန်း၊ ကျင့်စဉ်စခန်းများနှင့် စုန်းကဝေ၊ ဇော်ဂနီ ဇော်ဂနက်မှအစ အောက်လမ်းအတတ် ပညာရှင်များဖြင့် ယှဉ်ပြိုင်ရခြင်းများလည်း မြောက်မြားစွာ ကြုံတွေ့ခဲ့ရသည်ဟု ပြောပြပါသည်။ အဆင်သင့်ပါက ရေးသားဖော်ပြပေးပါမည်။

❑ ❑ ❑

ရွှေဘုန်းကံ



# ဂစ်တာတီးတဲ့ကောင်လေး

**ဝင်းဘုန်းသိင်္ခသူ**

ကျောင်းပြီးခါစ ဘွဲ့ယူပြီး မည်သည့် အလုပ် လုပ်ကိုင်ရမည်ကို စဉ်းစားနေခိုက်မှာပင် ကျွန်တော့်အဖို့ အိမ်စောင့်ရန် တာဝန်တစ်ခု ပိုလာသည်ဟု ဆိုရပေလိမ့်မည်။ ကျွန်တော် နေထိုင်





ရာသည် ကျောက်မြောင်းရပ်ကွက် မြို့သစ်ဖော် စီမံကိန်းအရ ကျူးကျော်များ ဖျက်သိမ်းပြီး မြို့သစ်များသို့ နေရာချပေးသောအခါ ကျွန်တော်၏ မိခင်ဘက်မှ ဆွေမျိုးများလည်း ပြောင်းရွှေ့သည့် အထဲတွင် ပါဝင် သွားပေရာ ကျွန်တော့်မိခင်၊ ညီအစ်ကို တစ်စုက ဆွေမျိုးများ ပြောင်းရွှေ့ရာသို့ လိုက်ပါသွားကာ နေရာထိုင်ခင်း ကူညီ၏။ အိမ်ဆောက်ပေးရခြင်း အလုပ်များနှင့် တာဝန်ပိလျက် ရှိသဖြင့် လက်ရှိ အိမ်တွင် လူမရှိဘဲ ဖြစ်နေရာ ကျွန်တော်က ည ဘက်တွင် လာရောက် စောင့်ရှောက်ကာ ညအိပ်ပေးရခြင်း သဘော သာ ဖြစ်သည်။ မေတ္တာညွန့်ရပ်ကွက် ဘေးရှိ အိုးစုရပ်ကွက်၊ မြန်မာ့ ဂုဏ်ရောင် ရပ်ကွက်နှင့် ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းစကာလ ဖြစ်၍လည်း မေတ္တာညွန့်ရပ်ကွက်မှာ အလယ်တွင် ထီးတည်းကြီး ကျန်ရစ်သလို ဖြစ်နေပေသည်။

ညဘက် ကျွန်တော် လာစောင့်၍ အိပ်ပေးသော အိမ်သည် ကျွန်တော့်မိခင်၏ ညီမအိမ်ဖြစ်ရာ နေ့ခင်းဆိုလျှင် တံခါး ပိတ်ထားရသည်။ ရပ်ကွက်သည် ကျွန်တော့်အဖို့ အသွင် မစိမ်း သော်လည်း ရပ်ကွက်သားများနှင့်တော့ ရင်းနှီးမှုမရှိသေးပါ။ ရင်းနှီး သူများကတော့ ကျူးကျော် ဖျက်သိမ်းသည့်ထဲတွင် အတော်များများ ပါသွားခဲ့ကြပေပြီ။

ကျွန်တော်သည် မှော်ဘီပျိုးစ၊ မိုးရွာစ ကောင်းကင် အောက်ဆီမှ နေအိမ်ဆီသို့ အလျင်အမြန် ပြေးထွက်လာမိလေ သည်။ မိုးသံတွေက တဝေါဝေါ မြည်လာပေပြီ။

ခြံတံခါးကို အလျင်အမြန် ဖွင့်ရင်း အိမ်ထဲသို့ ဝင်လိုက်မိသည်။ တော်ပါသေးသည်။ မိုးလွတ်သွားပေပြီ။ ကြောက်မက်ဖွယ် ဆူညံပြင်းထန်လှသည့် မိုးစက်ကျသံသည် သွပ်ခေါင်မိုး၊ လမ်းမ၊ သစ်ပင်များပေါ်သို့ အငြိုးကြီးစွာဖြင့် ရွာချလေရာ ပတ်ဝန်းကျင် တစ်ခုလုံး မိုးပြိုသကဲ့သို့ ထင်မှတ်ရပေသည်။

ကျွန်တော်သည် အိမ်မီးများကို လိုက်လံဖွင့်ရင်း ဘေးတံခါးပေါက်ကို လေဝင်လေထွက်ကောင်းရန် အနည်းငယ်ဟ,ရင်း တစ်ဖက်အိမ်သို့ ကြည့်လိုက် မိသည်။ တစ်ဖက် ခေါင်းရင်းဘက်မှ အိမ်သည် အုတ်ပတ်ကာ နှစ်ထပ်အိမ် ဖြစ်သည်။ ကျွန်တော်တို့ အိမ်ကတော့ ပျဉ်ကာပျဉ်ခင်း သွပ်မိုး တစ်ထပ်လွှာချင်းအိမ်ကလေးသာ ဖြစ်သည်။ ပေ(၃၀) ပေ(၅၀) မြေကွက်မို့ အသင့်အတင့် ကျယ်ဝန်းသည်ဟု ဆိုရပေမည်။

တစ်ဖက်အိမ်မှာကား ကျွန်တော် ထင်သည့်အတိုင်း မီးမရှိဘဲ အမြဲမှောင်မည်းနေတတ်ပေရာ ညဘက် အကာလ မိုးသည်းသည်းရွာချိန်ဆိုလျှင် ကြောက်မက်ဖွယ် ကောင်းလှသည်။ လူနေထိုင်ခြင်းလည်း မရှိပေရာ အမြဲတိတ်ဆိတ် ငြိမ်သက် နေတတ်သည်။ တကယ်ဆိုလျှင် လူမနေပါက အငှားချထား၍ ဖြစ်စေ၊ အစောင့် တစ်ယောက်ဖြစ်စေ ရှိသင့်သည် မဟုတ်လား။ ကျွန်တော်သည် လမ်းထဲသို့ ရောက်သည်မှာ တစ်လခန့်ရှိပြီ ဖြစ်ပေရာ သည်အိမ်ကြီးတွင် လူဝင်လူထွက် မရှိသည်မှာ ဆန်းပြားလှသည် ပြောရမည်လော။





တစ်နေရာသို့ ခရီးရှည် ထွက်သွားကြသည်လောဟဟု တွေးထင်ရမလို ဖြစ်နေပေသည်။

သို့သော် တစ်နေ့သောအခါ ကျွန်တော်၏ ထင်မြင်ယူဆချက် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည့် ရက်တစ်ရက်ကို ရောက်ရှိလာခဲ့ပေသည်တကား။

ထိုရက်ကား လသာည မိုးတိမ်ကင်းစင်စ ညတစ်ည။

❑

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိစဉ် ထူးခြားသော အသံ တစ်သံကြောင့် အိပ်ရာမှ လန့်ဖျပ်နိုးလာရလေသည်။ အိပ်ရာထဲမှပင် မလှုပ်မရှား ငြိမ်သက်စွာ လဲလျောင်းနေရင်း အသံ တစ်သံကို နားစွင့်နေမိသည်။

ညသည်ကား ချောက်ချားဖွယ် တိတ်ဆိတ်နေကာ ပတ်ဝန်းကျင် တစ်ခုလုံးသည် တစီစီမြည်နေသော ပိုးပုရစ်သံ၊ တကွပ်ကွပ်မြည်နေသော ဖားအော်သံသာ ကြီးစိုးနေပေသည်။

ကျွန်တော်သည် အာရုံကို ပို၍ ချည်မိစေရန် စုစည်းလိုက်သည်။ ထိုအခါ တိုးသော အသံတစ်သံက ညဉ့်ယံကို ဖောက်ထွက်ကာ ခပ်သဲ့သဲ့ ထွက်ပေါ်လာလေသည်။

ဂစ်တာသံ။

သီချင်းတစ်ပုဒ်ကို ရစ်သမ်တီးခတ်လိုက်သဖြင့် ထွက်ပေါ်လာသော ဂစ်တာသံ။ ဂစ်တာသံသည် ကျွမ်းကျင် ပိုင်နိုင်သော လက်သံမှန်း သိထားသည်။

ကျွန်တော့်အဖို့ ပိုမို၍ အံ့ဩစရာ ကောင်းသည့် အချက်ကား ဂစ်တာသံသည် တစ်ဖက် လူမနေသော၊ လူမရှိသော နှစ်ထပ်အိမ်ကြီးဆီမှ ပျံ့လွင့်လာသော ဂစ်တာသံ ဖြစ်နေသောကြောင့်ပင်တည်း။ ကျွန်တော့်ရင်သည် ဖျဉ်းခနဲ တုန်ခါသွားကာ ခုတင်ပေါ်မှ အသာလျှောဆင်း လိုက်မိသည်။ ခုတင်ခြေရင်းဆီမှ ငါးတိုင်အား အပြာရောင် မီးပွင့်ကလေးကို ဖွင့်လိုက်သည်။ မှုန်ပျပျ အလင်းပြာသည် ကျွန်တော် အိပ်စက်ရာ အခန်းကလေးတွင် အလင်းဖြာသွားသည်။

ဂစ်တာသံသဲ့သဲ့ကား ထွက်ပေါ်နေဆဲ။ မည်သည့် သီချင်းကို တီးခတ်နေမှန်း အဓိပ္ပာယ် ဖော်မရပေ။ သေချာသည်ကတော့ တစ်ဖက် နှစ်ထပ်အိမ်အပေါ်ထပ်ဆီမှ ထွက်ပေါ်လာသော အသံမှန်း သေချာလေ၏။ သတ္တုကြိုး၏ တုန်ခါသံသည် သာယာစွာ ထွက်ပေါ်နေဆဲ။

"ဘယ်သူတီးနေပါလိမ့်၊ လူမရှိဘဲနဲ့"

ကျွန်တော်သည် ညည်းညည်းညူညူပြောရင်း ပြတင်းတံခါးကို ဖွင့်လိုက်လေသည်။ အပြင်ဘက်တွင် ရှိနေသည့် နှစ်ထပ်အိမ်ကြီးဆီမှ လရိပ်လွတ်နေသော နေရာဆီမှ အမှောင်သည် ရှည်မျောမျောနှင့်ထင်းလျက်။ မိုးကာလမို့ မိုးသားကင်းသော်လည်း အေးမြလတ်ဆတ်သော လေရိုင်းက ထက်မြက်ထိရှလွယ်သော ဓားသွားတွေပမာ တိတ်ဆိတ်ခြင်းကို တိတ်တဆိတ် ထိုးဖောက်လျက် လေတစ်ချက်ဝှေ့၍ တိုက်ခတ်လိုက်သည်နှင့် နှစ်ထပ်အိမ်ကြီး





ရှေ့ သွေးခဲအေးစက်နေသော အုန်းလက်များ တရှဲရှဲမြည်ကာ ယိမ်းယိုင် လှုပ်ရှားသွားကြသည်။ လေတိုက်လိုက်တိုင်း မပြီးနိုင် မစီးနိုင် တရှဲရှဲ အသံမြည်နေခြင်းကလည်း ငိုကြွေးရှည်သော ကလေးတစ်ယောက်လို တအီအီ ညည်းညူနေသံနှင့် တူသည်။ ဂစ်တာသံက ညင်သာနူးညံ့စွာ ထွက်ပေါ်နေဆဲ။

ညကား ဆယ်နာရီကျော်ပေပြီ။

ခဏကြာတော့ ဂစ်တာသံသည် တိုး၍ တိုး၍ ပျောက်ကွယ်သွားသည်။

'ကေတ္တ-အိမ်စောင့် တစ်ယောက် ရောက်လာပြီ ထင်တယ်။ လူငယ်ပဲနေမှာပဲ'

ကျွန်တော်သည် ပြတင်းပေါက် တံခါးကို ပြန်ပိတ်လိုက်ပါသည်။ နောက်ထပ် ဂစ်တာသံ လုံးဝမကြားရတော့ပေ။ တံခါးပိတ်သံအောက်တွင် ကမ္ဘာလောကကြီး တစ်ခုလုံး တိတ်ဆိတ်သွားသကဲ့သို့ ငြိမ်သက်သွား၏။

❑

သည်နေ့တော့ မိုးစက်ကလေးတွေက ဝဲဝဲယိုင်ယိုင် တဖွဲဖွဲရွာနေသည်။ အချိန်အားဖြင့် ညဉ့်နှစ်နာရီခန့်သာ ရှိပေလိမ့်မည်။ ကျွန်တော် တစ်ဖက်အိမ်ကြီးကို လှမ်းကြည့်လိုက်တော့ ထုံးစံအတိုင်းပင် မည်းမှောင်လျက်ပင်ရှိဆဲ။ ယနေ့က ဂစ်တာသံရှင်ကော ဒီနေ့ည ရှိပါသေးရဲ့လား။ ရှိသေးသည်ဆိုလျှင် မှောင်မှောင်မည်းမည်း ထဲမှာ မီးလေးတစ်ပွင့်တလေတော့ ဖွင့်ထားဖို့ ကောင်းလေသည်။

အိမ်ကြီးကား တိတ်ဆိတ်လျက်။ ဒါဆို အိမ်စောင့် ဂစ်တာရှင် မရှိဘူး ထင်၏။

သို့သော် ကျွန်တော်၏ အတွေး မဆုံးမီမှာပင် လှုပ်ရှားမှု တစ်ခုကို စတင် တွေ့လိုက်ရပါတော့သည်။

ဘောင်းဘီဝတ်ထားသော လူငယ်လေး တစ်ယောက်သည် ကျွန်တော် ရပ်တန့်နေရာ ပြတင်းပေါက်အပေါ်ရှိ ထပ်ခိုးမှ လသာဆောင်ကို ကျောပေးကာ ရပ်နေခြင်း ဖြစ်သည်။ လူငယ်ကလေးသည် လက်နှစ်ဖက်ကို အနောက်သို့ ထောက်၍ အေးအေးလူလူ ရပ်နေခြင်း ဖြစ်သည်။ ကျွန်တော် သူ့ကို ကြည့်နေသည်ကိုလည်း သိရှိဟန်မတူပေ။

လူငယ်ကလေးသည် ဘာကြောင့် အမှောင်ထဲမှာ ရပ်တန့်နေရပါသလဲ။

ကျွန်တော် တွေးတောရင်း လူငယ်လေးကို မော့ကြည့်လိုက်တော့ ရပ်နေရာမှာ မရှိတော့ပေ။ လူငယ်လေး ထွက်ခွာသွားပုံမှာ မြန်ဆန်လွန်းသည် ထင်သည်။

သို့သော် -

ခဏကြာလျှင် ဂစ်တာသံသဲ့သဲ့ ကြားရပြန်လေသည်။

သို့သော် ကျွန်တော်သည် ဒုတိယအကြိမ်မြောက် ကြားလိုက်ရသည့် ဂစ်တာသံကို ဂရုမစိုက်နိုင်ဘဲ နောက်ဖေးဘက်သို့ ဝင်ကာ အဆင်သင့် ဝယ်ယူလာသည့် ထမင်းနှင့် ဟင်းကို စားရန် ပြင်ဆင်ရပြန်သည်။ ညဘက် ဆာလောင်ပါက စားသောက်ရန်





မုန့်ပဲသရေစာအချို့လည်း ပါလာသေးသည်။ ငါးမုန့်ထုပ်၊ ဗယာကြော်၊ အာလူးချောင်းကြော် စသည်ဖြင့် ဖွယ်ဖွယ်ရာရာ ဖြစ်ပေသည်။

ထမင်းစားသောက်ပြီးသောအခါ ည (၉)နာရီ ထိုးပေပြီ။ ပတ်ဝန်းကျင်တွင် စွတ်စိုထိုင်းမှိုင်းမှုဖြင့် ရှိနေသော်လည်း မိုးပေါက်ကလေးများကတော့ ကျဆင်းမလာတော့။ စောစောက ဂစ်တာသံလည်း မကြားရတော့။ ပကတိ တိတ်ဆိတ်လျက်။

ကျွန်တော်လည်း ပျင်းပျင်းရှိသည်နှင့် အိမ်ရှေ့ စာရေးစားပွဲမှ သံဆန်ခါကွက်များကို ကျော်ကာ တစ်ဖက်ခြံထဲကို ကြည့်လိုက်ရာ လူငယ်ကလေးသည် ကျွန်တော်ထိုင် နေရာသို့ လှမ်းကြည့်နေသည်ကို တွေ့လိုက်ရပေ၏။ ကျွန်တော်သည် တစ်ယောက်တည်း ညဥ့်ယံကို ဖြတ်သန်းရသည်က တစ်ကြောင်း၊ စကားပြောဖော် တစ်ယောက်ယောက် လိုအပ်နေသည်က တစ်ကြောင်း စသည်တို့ကြောင့် ထိုင်နေရာမှ အသာထကာ အိမ်အောက် ခြံထဲသို့ ဆင်းလိုက်မိသည်။ ထိုအချိန်တွင် လူငယ်ကလေးသည် အိမ်နှစ်အိမ်၏ ခြံစပ်တွင် ရပ်နေခြင်း ဖြစ်သည်။

လူငယ်ကလေးကို မြင်သည်နှင့် ကျွန်တော်အပြုံးဖြင့် နှုတ်ဆက်လိုက်ကာ -

"ညီလေး"

ကောင်လေးသည် ကျွန်တော့်အသံကြောင့် ရုတ်တရက် လန့်ဖျပ်သွားကာ အနောက်သို့ ခြေလှမ်းနှစ်လှမ်းစာမျှ ဆုတ်လိုက်

ပါသည်။ သူ့မျက်နှာသည် ကျွန်တော့်အသံကြောင့် လည်းကောင်း၊ ကျွန်တော့်ကို မြင်လိုက်ရသောကြောင့် လည်းကောင်း ကြောက်လန့်တကြားဖြင့် အနောက်သို့ ဆုတ်လိုက်ပုံမှာ ဣန္ဒြေပျက်လွန်းလှသည် ထင်သည်။ သည်လောက်အထိ ဣန္ဒြေပျက်ဖို့ မသင့်ပေ။

ကောင်လေးသည် ဘာမှမပြောဘဲ ကျွန်တော့်ကို ငေးကြောင်ကြည့်နေပေသည်။

"ဒီညီလေးက ဒီနှစ်ထပ်အိမ်ကလား"

ခေါင်းညိတ်ပြသည်။

ကျွန်တော် ချိုသာစွာ စကားပြောလိုက်တော့ အနည်းငယ် စိတ်သက်သာရာရကာ ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။ သို့သော် မျက်နှာပြင်ကတော့ ကြောင်စီစီနှင့်။

"ကိုယ် နှစ်ညရှိပြီ ဂစ်တာသံကြားနေရတာ။ ညီလေး တီးတာလား"

သူက ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းများဖြင့် ကြည့်ကာ ဆတ်ခနဲ ခေါင်းညိတ်ပြသည်။ သူသည် ကျွန်တော်ရှိရာကို တိုးကပ် ရမည်ကို ဝန်လေးနေပုံရသည်။

"တော်တယ်ကွာ၊ လက်ရာမြောက်တယ်။ မင်းဘာသီချင်း တွေ ရသလဲ"

"စိုင်းထီးဆိုင်၊ နိုင်ထူး၊ မြန်မာပြည်သိန်းတန်၊ စိုးပိုင်"

ခပ်သွက်သွက် ဖြေသည်။

"မင်းရဲ့ အကြိုက်ဆုံးတစ်ပုဒ် ပြောကွာ"





"စိုးပိုင်ရဲ့သီတာ"

"အဲဒီသီချင်း အစ်ကိုလည်း ကြိုက်တယ်။ အားရင်ဆိုပြ ကွာ၊ ဪ-ဒါထက် အစ်ကို ဒီမှာနေလာတာ တစ်လကျော်ပြီ။ ...င်းကို အခုမှပဲ တွေ့ရတော့တယ်။ ညီလေးကို အပြင်ထွက်တာ ...သည်း မတွေ့ရ၊ တစ်ယောက်တည်းထင်တယ်"

"ဟုတ်ကဲ့-တစ်ယောက်တည်း"

"တစ်ယောက်တည်း စောင့်နေရတာ ပျင်းစရာကွာ"

"စောင့်နေရတာ ဟုတ်လား၊ ဟုတ်တယ် စောင့်နေရတာ ကျွန်တော် အစောင့်. . ."

ကောင်လေးသည် ကျွန်တော့်ကို အထိတ်တလန့်ကြည့်ကာ တစ်ယောက်တည်း ပြောသလို ရေရွတ်နေသည်။ ဘာကြောင့် ဒီ စကားလုံးကို အရေးတကြီး ရေရွတ်နေရတာလဲ။

"အေးလေ- အိမ်စောင့်ပေါ့၊ အစ်ကိုလည်း ဒီမှာ ဆွေမျိုး တွေ မရှိလို့ လာစောင့်ပေးနေရတာ။ အလုပ်တွေကလည်း လျှောက် သွားကုန်းကွ"

ကောင်လေး၏ မျက်နှာသည် သိသာစွာ ချက်ချင်း ညှိုးရော်သွားသည်။

"ကျွန်တော်လည်း စောင့်နေရတာပါပဲ၊ ကြာပါပြီ အင်း"

"အိုကွာ - အိမ်စောင့်တာပဲ ဘာပင်ပန်းတာမှတ်လို့၊ အိမ်တောင် ရှိသေး။ စားလိုက်သောက်လိုက်။ ဒါနဲ့ ညီလေး ဘာစား ပြီးပြီလဲ။ အပြင်ထွက်တာလည်း မတွေ့. . ."

ကောင်ကလေးသည် ပြုံးတုံးပျာတာဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

"အင်း- ကျွန်တော်လား ဆာသလား၊ မဆာသလားတောင် မသိပါဘူးဗျာ"

"ဆာရင် အပြင်ထွက်စားပေါ့ကွာ။ အခု ကျူးကျော်တွေ ဖျက်လိုက်တော့ ဈေးဆိုင်တွေ ပျောက်ကုန်ပြီ ညီလေး။ အာသောက ဘက် ထွက်ရင်တော့ စားစရာစုံပါတယ်။ ကြိုက်တာရတယ်"

ကောင်လေးသည် ကျွန်တော့်ကို တအံ့တသြကြည့်သည်။

"ကျူးကျော် ဟုတ်လား"

"ဟုတ်တယ်။ ကျူးကျော်တွေ ဖျက်လိုက်ပြီ။ သူတို့ကို မြို့သစ်မှာ စနစ်တကျ အကွက်ချပြီး နေရာချထားပေးထားတာကွ။ အရင်ကဆို အိမ်ကလေးတွေ အိမ်ရှေ့မှန်းမသိ၊ နောက်ဖေးမှန်း မသိ ရှုပ်ပွနေကြတာလေ။ နေထိုင်မှုစနစ် မရေမရာဘဝကနေ ကျွတ်သွားကြတာပေါ့ကွာ။ နို့မို့ဆို ဝဋ်ကျွတ်မှာ မဟုတ်ဘူးကွ"

"ဟင်- ဝဋ်ကျွတ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျပ်ကျပ်တည်းတည်း နေရစဲ့ဘဝက ဝဋ်ကျွတ်သွားတာပေါ့။ လူနေမှု အဆင့်မြင့်သွားတယ် ဆိုပါတော့"

ကောင်လေးတစ်ချက် ငိုင်တွေသွားသည်။

"ဝဋ်-ဟုတ်တယ်၊ ဝဋ်ကျွတ်တော့ ကောင်းတာပေါ့ အစ်ကို ရယ်။ အင်း- ကျွန်တော်လည်း မကြာခင် ဝဋ်ကျွတ်တော့မှာပါ"

"ညီလေးက ဒီမှာဆက်မနေတော့ဘူး။ တစ်နေရာ ရွှေ့ မယ်ပေါ့"





"တစ်နေရာပေါ့၊ မရေရာမသေချာတဲ့ တစ်နေရာရာပေါ့ အစ်ကို"

ကောင်လေး၏အသံက တိုးသဲ့လျက်ရှိသည်။ တစ်စုံတစ်ခု ကြောင့် သူကြောက်နေပုံရသည်။ ကျွန်တော်က ရိုးရိုးသားသားပင် ပြန်ပြောလိုက်သည်။ သူ့စကားကလည်း ဆန်းကြယ်နေသည်။

"နေပါဦး- ညီလေးရာ၊ အစ်ကိုလည်း ဒီရောက်တာမှ တစ်လလောက်ရှိသေးတယ်။ မင်းနဲ့တွေ့မှ စကားပြောဖော်ရမယ် ကြာကာရှိသေးတယ်။ အပြင်လေးဘာလေး ညဘက်ကျတော့ ထွက်ပါ ကွာ။ မီးလည်းဖွင့်ပါ။ မင်းကလူမရှိတဲ့ အတိုင်းပဲ။ တစ်အိမ်လုံးကို မှောင်မည်းနေတာပဲ။ ဂစ်တာလည်းတီး၊ စကားလည်း လာပြော ပါကွာ"

ကောင်လေးမဖြေ။ ငြိမ်သက်နေသည်။ ရှက်ရွံ့သလို ခံစား နေပုံရသည်။

"ဪ- ဒါထက် အစ်ကိုက ညမိုးချုပ်ခါနီးမှ ပြန်လာ တတ်တာကွ။ ညီလေး အပြင်မထွက်ရင် စားချင်တာ မှာလိုက်လေ"

ကောင်လေးက ကျွန်တော့်စကားအဆုံးတွင် ပြူးကျယ် ဝိုင်းစက်သော မျက်လုံးမှာ ရှုတ်ခြည်းဝင်းလက် တောက်ပြောင် သွားပြီး -

"ကျွန်တော် စားချင်တဲ့အစာ အစ်ကို တကယ် ဝယ်ကျွေး မှာလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"တကယ်ပေါ့ကွ ပြော"

"ကျွန်တော် စားချင်ဆုံးကတော့ တီရှစ္စာန်တွေရဲ့ ဝမ်းတွင်း ကလီစာတွေ။ ဟိုလေ အမဲအူစုံအသည်းစုံဆို ပိုကြိုက်။ အဲဒါတွေ ဝယ်ကျွေးဗျာ"

ကျွန်တော် ကောင်လေး၏ စကားဆုံးတော့ အနည်းငယ် တွေဝေသွားသည်။ သည်လို ရုပ်ရည်သနားကမား ကောင်လေးမျိုး က သားကြီးငါးကြီးအူစုံအသည်းစုံမျိုးကို မက်မက်မောမော ကြိုက် သည် ဆို၍ ခပ်ရွံ့ရွံ့ ဖြစ်သွားမိသည်။ ဘယ်လိုကောင်လေးပါလိမ့်"

"ရပါတယ်ကွာ၊ အစ်ကို ညဘက်ပြန်လာတော့ ဝယ်လာခဲ့ ပါ့မယ်"

ကျွန်တော် သူကြိုက်တာ ဝယ်လာခဲ့မည်ဟု ကတိပေး လိုက်တော့ သူ့မျက်နှာသည် လွန်မင်းစွာ ဟန်မဆောင်နိုင်တော့ဘဲ ရွှင်ပျသွားသည်။ ပါးစပ်ကို လျှာနှင့်သပ်နေသည်။ သူတော်တော် စားသောက်ချင်နေပုံရသည်။

"ခပ်များများလေး ဝယ်လာခဲ့နော်၊ ခပ်များများ"

"အေးပါကွာ၊ အမဲစုံအူစုံမဟုတ်လား။ ပြီးရင် အစ်ကိုကို ဂစ်တာတီးပြ"

ဟု ကျွန်တော် သူ့ကိုမကြည့်ဘဲ ပြန်ပြောရင်း လမ်းမဘက် ဆီသို့ ရည်ရွယ်ချက်မဲ့ တစ်ချက် လှမ်းကြည့်လိုက်မိသည်။

ထို့နောက် -

"ဒါနဲ့ ညီလေး"

ကျွန်တော့် စကားက လမ်းတစ်ဝက်မှာပင် ပြတ်တောက်





သွားကာ ကောင်လေးရပ်နေရာသို့ လှမ်းကြည့်လိုက်တော့ ကောင်လေး မရှိတော့ပေ။ ဘယ်ပျောက်သွားပါလိမ့်။ မြန်လိုက်တာ။ ကျွန်တော် သူ့မိသားစု အကြောင်းကို မေးမြန်းမည် စိတ်ကူးပြီးမှ ရုတ်ခြည်း မျက်မှောက်မှ ပျောက်ကွယ်သွားခြင်းကို အံ့ဩတကြီး ဖြစ်ရင်း လှည့်ပတ်ဝေ့ဝဲရှာမိ၏။ ကောင်လေးကို လုံးဝ မတွေ့ရ တော့။ ခြံစည်းရိုးကို ခွ၍ အိမ်ပေါ်ပြန်တက်နှင့်ဦး အလှမ်း ကွာဝေး လွန်းရကား အိမ်ထဲသို့ ဘယ်နည်းနှင့်မှ ချက်ချင်းမရောက်နိုင်။ ကျွန်တော် မျက်မှောင်ကြုတ် စဉ်းစားနေမိသည်။ ကောင်လေး ဘယ်လိုနည်းနှင့် အိမ်ပေါ် တစ်နေရာ ပြန်ရောက်သွားတာလဲ။

ကောင်လေး ရုတ်တရက် ပျောက်ကွယ်သွားပုံကို နားလည်ရခက်စွာ စဉ်းစားနေဆဲမှာပင် အိမ်ပေါ်ထပ်ဆီမှ သီချင်းသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ အစ်အိမ်လုံးလည်း မှောင်မည်းနေလေ၏။ မီးမထွန်းရခြင်း အကြောင်းကလည်း ကောင်လေးအပေါ် မသိတတ်မှု တစ်ခုပင်။

ဂစ်တာ၏ ရစ်သမ်ခတ်သံကြားလိုက်ရပြီး ကောင်လေး၏ အက်ရှရှ တေးသံ ထွက်ပေါ်လာသည်။ ဂီတနှင့် တော်တော်လေး ကျွမ်းဝင်သည့် ကောင်လေးပါလား။

"ပြန်ချင်တယ်ဆိုမှ ထီးကမပါ××× အရိပ်ကင်းမဲ့နေလေရဲ့ ××× ပူပါတယ်ဆိုမှ ဖိနပ်ကမပါ××× မတ်တတ်ရပ်လို့ လမ်းမှာငို ××× ခိုနားဖို့နေရှာ××× ဟိုမှာ ဟိုမှာ ဇရပ်ပျက်ကြီးတစ်ဆောင် ××× ပြိုပျက်စပြုနေ×××"

ကောင်လေးအသံသည် တိုးညင်းရာမှ တိတ်ဆိတ်လှသော ညဥ့်တွင် တဖြည်းဖြည်း ကျယ်လောင်လာသည်။ အသံသည် အသံလုံးဖြစ်ကာ စီးစီးပိုင်ပိုင်ရှိလှသည် ထင်သည်။ ကောင်လေးက ဘယ်ဆိုးလို့လဲ။ ဂစ်တာလည်း ကောင်းကောင်း တီးတတ်ပေသားပဲ။ ကျွန်တော်သည် ကောင်လေး၏ ထူးဆန်းသော အပြုအမူကိုပင် မေ့ချင်သလိုလို ဖြစ်သွားသည်။ ပတ်ဝန်းကျင်သည် ခါတိုင်းလိုပင် တိတ်ဆိတ်နေမြဲ ဖြစ်ရကား တစ်လောကလုံးတွင် ကောင်လေး၏ အသံသာ လွှမ်းမိုးပေါ်ထွက်နေသည်ဟု ခံစားရသည်။

ဂစ်တာအင်ထရိုဝင်သံ ကြားရ၏။ ပြီးတော့ ကောင်လေး၏ ကြည်လင်သော အသံ။

"လူသူမနေ လင်းနို့ငှက်တွေ××× အသံပေးခြောက်လှန့်နေ××× အပေါ်ကို မော့ကြည့်တော့××× သောက်ရေအိုးစင် တွေ့တယ်××× လှေကားအတိုင်း တက်လာပြီး××× အပေါ်ရေအိုးထဲမှာ××× သီတာ××× သီတာ××× သီတာ××× သီတာ"

သီတာဆိုသော နေရာရောက်သောအခါ အသံကပို၍ ကျယ်လောင်လာလေသည်။ သူ့အသံသည် နှုတ်ဖျားမှ သီဆိုနေသော အသံမဟုတ်။ ရင်ထဲမှလာသော အသံဖြစ်ပေသည်တကား။ သူသည် သီတာဆိုသော သီချင်းကို ရင့်ထဲမှ လှိုက်လှိုက်လှဲလှဲ သီဆိုနေခြင်းပင် ဖြစ်ပေသည်။

"သီတာကို××× သိပ်ချစ်တယ်××× သိရဲ့လား သီတာရယ် ××× သီတာနေပါဦး××× သီတာနေပါဦး သီတာနေပါဦး××"





ဆိုနေရင်းမှပင် သူ့အသံတိမ်ဝင်သွားသလား ထင်မှတ်သည်။

ရစ်သမ်ခတ်သံကြားရပြီး သီဆိုသံ ပျောက်သွားသည်။ သို့နောက် မည်သည့်အသံမျှပင် မကြားရတော့။ တိတ်ဆိတ် သွားသည်။ ပတ်ဝန်းကျင်သည် ကြောက်မက်ထူးဆန်းဖွယ် တိတ်ဆိတ်ငြိမ်သက် သွားခြင်းပင် ဖြစ်သည်။ ပဟေဠိများဖြင့် ရှေ့နှုတ်ပိတ်ဖြစ်သွားခြင်းပေတကား။ ကောင်လေး၏ သီချင်းဆိုသံ တိခနဲ ပြတ်တောက်သွားသည်မှာ အံ့ဩစရာ ကောင်းလှသည်။ ဘာဖြစ်လို့ ဆက်မဆိုတော့တာလဲ။ ဘာဖြစ်လို့ ရပ်ပစ်လိုက်တာလဲ။

ကောင်လေးသည် ကျွန်တော်ရပ်တန့်နေမော နားထောင်နေရာသို့ပင် ရောက်လာခြင်း မရှိတော့ဘဲ ပျောက်ကွယ် သွားခြင်းပင်တည်း။ အသိရ ခက်ခဲသည့် ကောင်လေးမျိုးပါကလား။ ဘကယ်ဆို. . . တကယ်ဆို အစ်ကိုရေ ကျွန်တော် လက်သံနဲ့ အသံကောင်းရဲ့လား ဘာညာဆင်းပြီး ဝေဖန်ချက်ယူသင့်သည် မဟုတ်သား။ ယခုတော့ ကောင်လေးသည် မှောင်မည်းလှသော အိမ်ကြီးထဲတွင် ပျောက်ကွယ်သွားလေပြီကား။ အိမ်နီးချင်း တစ်ယောက်အပေါ် ဥပေက္ခာပြုလွန်းသည် ထင်သည်။

နောက်တစ်နေ့ ညဘက်တွင် ကောင်လေး စားချင်သည်ဆိုသော အမဲအူစုံသည်းစုံများများ ဝယ်လာပြီး ကောင်လေးကို ပေးလိုက်သည်။ အမဲအူပြုတ်နံ့က မွှေးသင်းလှသည်။ ကောင်လေးသည် ကျွန်တော် လှမ်းပေးသော ဟင်းထုပ်ကို ဆတ်ခနဲပင် လှမ်းယူ

လိုက်ကာ ဟင်းနံ့ကို မျက်တောင်ကလေးစင်းမှေး၊ ခေါင်းလေး မော့ပြီး အားရပါးရ ရှူရှိုက်လိုက်ပုံမှာ သည်အမဲအူဟင်းအပေါ်တွင် သူ့ဘယ်လောက်တောင် တွယ်တာ မက်မောစွာ စားသောက်ချင်မှန်း သိရတော့သည်။ တစ်နည်းအားဖြင့် ဟန်မဆောင်နိုင်လောက်စွာ အငမ်းမရ ဖြစ်သည့် ပုံစံမျိုးဟု ဆိုနိုင်သည်။ မျက်လုံးပြူး ပါးစပ်ကြီး ပြဲကာ ဟင်းထုပ်ကို စိုက်ကြည့်နေတော့သည်။

ထိုစဉ်တွင် ကျွန်တော်၏ မျက်လုံးများက ကောင်လေး၏ လက်ချောင်းများကို မြင်လိုက်ရလေသည်။ ကောင်လေး၏ လက်ချောင်းများမှာ လိုအပ်သည်ထက် ပိုမိုရှည်လျား နေသည် ထင်သည်။ လက်ချောင်းများသည် ပင့်ကူများလို တရွရွ လှုပ်နေကြ၏။ သူသည် အသံထွက်အောင် ကျေနပ်စွာ တစ်ချက် ညည်းညူလိုက်ပြီး ဟင်းထုပ်ကို ဖွင့်ကာ အာသာငမ်းငမ်း စားသောက်လေတော့၏။ အစာဆာလောင်ငတ်မွတ်နေသော မြေခွေးတစ်ကောင်က ယုန်သူငယ် တစ်ကောင်ကို အရှင်လတ်လတ် ရက်ရက်စက်စက် စားသောက်ပုံမျိုးနှင့် ဆင်တူလှသည်။ စားသောက်ပုံမှာလည်း မြန်ဆန်လှပေသည်။ သွားဖြင့် ကြိတ်ဝါးမှုဝါးပါ့လေစ။ ဂလူးဂလူး ဟုပင် တိရစ္ဆာန်တစ်ကောင်၏ မာန်ဖီပုံမျိုး အသံထွက်ကာ လက်ထဲမှ ကိုင်ထားသော အမဲအူစုံဟင်းသည် စက္ကန့်ပိုင်းအတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။ -

"ဟင် ဘုရား။ ဘုရား ဘယ်လိုစားလိုက်ပါလိမ့်"

ကျွန်တော်မှာ ကောင်လေး၏ စားသောက်ပုံမြင်ကွင်းကို





အံ့ဩတကြီး ငေးကြည့်ရင်း ကြက်သေသေနေမိတော့သည်။ မနေ့ညက ဂစ်တာတီးကောင်းပုံ၊ သီတာဟူသော သီချင်းကို အဆိုကောင်းပုံကိုလည်း ချီးမွမ်းပြောဆိုရန် လုံးဝသတိမရတော့ပါ။ ကောင်လေး၏ ထူးဆန်း'ကြောက်မက်ဖွယ်ရာ စားသောက်မှု အပြုအမူကို မှင်တက်ငေးကြည့်ရင်း ရင်ထဲမှာ ကျောချမ်းနေမိသည်။

"ကျွန်တော် အိမ်ပေါ်ပြန်တက်ဦးမယ်"

ရုတ်တရက် နှုတ်ဆက်ကာ အိမ်ပေါ် ပြန်တက်သွားပုံမှာလည်း မြန်ဆန်လှ၏။ "အိမ်အပေါ်ထပ်တက်ရာ လှေကားကွေ့အစွန်း အမှောင်ထုအောက်တွင် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။ လျှပ်ပြက်လိုက်သလိုပင် ရုတ်ခြည်း ပျောက်ကွယ်သွားသလိုမျိုး ဖြစ်သည်။ တစ်မျိုးပါလား။

'ဘယ်လိုဖြစ်တာပါလိမ့်'

ကျွန်တော့်အဖို့ ကောင်လေးနှင့် ပတ်သက်သမျှ မြင်သမျှတွေ့ရသမျှ အထူးအဆန်းတွေချည်းပင်။ မေးခွန်းထုတ်ဖွယ်ရာတွေသည်ပင်။

နောက်ထပ် ကောင်လေးကို ထပ်မတွေ့ရတော့။ ဂစ်တာသံလည်း မကြားရတော့။ နှစ်ထပ်အိမ်ကြီးသည် မိုးရိပ်သန်းသော အမှောင်ထုအောက်တွင် ရောမတစ္ဆေကြီး တစ်ကောင်လို ငြိမ်သက်လျက်။

❑

နောက်ရက်များတွင် ကျွန်တော်သည် ထူးဆန်းသော၊ ပဉ္စလက်ဆန်သော၊ မှော်ဆန်သော အပြုအမူတွေ ပြည့်နှက်နေသည့် ကောင်ကလေးကို တွေ့လို တွေ့ငြား ရှာဖွေ စောင့်ကြည့်နေမိသေးသည်။ ကောင်လေး၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပေ။ နောက်ထပ်ရက်ပေါင်းများစွာပင် ကြာမြင့်သည် အထိ။ ကောင်လေးသည် ဤနှစ်ထပ်အိမ်ကြီးမှ ထွက်ခွာပြီး တခြားတစ်နေရာသို့ ရောက်ရှိသွားမည်မှာ သေချာလှပေသည်။ ရင်ထဲမှာ မတင်မကျဖြင့် ကောင်လေးအပေါ် စိတ်ဆိုးမိသည်။ တော်တော်ရိုင်းတဲ့ ကောင်လေးပဲ။ တကယ်ဆို တစ်နေရာကို ထွက်ခွာ သွားမည်ဆိုလျှင် ကျွန်တော့်ကို တစ်နည်းနည်းဖြင့် နှုတ်ဆက် သွားသင့်သည် မဟုတ်ပါလား။

သို့သော် -

ရက်ပေါင်းများစွာ ကြာမြင့်သောအခါ ဤနှစ်ထပ်အိမ်ကြီးဆီသို့ နောက်ထပ် လူတစ်ယောက် ရောက်လာပြန်သည်။ ကောင်လေးလို ငယ်ငယ်ရွယ်ရွယ်တော့ မဟုတ်ပေ။ အသက်(၄၀) ခန့်ရှိမည့် ယောက်ျားကြီးတစ်ယောက် ဖြစ်၏။ သူကတော့ လူထူးလူဆန်းကောင်လေးလိုတော့ မဟုတ်ပေ။ ညဘက်ဆိုလျှင် တစ်အိမ်လုံး မီးတွေ ထိန်နေအောင် ဖွင့်ကာ ကက်ဆက်၊ တီဗွီကိုလည်း ကျယ်လောင်စွာ ဖွင့်တတ်လေသည်။

တစ်နေ့သော ညနေခင်း ခြေခင်း လက်ခင်းသာသော တစ်ရက်တွင် အဆိုပါ ပုဂ္ဂိုလ်ကြီးနှင့် ကျွန်တော်သည် ခြံဝမှာ





ဆုံတွေ့ကြလေသည်။ ကျွန်တော်က အိမ်ထဲအဝင် သူကလည်း ခြံဝတွင် မြက်ရိုင်းတွေကို ဓားတစ်လက်နှင့် ရှင်းလင်းနေချိန် ဖြစ်သည်။ ကျွန်တော် ဝင်လာသည်ကို တွေ့သဖြင့် မြက်ခုတ်ဓားကို ချကာ နှုတ်ဆက်သည်။

“ညီလေးက ဒီအိမ်ကလား”

“ဟုတ်ကဲ့”

သည်လိုနှင့် အာလာပသလ္လာပ စကားတွေ ပြောဖြစ်ရင်း လူထူးလူဆန်း ကောင်ကလေးအကြောင်းကို မေးရန် အကြောင်းက ဆုံလာလေသည်။

“ဒါနဲ့ ဟိုကောင်လေး၊ ဒီအိမ်မှာရှိနေတဲ့ ကောင်လေးကော ဘယ်ရောက်သွားသလဲ။ ဂစ်တာတီးတဲ့ကောင်လေး။ အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးနဲ့လေ”

ပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကို မော့ကြည့်သည်။

“မင်းမင်းသော်ကို ပြောတာလား”

“နာမည်တော့ မသိဘူးခင်ဗျ၊ ဂစ်တာတီးတဲ့ ကောင်လေးပါ။ အသားဖြူဖြူ ဂျင်းဘောင်းဘီလေးနဲ့လေ။ အစားမက်တဲ့ ကောင်လေး”

ပုဂ္ဂိုလ်ကြီးက မျက်မှောင်ကြုတ်ကာ-

“ညီလေးက မင်းမင်းသော်နဲ့ သိလား”

ကျွန်တော် ခေါင်းခါလိုက်သည်။ ကောင်လေးနာမည် ဘယ်သူဆိုတာကို ကျွန်တော်မသိ။

"သိပ်မရင်းနှီးဘူး။ နှစ်ခါ၊ သုံးခါလောက်ပဲ ဆုံဖူးတယ်။ နာမည်တောင် မသိပါဘူးခင်ဗျ။ အမဲအူစုံသည်းစုံ စားချင်တယ် ဆိုတာနဲ့တောင် ကျွန်တော် ဝယ်ကျွေးလိုက်သေးတယ်။ အမဲအူဟင်းကို တော်တော် ကြိုက်ပုံရတယ်။ စားးရင်းနဲ့ အသားတွေ တောင် တုန်နေတယ်"

"ဘယ်တုံးကလဲ"

"လွန်ခဲ့တဲ့ ဆယ်ရက်လောက်က"

"ဟင်"

ပုဂ္ဂိုလ်ကြီး၏ လက်မှာကိုင်ထားသော ဆေးပေါ့လိပ်သည် ရုတ်တရက် ပြုတ်ကျသွားသည်။ သူ့တစ်ကိုယ်လုံး အဖျားဝင်သလို တဆတ်ဆတ် တုန်သွားကာ-

"မဖြစ်နိုင်တာဘဲ၊ ညီလေးက မင်းမင်းသော်နဲ့ လွန်ခဲ့တဲ့ ဆယ်ရက်လောက် တွေ့တယ်ဆိုတာ"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိသည်။ ဘာတွေလဲ။

"မဟုတ်ဘဲနဲ့ ပြောရအောင် ကျွန်တော့်အတွက် ဘာအကျိုး ရှိမှာလဲဗျာ။ ကောင်လေး ညဘက် ဂစ်တာတီးတယ်။ သူဆိုတာ စိုးပိုင်ရဲ့ သီတာသီချင်း၊ သူဆိုသွားတာ ရက်ပိုင်းလေးပဲ ရှိသေးတယ်။ သူနဲ့ ကျွန်တော်က ရင်းနှီးခါစ၊ လူထူးလူဆန်း ကောင်ကလေးပါ"

"ဘုရားဘုရား၊ ဒါဆို မင်းမင်းသော်"

ပုဂ္ဂိုလ်ကြီး တအံ့တသြနှင့် အရုပ်ကြီးတစ်ရုပ်လို ပြူးကြောင်





ကြောင် မလှုပ်မယှက်ရပ်နေလေသည်။ တုန်လှုပ် ချောက်ချားမှုဖြင့် သူ၏ ဒူးနှစ်ဖက်ပင် အလိုအလျောက် ညွတ်ဆင်း သွားပုံရသည်။ သူ့လက်ထဲမှ ဆေးပေါ့လိပ်သည် အံ့သြတကြီးဖြင့် ယောင်ယမ်းကာ လွှတ်ချလိုက်ခြင်း ဖြစ်ပုံရသည်။ လွဲမှားမှု တစ်ခု ပဲဟေဦ တစ်ခုခု လော။

"ဘာဖြစ်လို့လဲဟင်"

"မင်းမင်းသော် သေသွားတာ တစ်နှစ်ပြည့်ပြီ။ ဒီလက တစ်နှစ်ပြည့်တဲ့လပေါ့"

"ဗျာ"

သည်တစ်ခါ အံ့သြတကြီး ဖြစ်သွားသူက ကျွန်တော်။ ကျွန်တော်၏ နှလုံးခုန်သံသည် ဗုံတီးသံလိုမြည်ဟိန်းသွားကာ လက်ဖျားခြေဖျားများပင် အေးစက် သွားတော့လေသည်။ ညနေခင်း အေးစိမ့်သော လေပြည်ရိုင်းတွေက ကျွန်တော်တို့ နှစ်ယောက်အကြားဆီသို့ ဟူးဟူးရိုင်းရိုင်း ပြေးဝင်လာကြလေသည်။ ကျွန်တော် လေပြည်ရိုင်းတွေကို ဂရုမစိုက်နိုင်တော့ပါ။

ဒါဆိုလျှင် ကျွန်တော်နှင့်ညဘက် ဆုံတွေ့ခဲ့ရသည့် လူထူးလူဆန်းကောင်ကလေးက မကျွတ်မလွတ် တစ္ဆေသရဲပေါ့။

"မဖြစ်နိုင်ဘူးထင်တယ်"

"လာကွာ၊ အိမ်ပေါ်ခဏတက်ပါဦး"

သူက ဦးဆောင်ကာခေါ်သဖြင့် နှစ်ထပ်အိမ်ပေါ်သို့ ကျွန်တော် တက်လိုက်သွားမိပေသည်။ အိမ်ပေါ်ရောက်တော့

အံဆွဲတွေ ဖွင့်ကာ ဟိုလှန်သည်လှန်ရှာရင်း ဓာတ်ပုံတစ်ပုံ ထုတ်ယူလာသည်။ ရောင်စုံဓာတ်ပုံကလေး ဖြစ်သည်။ လူငယ်ကလေးများ၏ အုပ်စုလိုက် ဓာတ်ပုံ။

"ဒီထဲက ကောင်လေးလေ"

ကျွန်တော် ဓာတ်ပုံကို ယူကြည့်မိလိုက်သည်။ ရထားပေါ်တွင် ရထားသွားနေခိုက် ရိုက်ထားသော အုပ်စုလိုက် ဓာတ်ပုံတစ်ပုံ။ ကောင်လေးက ဂစ်တာတီးနေကာ သူ၏သူငယ်ချင်းများက ဘေးမှ ရံလျက် သီဆိုနေပုံ။ ဟုတ်ပါပြီ။ ကောင်လေးမှ ကောင်လေးစစ်စစ်ပါ။ ပဟေဋိဆန်သော ကောင်လေးမှ ကောင်လေး အစစ်ပါ။

"အဲဒါ မင်းမင်းသော်ပဲ။ သူသေသွားတာ တစ်နှစ် ပြည့်ပြီ။ မနှစ်က ဒီအချိန်ပေါ့။ ကိုယ်က မင်းမင်းသော်ရဲ့ ဦးလေး။ ဒီလိုကွာ ငါ့ညီ၊ ကိုယ်ရှင်းပြပါရစေ။ မင်းမင်းသော်က စာတော်တယ်။ ဂီတမှာလည်း ထူးချွန်တယ်ဆိုရမယ်။ ဆယ်တန်းဖြေတော့ သူတို့ သူငယ်ချင်းတွေ တစုတဝေးပေါ့ကွာ။ အဲဒီထဲမှာ သူချစ်တဲ့ ကောင်မလေး တစ်ယောက်ပါတယ်။ သီတာတဲ့။ နာမည်အရှည်ကောက်တော့ ရှိတယ်။ ထားပါတော့နော်။ ဆယ်တန်းအောင်စာရင်း ထွက်တော့ မင်းမင်းသော် ကျတယ်။ အားလုံးက အံ့သြကြတယ်။ မယုံကြဘူး။ ဒါပေမယ့် သူချစ်တဲ့ ကောင်မလေး သီတာက အောင်တယ်။ အဲဒီမှာ သူတော်တော် ရှက်လည်းရှက်။ စိတ်လည်း ထိခိုက်သွားတယ်။ ကောင်မလေးက သူ့ထက်စာညံ့တာကိုး။ ပြီးတော့ စာအတူတူ ကျက်ခဲ့ကြတာ။ သူက ကောင်မလေးကို စာတောင်





ပြပေးရသေးတာ။ သိပ်မကြာပါဘူး။ သူဆွဲကြိုးချပြီး သတ်သေလိုက်တယ်။ ဒီအိမ်ကြီးရဲ့ နောက်ဖေးဘက်မှာဆိုပါတော့ကွာ။ မိသားစုတွေ ရူးမတတ် ခံစားခဲ့ကြရတယ်"

"ဩော်-ဖြစ်ရလေဗျာ။ ကြေကွဲစရာပါပဲ"

ကျွန်တော်သည် ကြေကွဲထိခိုက်စွာ ငြိမ်သက်နေမိသည်။ ကောင်ကလေးရယ် ပဋ္ဌလက်ဆန်လှတဲ့ ကောင်လေးရယ်။ ကိုယ့်ကို ခွင့်လွှတ်ပါကွာ။

ပုဂ္ဂိုလ်ကြီးသည် ကောင်ကလေး ကြိုးဆွဲချ သေဆုံးရာ နောက်ဖေးဘက်ဆီသို့ မဝံ့မရဲ မေးငေါ့ပြရင်း-

"စာမေးပွဲအောင်စာရင်းတွေ ထွက်ပြီးနောက် သူ့အမှတ်စာရင်းကို တောင်းပြီးကြည့်တော့။ လေးဘာသာ ဂုဏ်ထူးထွက်ပြီး ဘိုင်အိုမှာ အမှတ်(၃၀)နဲ့ အထူးစာရင်းထဲ ဝင်သွားတာပေါ့"

"ဩော်-ဖြစ်ရလေ၊ မိုက်ရူးရဲဆန်လိုက်တာဗျာ။ နှမြောစရာ၊ ပြင်လို့ မရတဲ့ အမှားပေါ့။ စိတ်မြန်လက်မြန်နဲ့ အမှားကြီး အမှားပေါ့ကွာ။ ဒီနှစ်ကျရင် နောက်နှစ်ပြန်ဖြေပေါ့"

"အတူတူစာကျက်ကြတဲ့ သူ့ကောင်မလေးက အောင်သွားတော့ သူတော်တော် စိတ်ထိခိုက်သွားတာပါ။ သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ လုပ်တာပဲ။ မကျွတ်လွှတ်ဘူး ဖြစ်နေတာ။ စစ်ကိုင်း၊ ရန်ကုန်က မဟာစည် တိပိဋက၊ နိကာယ်စုံလို့ပဲ။ ပြီးခဲ့တဲ့ အပတ်က ပဲခူးမှာ လုပ်ပေးသေးတယ်။ ဒီမှာလည်း ရှေ့အပတ် လုပ်ဦးမှာ။ တစ်နှစ်ပြည့်ပြီလေ။ စိတ်အစွဲကလည်း တော်တော်ကြီး

ရှာပါတယ်"

ကျွန်တော်သည် ရေစိုနေသော ငှက်တစ်ကောင်လို ငြိမ်သက်နေမိသည်။

သီတာဆိုသော ကောင်မလေးကို သိပ်ချစ်ခဲ့သည့်၊ ဂစ်တာတီး တော်သည့် ကောင်လေး။ ကျွန်တော်က ကျူးကျော် အိမ်ရာတွေ နေရာသစ်ဆီ ပြောင်းလိုက်တော့ ကောင်းတာပေါ့ဟု ပြောရာ-

"ဝင့်-ဟုတ်တယ်၊ ဝင့်ကျွတ်တော့ ကောင်းတာပေါ့ အစ်ကို ရယ်။ အင်း- ကျွန်တော်လည်း မကြာခင် ဝင့်ကျွတ်တော့မှာပါ"

ဟု ပြောခဲ့သော ကောင်လေး၏ စကား။

"ကျွန်တော် အစားချင်ဆုံးက တိရစ္ဆာန်တွေရဲ့ ဝမ်းတွင်း ကလီစာတွေ။ ဟိုလေ အမဲအူစုံအသည်းစုံဆို ပိုကြိုက်။ အဲဒါတွေ ဝယ်ကျွေးဗျ"

ဟု တရှိုက်မက်မက် ပြောခဲ့သော ကောင်လေး၏ စကား။

ကျွန်တော် ဝယ်ကျွေးခဲ့သော အမဲအူစုံဟင်းကို မက်မက် မောမော လောဘတကြီး စားသုံးခဲ့သော ကောင်လေး။ မျက်မှောက် မှာပင် ပျောက်သွားတတ်သော ပဉ္စလက်ကောင်လေး။ အနှီ ထူးဆန်းသော ကောင်လေး၏ အပြုအမူများကို ယခုမှ သဘော ပေါက်မိတော့သည်။

ကောင်လေးရယ်။

ကျွန်တော်သည် နောက်တစ်နေ့ မိုးညသန်းခေါင်ယံ





အချိန်များ၌ တစ်ဖက်အိမ်ကြီးဆီမှ ကောင်ကလေး၏ ဂစ်တာသံကို ကြားရလို့ ကြားရငြား စောင့်ကြည့် နားထောင်နေမိပါသေးသည်။ ဂစ်တာသံ လုံးဝမကြားရတော့ပါ။ လုံးဝတိတ်ဆိတ်လျက်။ တစ္ဆေ သရဲဘဝမှ ကျွတ်လွတ်ကာ မြတ်သော ဘဝတစ်ခုသို့ ရောက်ရှိ သွားပြီဟု ယုံကြည်မိပါသည်။

❑ ❑ ❑

**မင်းဘုန်းသိခ်သူ**



# စေတလုံးဘိုးတော်ပန်

**ဘိုးသာခင်**

"ဟဲ. ဟဲ. ဟဲ. ဟဲ၊ မောင်ဖိုးဖြူ မင်းမျက်စိက သာမန် ကျိမ်းတာမှ မဟုတ်ဘဲကွ၊ ဒါပေမဲ့ မပူပါနဲ့ စေတလုံး ဘိုးတော်ပန် ဆိုတာ နဲနဲမှ မကြားဘူး. . ဘူးလား စုန်းကဝေ ဆယ်နှစ်ကြိုးတစ္ဆေ သရဲဘက်ဖော်ကနီဖော်ကနက် စေတလုံး ဘိုးတော်ပန်နဲ့ တွေ့ရင်





ရောက်ဆိုရောက် ပျောက်ဆိုပျောက်ရမယ်"

ဖြူပြီးကားနေတဲ့ နှုတ်ခမ်းမွေးများနဲ့ ခေါင်းပေါင်း အဖြူ က်ပုံအကျီပုဆိုး အားလုံး အဖြူ ဝတ်ဆင်ထားပြီး ဇီးဖြူသီးခန့် ပုတီးကြီး လည်မှာ ဆွဲထားသော စေတလုံး ဘိုးတော်ပန် အမည်ခံ ဥပဓိရုပ်ကောင်းကောင်း လူကြီးတစ်ယောက်က အိမ်ရှင် ဖြစ်တဲ့ မျက်စိဝေဒနာသည် မောင်ဖိုးဖြူအား ခေတ္တအကဲခတ်သလို ကြည့်လိုက်ပြီး မိမိဆေးလွယ်အိတ်ကြီးထဲကို မွှေနှောက်နေရင်းမှ ပြောလိုက်လေသည်။ အတန်ကြာမှ မွှေနှောက်ပြီး-

"ကဲ. . ကဲ သေချာအောင် မင်းတို့ကို ပြရတာပေါ့လေ"

ဘိုးတော်ပန်က ပြောပြောဆိုဆို သူ့ဆေးလွယ်အိတ်ကြီး ထဲမှ ပုဝါဖြူလေး တစ်ထည် ထုတ်ယူလိုက်ပြီး-

"ရော့. . ရော့ ဒီပုဝါလေးကို မင်းမျက်နှာ ခဏအုပ် ထားလိုက်"

မောင်ဖိုးဖြူက ဘိုးတော်ပန် ပေးသော ပုဝါဖြူကလေးကို မိမိမျက်နှာပေါ်သို့ အုပ်ထားလေသည်။ တခဏကြာတော့ ဘိုးတော်ပန်က

"ကဲ. . ကဲ ပုဝါလေး ခွာလိုက်တော့ အဲ့ဒီ ပုဝါလေးထဲကို သေချာကြည့်စမ်း"

မောင်ဖိုးဖြူက ဘိုးတော်ပန် အမိန့်အတိုင်း ပုဝါဖြူကလေး ကို မျက်နှာမှ ခွာ၍ ကြည့်လိုက်ရာ

"အမလေး"

မောင်ဖိုးဖြူက ထိတ်လန့်တကြား အော်ရင်း ပုဝါဖြူလေး
ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ရာ မောင်ဖိုးဖြူဘေးနားတွင်
ဒူးကလေး တုတ်ထိုင်ပြီး တစ်ချိန်လုံး ငြိမ်နေတဲ့ ဇနီးဖြစ်သူ
ဆန်းကြည်လည်း ထိတ်လန့်တကြားနဲ့ နောက်သို့ တွန့်သွား
လေသည်။ ပုဝါဖြူလေးထဲမှာတော့ လောက်ကောင်တွေက ရွစိရွစိ
အသဲယားစရာပင်. . .

ထိုအခါ ဘိုးတော်ပန်ရဲ့ လက်စွဲ တပည့်ဖြစ်တဲ့ မောင်ပုက
"ကဲ. . ဖိုးဖြူ ငါမပြောဘူးလား၊ မင်းမျက်စိက သာမန်
ကျိမ်းတာ မဟုတ်ဖူးလို့ အနှောက်အယှက် ပယောဂ ထင်တယ်လို့
တော်သေးတာပေါ့ ဆရာနဲ့ပွေ့ပေလို့"

ထိုစဉ် ဇနီးဖြစ်သူ ဆန်းကြည်က ခင်ပွန်းဖြစ်သူအတွက်
စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းနဲ့အတူ ပျာပျာသလဲနဲ့ လက်အုပ်ချီရမယ်
ကလေးများလို ဆရာရှေ့ရောက်ရင် လက်ပိုက်ရမလိုနဲ့

"ဆရာရယ်၊ ကယ်ပါဦး။ ဆရာ့ကျေးဇူးမမေ့ပါဘူးဆရာ
ကျေးဇူးဆပ်ပါ့မယ်၊ အားကိုးပါတယ်" ဟု

စုံသွားအောင် အသနားခံ တောင်းပန်လေတော့သည်။

ဘိုးတော်ပန်ကတော့ တင်ပလ္လင်ခွေထိုင်ပြီး ခေါင်းက
ဆတ်ဆတ် ငြိမ့်ကာ

"ပြောပြီးပြီပဲ စေတလုံး ဘိုးတော်ပန်နဲ့ တွေ့မှတော့ ဘာမှ
မပူနဲ့။ စုန်းကဝေ ဆယ့်နှစ်ကြိုးတစ္ဆေ သူရဲသူဘက် ဇော်ကနီ ဇော်
ကနက် စေတလုံး ဘိုးတော်ပန်နဲ့ တွေ့ရင် ရောက်ဆိုရောက် ပျောက်





ဆိုပျောက်ရစေမယ်။ ဒါပေမဲ့ နင့်ယောက်ျားကံကောင်းတာ နှစ်ရက်
လောက်ကြာရင် သည်လောက်ကောင်တွေ ထိုးဖောက်စားသောက်
ကြမှာမို့ နင့်ယောက်ျား ဟောက်တောက်ကမ်းဘဝ ရောက်ပြီ"

ထိုစဉ် မောင်ဖိုးဖြူကလည်း မျက်စိနာကြောင့်ကျတဲ့
မျက်ရည်လား၊ ထိတ်လန့်စိုးရိမ်ခြင်းကြောင့် ကျတဲ့ မျက်ရည်လား
တော့ မသိ၊ မျက်ရည်များကို ပုခုံးပေါ်တင်ထားသော သဘက်ဖြင့်
အသာဖိသုတ်လိုက်ရင်းနဲ့

"ကယ်ပါဦး ဆရာရယ်၊ ဆရာ့ကို ပုံအပ်ပါတယ်"

"ကဲပါ ငါဆရာနဲ့ တွေ့နေမှတော့ မစိုးရိမ်နဲ့၊ မကြောက်
နဲ့တော့၊ ပယောဂအနှောက်အယှက် အားလုံးကိုလည်း ငါနှင်ပြီးပြီ။
သည်တော့ အန္တရာယ်ကင်းလို့ ဘေးရှင်းသွားပါပြီ။ မျက်စိ ကျိမ်းတာ
ကဲ့ ကုရတော့မှာ။ သည်တော့ ဆေးပေးခဲ့မယ်။ ငါပေးတဲ့ဆေး
ပမှာသလိုသောက် ပျောက်ပြီပေါ့ကွာ"

ဘိုးတော်ပန်က စကားပြောရင်း ဆေးမှုန့်ကလေးများကို
စက္ကူလေးများနဲ့ ထုတ်၍ပေးပြီး

"ဒါက နံနက်၊ ဒါက နေ့လည်၊ ဒါက ညနေ၊ တစ်နေ့
သုံးကြိမ်သောက်။ ကဲ. ဒို့လဲ ကြွဦးမယ်။ ဟိုဘက်ရွာ သွားရဦးမှာ"

ဘိုးတော်ပန်က ထရန်ဟန်ပြင်လိုက်စဉ် ဆန်းကြည်က
တစ်ထောင်တန်နှစ်ရွက် ရှိသေသော အမူအရာနှင့် ဘိုးတော်ပန်
အား ကမ်းလိုက်စဉ် ဘိုးတော်ပန်က လက်ကာပြကာ အဆင်း
လှေခါးဆီသို့ ဆက်လက်သွားလေတော့သည်။

ထိုစဥ်မှ လက်စွဲတပည့်ဖြစ်တဲ့ မောင်ပုံကူ မောင်ဖိုးဖြူ လင်မယားနား ကပ်ကာ "ဆရာက ငွေမကိုင်သလို လက်မခံဘူး ဝေဒနာပျောက်ပြီဆိုမှ ကျေးဇူးဆပ်တဲ့ အနေနဲ့ လာကန်တော့ လှည့်ကြ"ဟု လေသံတိုးတိုးလေးနဲ့ ပြောကာ ဘိုးတော်ပန် နောက်သို့ ခပ်သုတ်သုတ်ကလေး လိုက်သွားလေတော့သည်။

❑ ❑ ❑

ဆန်းကြည်တစ်ယောက် ပါးစပ်က အမြှုပ်ထွက်မတတ် စကားတွေ ပြောလိုက်ရတာ မောသွားပြီထင့်၊ ရှေ့တွင် ကျုပ်ချပေးထားတဲ့ အေးနေပြီ ဖြစ်တဲ့ အကြမ်းပန်းကန်ကို ကောက်ကာ ငွတ်ခနဲ မော့ချလိုက်ပြီး

"ကိုကြီးသာဒင်ရယ်၊ ဆရာကတော့ စွမ်းမှစွမ်း။ ဒါကြောင့်လည်း စေတလုံး ဘိုးတော်ပန်လို့ နာမည်ကြီးတာနေမှာ"

သူမတစ်ယောက် စေတလုံး ဘိုးတော်ပန်ကို ယုံကြည်အားကိုးမှုဟာ အထွဋ်အထိပ်သို့ ရောက်နေသည်ကို ကျုပ်အကဲခတ်မိလေသည်။

"ဒါနဲ့ နေပါဦး၊ ဦးဖိုးဖြူ မျက်စိဝေဒနာကရော"

"အမလေးတော် အကောင်းပကတိ ဖြစ်သွားပြီလေ"

"ဒါနဲ့ ဆရာကို ဘယ်လောက် ကန်တော့လိုက်ရလဲ"

"တစ်သိန်း ကန်တော့လိုက်တယ်"

"ဟင်. . "





ဆန်းကြည်ရဲ့ ဖြေစကားကြောင့် ကျုပ်မျက်လုံးပြူးသွားလေသည်။ ဘာကြောင့်လည်းဆိုတော့ သူတို့လို လက်လုပ်လက်စားဘဝမှာ တစ်နှစ်လုံး လုပ်တောင် တစ်သိန်းငွေမပိုနိုင်သော ကာလပါ။ ဆန်းကြည်က စကားကို ဆက်ပြန်သည်။

"မဟင်နဲ့ ကိုကြီးသာဒင်ရေ၊ အရေးပေါ်ဆိုတော့ ရွာထဲလှည့်ပြီး အသနားခံပြီး ငွေတိုးနဲ့ ယူရတာပေါ့။ ဝေဒနာ ပျောက်ဖို့က အဓိကကိုး။ နောက်မှ လုပ်ကိုင်ဆပ်ရုံပေါ့ ကိုကြီးသာဒင်ရယ်"

"အေးပါ. . ဟုတ်ပါတယ်၊ ဒါနဲ့ သည်ဆရာက ဘယ်ကလဲ"

"အောက်ပြည်တလို့ ပြောတာပဲ၊ တောင်ဘက်က ပေါက်ပင်ကုန်းရွာမှာ ဖွားအေးတုတ်အိမ် တည်းတယ်တဲ့။ ဆွေမျိုးနည်းစပ်လည်းတော်တယ်လို့ ပြောတာပဲ။ အခုလာတာကလဲ ကိုကြီးသာဒင်ကို လယ်စိုက်ရင် ကျုပ်ကိုပေးပါဦး လာပြောတာ"

"အေး အေး"

"ကဲ သည်လိုဆို ကျုပ်ပြန်ဦးမယ်တော်"

သူမက ပြောပြောဆိုဆို ပြန်သွားလေသည်။

သူမ ပြန်သွားမှ ကျုပ်ရဲ့ အတွေးများက စေတလုံး ဘိုးတော်ပန်ဆီသို့ ပြန်လွင့်သွားလေတော့သည်။ သူတည်းတဲ့ အိမ်က ဖွားအေးတုတ်ဆိုတာက အပျိုကြီးဘဝနဲ့ ယခုအသက် (၆၀)ကျော်ခဲ့ပေပြီ။ အလုပ်ဆိုတာက ဟိုအရင်ကတော့ ကောက်စိုက်လယ်ရိတ်ကူလီအလုပ်နဲ့ တစ်ယောက်တည်း နေလေသည်။ နောက်တစ်ခါမီးဖွားလက်သည် လုပ်သလို အနင်းအနှိပ်လဲ လိုက်သည်။ နောက်

တော့ ဘာလုပ်သည်မသိ၊ နောက်ပြီး ဖွားအေးတုတ်က (၁၂)ကြိုး စုန်းမကြီးလို့ တိုးတိုးတိတ်တိတ် သတင်းများ ကျုပ်ကြားဘူးထား လေသည်။ ကျုပ်လည်းတွေးရင်းနဲ့ပဲ ခေါင်းကို တဆတ်ဆတ် ငြိမ့်နေမိတော့သည်။

❑

ပေါက်ပင်ကုန်းရွာ ဖွားအေးတုတ်အိမ် အိမ်ဦးခန်း၌ အနံ့ မျိုးစုံ၊ အမွှေးတိုင်များကို အငွေ့တလူလူနဲ့ ထွန်းညှိလျှက် ပွဲစုံကျင်း ထားလေသည်။ ခင်းကျင်းထားသော ပွဲများမှာ ငှက်ပျော၊ အုန်းပွဲလဲ ပါသည်။ ကြက်အစိမ်းကောင်လုံးပွဲပါသလို ကြက်ကောင်လုံးကြော်၊ ငါးကြော်၊ ငါးအစိမ်း၊ ထမင်းပွဲ၊ အရက်ပုလင်း တို့လဲ ပါသည်။ ဖယောင်းတိုင် လေးငါးတိုင်ကိုလည်း ထွန်းညှိထားလေသည်။ လူကတော့ စေတလုံး ဘိုးတော်ပန်နဲ့ သူ့တပည့် မောင်ပုံ၊ သူတို့နဲ့ မနီးမဝေးအခန်းထောင့် တစ်နေရာ သင်ဖျာလေးပေါ်မှာ အခန့် သား ထိုင်လျှက် တွန့်နေသော အရေအကြောင်းများနှင့် မလှမပ မျက်နှာကြီးနဲ့ မညီညာသော သွားများပေါ်အောင် ပြုံးပြုံးကြီး ကြည့်နေသော ဖွားအေးတုတ်

"ကဲ မောင်ပုံ ပြီးပြီလားဟေ့"

ဘိုးတော်ပန်က သူ့တပည့်မောင်ပုံကို မေးလိုက်လေသည်။

"ပြီးပြီဆရာ"

ဘိုးတော်ပန်က ခင်းကျင်းထားသော ပွဲစုံရှေ့မှာ အခန့် သား ထိုင်လိုက်ပြီး





"ကဲ နယ်တော်ရှင်၊ ပယ်တော်ရှင်များ ကျွန်ုပ်က ပွဲစုံ ကျင်းလို့ တင်ပါတယ်၊ သပါတယ်၊ ပူဇော်ပါတယ်၊ စားတော်ခေါ် သောက်တော်ခေါ်ကြပါ။ စုန်းမ ခုနစ်ယောက် မရှိရင် ရွာတည်လို့ မရဘူးဆိုတဲ့ ရှေးဆိုစကားအရ ဤရွာထဲမှာရှိသော စုန်းကဝေ (၁၂)ကြိုးအားလုံးကို ဖိတ်ခေါ်လို့ ကျွေးမွေးပါတယ်။ တစ္ဆေသရဲ သဘက် သက်ဆိုင်ရာ အားလုံးကို ဖိတ်ခေါ် ကျွေးပါတယ်။ ကျွန်ုပ် ၏ အလုပ်ကို ကူညီပါ၊ စောင်မပါ၊ ခွင့်ပြုပါ။ မှားတာရှိရင် ခွင့်လွှတ် ပါ အနူးအညွတ် အသနားခံ တောင်းပန်ပါသည် ခင်ဗျာ။ မကြာ မကြာလည်း ဤသို့ တည်ခင်းကျွေးမွေးပါမည်ဗျာ"

စကားဆုံးသည်နှင့် ဘိုးတော်ပန်က ဖွားအေးတုတ် မျက်နှာကို အကဲခတ်သလို တစ်ချက် ကြည့်လိုက်ရာ မလှပတဲ့ ဖွားအေးတုတ် မျက်နှာကြီးက ဝင်းလက်သော ပီတိများဖြင့် မလှမပ ရယ်လိုက်ကာ

"အဟိ. အဟိ. အဟိ. သဘောကျသကွယ့်၊ တော် သကွယ်၊ အကြံအစည်အားလုံး အောင်မြင်ပါစေကွယ်"

ဟု ဆုပေးပြီး အိမ်အောက်သို့ ဆင်းသွားလေတော့သည်။ နေမင်းကြီးသည်လည်း အနောက်ဘက် တောင်တန်းကြီးအား ပုန်း ကွယ်သွားလေပြီ။

❑ ❑ ❑

ကောင်းကင်မှာ မြူတိမ်များ ကင်းစင်ပြီး လပြည့်ဝန်း

ကြီးက ထိန်ထိန်သာလျှက် ပြာသိုလဆိုတော့ ညက အတော်ကလေး အေးသဗျ။ သည်အချိန်မှာ ကျုပ်ရွာမှာ ကောက်ကြီးစပါးတွေ ရိတ်သိမ်းကြပြီလေ။ တစ်ချို့ဆို ပြီးသလောက်တောင် ဖြစ်ကုန်ကြပြီ။ ကျုပ်ကတော့ စိုက်တာနောက်ကျတော့ မရိတ်သိမ်းရသေးဘူးဗျ။ ကျုပ်နဲ့ စံအေး ကျုပ်အိမ်ရှေ့ မြေတလင်း မီးဖိုမှာမီးလှုံကာ ရေနွေးကြမ်း သောက်ရင်း စကားစမြည် ပြောနေကြတယ်လေ။

"စံအေး မင်းသည်တခါ ချလာတဲ့ ကျွန်းသစ်ကြီးက တယ်လှပါလား။ ဘယ်တုံးက ဘယ်သူတွေနဲ့ ဘယ်ဘောကို သွားလိုက်တာလဲ"

"တောင်ဘက်က ပေါက်ပင်ကုန်းရွာ ဂျပန်တို့ အဖွဲ့နဲ့ လိုက်သွားတာ စကားဝါမြောင် ရောက်ခဲ့တယ်။ မင်းက လယ်ရိတ်တော့မှာ ဆိုတော့ ငါလဲ မပြောတော့ဘူး"

"အေး ဒါနဲ့ သာဒင်၊ ပေါက်ပင်ကုန်းရွာက စေတလုံး ဘိုးတော်ပန် ဆိုတာသိလား"

"အေး လူချင်းတော့ မသိဘူး၊ နာမည်တော့ အတော်ကြီးတယ်၊ အတော် စွမ်းတယ်လို့တော့ ကြားဘူးတာပဲ"

"အေးကွ. . အဲသည် ဆရာတပည့်နှစ်ယောက် ဂျပန်တို့ အဖွဲ့နဲ့ ဒို့နဲ့ အတူတူပေါ့ကွာ။ ဆေးပင် ရှာမလို့ဆိုပြီး တောထဲကို လိုက်လာတယ်ကွ"

စံအေးက စကားကို ခဏရပ်လိုက်ခါ မီးသေနေပြီ ဖြစ်တဲ့ ဆေးလိပ်တိုကို မီးစတစ ကောက်ကာ မီးငြှိနေစဉ် ကျုပ်လဲ





ဘိုးတော်ပန် အကြောင်း ဆန်းကြည် ပြောပြစဉ်ကပင် စိတ်ဝင်စားနေခြင်းကြောင့် ကျုပ်က သောက်လက်စ အကြမ်းပန်းကန်ကို အောက်သို့ ချလိုက်ကာ

"အေးကွ. . ငါ စိတ်ဝင်စားတယ်ကွာ ဆက်စမ်းပါဦး"

"ရှူး. . အား. . "

သည်လိုနဲ့ စံအေးက မီးငြှိပြီးတဲ့ ဆေးလိပ်ကို တချက် အားပါးတရ ရှိုက်လိုက်ပြီး

"ဖြစ်ပုံကသည်လိုကွ၊ ဒို့တောထဲ ရောက်တော့ ထုံးစံအတိုင်း ဂျပန်ကို စခန်းစောင့်ထားခဲ့ပြီး ကျန်တဲ့လူအားလုံးက တောင်ပေါ်ဘက် သစ်လှဲကြတယ်ပေါ့ကွာ။ လှည်းငါးစီးအတွက် တစ်နေ့ထဲနဲ့ သစ်တွေ အားလုံး စခန်းကို ရောက်တယ်ကွ။ သည်လိုနဲ့ စေတလုံးဘိုးတော်ပန်တို့ ဆရာတပည့်ကလဲ သူတို့ ဆေးပင် သူတို့ ရှာကြပြီး အချိန်ကျတော့ စားသောက်ပြီး အိပ်ကြရောပေါ့ကွာ။ တိုတိုပဲ ပြောကြပါစို့။ ည(၁၁)နာရီ တရေးနိုးလောက်ကြတော့ ဂျပန်က ထဖောက်ပါလေရောဟေ့၊ အဲဒီတုန်းကလည်းဘိုးတော်ပန်ပါလာလို့ပေါ့။ ဂျပန့်ကိုဆေးတစ်ခွက်တိုက်လိုက်တာ တစ်ခါတည်း ငြိမ်ကျသွားတာပဲ" ဘိုးတော်ပန်သတင်း နေရာအနှံ့ကျော်လာသည်။

❑

"အမေ ကြောက်တယ် အီး. ဟီး. ဟီး. ဟီး အမေ လုပ်ပါဦး၊ ဟိုမှာ ကြောက်တယ် အဟင့်. ဟင့်"

ကျုပ် အိမ်နဲ့ အိမ်နီးချင်းဖြစ်တဲ့ ဖိုးတွတ်နဲ့သန်းမေ တို့ရဲ့ သား ၁၀နှစ် အရွယ်ရှိ ငဦး ရဲ့ကြောက်လန့်တကြား ငိုတဲ့အသံကို

ကျုပ်နဲ့ စံအေး ကြားရလေရာ

"ဟ စံအေး ဒါ ဖိုးတွတ်နဲ့ သန်းမေ ရဲ့သား ငဦး အသံ မဟုတ်လား"

"အေး ဟုတ်တယ်ကွ၊ တစ်ခုခုကို ကြောက်ပြီး ငိုတာပဲ၊ လာ သွားကြည့်ကြရအောင်"

ကျုပ်တို့လဲ ဖိုးတွတ်တို့ အိမ်ဘက်ကို ကဗျာသုတ်သက် ကူးခဲ့ကြတယ်။ ဖိုးတွတ်တို့ အိမ်ဘက်ရောက်တော့ အိမ်နီးချင်းတွေ တော်တော်များများ ရောက်နေကြပြီး တစ်ယောက်တစ်ပေါက် စကားတွေနဲ့ ကျွတ်စီကျွတ်စီ ရုံးစုရုံး ဖြစ်နေကြလေသည်။ ကျုပ်နဲ့ စံအေး လဲ လူတွေကြားထဲ တိုးကြည့်လိုက်တော့ အိမ်ရှေ့ ကွပ်ပျစ် ပေါ်မှာ သန်းမေက သူ့သား ငဦး ရင်ခွင်ထဲ ပိုက်လျှက်

"ငါ့သား၊ ဘာကို ကြောက်တာလဲ ဘာမှမရှိပါဘူး"

ဖိုးတွတ်ကလဲ အနားမှာထိုင်လျှက်

"ငါ့သား အဖေ တို့ ကျုပ်လေ ဘာမှ ကြောက်စရာ မရှိပါဘူး သားရဲ့"

သို့ပေမဲ့ ငဦးက သူ့အဖေ ဖိုးတွတ် ကိုပင် မကြည့်ရဲအောင် ဖြစ်နေလေသည်။ ငဦးက မြင်မြင်သမျှကိုပင် ကြောက်နေသလို ဖြစ်နေသောကြောင့်

"ဟဲ့ သန်းမေ ကလေး မျက်နှာကို ဘာမှ မမြင်ရအောင် နင့်ရင်ခွင်ထဲ အပ်ထားစမ်း"

သန်းမေက ကျုပ်ပြောသလို ကလေး မျက်နှာကို သူ့ရင်ခွင်





ထဲ အပ်ထားလိုက်မှ ကလေးက ဘာမှ မမြင်နိုင်အောင် ဖြစ်ပြီး ငြိမ်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ သန်းမေ"

စံအေးက မေးလိုက်သည်။

"ဘယ်လိုဖြစ်မှန်း မသိပါဘူး ကိုစံအေးရယ်။ ကျုပ်တို့လဲ ပေါက်ပင်ကုန်းရွာ အမေ့အိမ်က ပြန်လာတာ မကြာသေးဘူး။ ကျုပ်က မီးဖိုဆောင် ဝင်သွားကာ ရှိသေးတယ်။ သူ့အဖေကလဲ နွားတွေ စားခွက်က ရှေ့နေတုန်း သားက သည်ကွပ်ပျစ်ပေါ်က စားနေရင်းကနေ ကြောက်တယ် ကြောက်တယ်နဲ့ အော်ငိုတော့တာ ပါပဲ"

"အေး မိုးကလဲ ချုပ်ပြီဆိုတော့ တစ်ခုခုများ လိုက်လာ သလား"

ကျုပ်က ဖိုးသူတော် ဦးရွှေသီးကို သွားပင့်ဖို့ ပြောမလို့ စဉ်းစားနေတုန်း၊ ဘယ်အချိန်က ရောက်နေမှန်းမသိ၊ ဆန်းကြည်က ဝင်၍

"တစ္ဆေတွေ ဘာတွေ ပါတာ အမှောင့် ပယောဂတွေ ဘာတွေ ဆိုရင် တောင်ဘက်ရွာ ပေါက်ပင်ကုန်းက ဘိုးတော်ပန်ကို သွားပင့်ကြ တကယ်စွမ်း တကယ်နိုင်တာ"

ဆန်းကြည် စကားကြောင့် ကျုပ်စကား မဆက်နိုင်ခင် မှာပဲ ဖိုးတွတ်က နွားတွေဆွဲ လှည်းကရင်း

"ကိုကြီးသာဒင်နဲ့ ကိုစံအေးတို့ ကျုပ်ကို ကူညီပါဦး

ဘိုးတော်ပန်ကို ပင့်ပေးကြဦး"

ကျုပ်နဲ့ စံအေးလဲ ဘာမျှ မပြောသာတော့ပဲ လှည်းပေါ် တက်မောင်းကာ ထွက်ခဲ့ရတော့သည်။

လမ်းရောက်တော့ စံအေးက

"ကလေးက ဘာဖြစ်တယ်တော့ မသိဘူး၊ တောထဲမှာ ဂျပန်ဖြစ်တဲ့ အဖြစ်မျိုးကွဲ၊ မြင့်မြင့်သမျှကို ကြောက်နေတာပဲ"

"အေးကွ ကလေးက မြင့်မြင့်သမျှကို ကြောက်နေတဲ့ သဏ္ဍာန်ပဲ"

"အေး ဘိုးတော်ပန်နဲ့ တွေ့ရင်တော့ အကြောင်းသိရမှာပဲ"

ကျုပ်တို့လဲ စကားပြောရင်း မောင်းလာကြရာ

ပေါက်ပင်ကုန်းရွာရောက်တော့ ဖွားအေးတုတ်အိမ်ဝင်းထဲ လှည်းမောင်းဝင်လိုက်ပြီး နှစ်ယောက်သား လှည်းပေါ်က ဆင်းလိုက်ရာ နှစ်ခန်းအိမ်လေးရှေ့ ကပြင်မှာ ဘိုးတော်ပန်နဲ့ သူ့တပည့် မောင်ပုံတို့ မှိတ်တုတ်မှိတ်တုတ် ဖန်မီးအိမ် မီးရောင်အောက်မှာ အကြမ်းသောက်ရင်း စကားပြောနေသည်ကို တွေ့ရလေသည်။ ကျုပ်တို့ နှစ်ယောက် ဘာမျှ မပြောရသေး။ ကျုပ်တို့ကို မြင်သည်နှင့် ဘိုးတော်ပန် ခရီးဦးကြို ပြုလိုက်သည်က

"ဟဲ. . ဟဲ. . ဟဲ လာကြဟေ့၊ လာကြ ကလေး အမှောင့် ပယောဂ အနှောက်အယှက် ဝင်လို့ မဟုတ်လား"

"ဟင်. . "

ကျုပ်နဲ့ စံအေး အံ့ဩခြင်း အာမေဍိတ်သံ ပြိုင်တူ





ထွက်သွားကြလေသည်။ ကျုပ်ကိုလဲ နှစ်ခန်းအိမ်မြင့်လေးပေါ် သို့ ဘက်သွားရာ

"ကဲ ကဲ ထိုင်ကြ ပြောစမ်းကွာ၊ ဘယ်လိုဖြစ်တာလဲ"

"ကျုပ်တို့က ဟိုဘက်ရွာ ကျွဲခြံကုန်းကပါ"

စံအေး စကားမှ မဆုံးခင်

"အေးပါ ငါသိပါတယ်၊ ကလေးက မြင့်သမျှကို ကြောက်တယ်၊ ကြောက်တယ်နဲ့ ငိုနေတာ မဟုတ်လား။ မပူပါနဲ့၊ ဘာမှမဖြစ်ပါဘူး။ ဖြေးဖြေးပေါ့။ ရော့. . အကြမ်းသောက်ကြဦး"

ဟု ဆိုကာ အကြမ်းအိုးကို ကျုပ်တို့ထံ တိုးပေးလိုက်သည်။ ပြီးမှ

"အင်း. . "

ကနဲ သက်ပြင်း တစ်ချက်ချကာ စဉ်းစားသလိုနဲ့ မိုးကောင်းကင်ကြီးကို မော့ကြည့်နေလေသည်။ အတန်ငယ်ကြာမှ

"မောင်ပုံ ဆေးလွယ်အိတ်သွားယူစမ်း"

မောင်ပုံက သွက်လက်စွာ အိမ်ထဲက ဆေးလွယ်အိတ်ကို ယူပေးလိုက်ရာ ဆေးလွယ်အိတ်ကြီးထဲမှ ဘိုးတော်ပန်က ဘူးလေး တစ်ဘူး နှိုက်ယူလိုက်ပြီး ဘူးလေးထဲမှ ဆေးလုံးကလေး တစ်လုံး ထုတ်ကာ

"ဝါး. . . "

တစ်ချက် သန်းလိုက်ပြီး

"ရော့ ရော့ သည်ဆေးကိုသာ ဝင်အောင် တိုက်လိုက်၊

ကလေး အိပ်ပျော်သွားလိမ့်မယ်။ ဘာမှ မပူနဲ့လို့။ မိုးကလဲ ချုပ်ပြီ ဆိုတော့ တို့မလိုက်တော့ဘူး"

စံအေးက ဘိုးတော်ပန် ပေးသော စက္ကူဖြင့် ထုတ်ထားသည့် ဆေးလုံးကလေးကို ရိုသေစွာ လှမ်းယူလိုက်သည်။

"အေး. . ငါ ပြောဦးမယ်၊ ကလေးက ပရလောကနာနာဘာဝဝိနာဘာဝ အသိုင်းအဝိုင်းကနေ လူ့လောကကို ရောက်လာတာကွ၊ ဒါကြောင့် ကလေး (၁၀)နှစ်ပြည့်ပြီ ဆိုတော့ အရင်ဘဝက သူ့ရဲ့ အသိုင်းအဝိုင်းက ဟာတွေက သူ့အရင်ဘဝကို သတိရအောင် ပုံသဏ္ဍာန်တွေ အမျိုးမျိုး ဖန်ဆင်းပြပြီး အရင်ဘဝ ပရလောကနယ်ထဲကို ပြန်ခေါ် ချင်တဲ့သဘောပဲ။ ဒါကြောင့် သူတို့ မခေါ်နိုင်အောင်၊ နောက် ဒါမျိုး မဖြစ်အောင် အဆောင်ပစ္စည်း လုပ်ရမယ်။ မနက်ကို ရာလေးပါ ခေါ်ပြီး လာခဲ့ပါလို့ ပြောလိုက်ကြကွဲ့။ ကဲ. ကဲ သွားကြတော့"

ကျုပ်တို့လည်း အိမ်လေးပေါ်မှ ဆင်းလာခဲ့ကြရာ မောင်ပုံက ကျုပ်တို့နောက်မှ လိုက်လာလေသည်။ လှေကားရင်းရောက်တော့ အိမ်ဝင်းထောင့် တစ်နေရာရှိတဲ့ အိမ်ကလေးအတွင်းမှ မီးအိမ်ကလေး မြှောက်ကာဖြင့် ဖွားအေးတုတ် ထွက်လာပြီး

"ဟဲ့ သာဒင်တို့ စံအေးတို့ ဘယ်သူ ဘာဖြစ်လို့တုန်း"

ကျုပ်က အကျိုးအကြောင်း ပြောပြလိုက်တော့

"အေး. . အေး ဘိုးတော်ပန်နဲ့ တွေ့ရင် အန္တရာယ်ကင်းသွားမှာပါ။ ကဲ. ကဲ ပြန်ကြ ပြန်ကြ။ ဆရာ မှာတဲ့အတိုင်းသာ





လုပ်လိုက်ကြ"

ဟု ဆိုကာ မိမိတဲအိမ်ကလေးထဲသို့ ပြန်ဝင်သွားလေသည်။ ကျုပ်တို့ ပြန်ရန် လှဲကနေစဉ် ဘိုးတော်ပန် တပည့်ဖြစ်သူ မောင်ပုံက အနားသို့ကပ်ကာ

"ကိုယ့်ဆရာတို့ ပြန်ကြတော့နော်၊ ဆရာမှာတာလဲ မမေ့ကြနဲ့ဦး။ အဆောင်ပစ္စည်း လုပ်ရမှာက ငွေငါးသောင်းလောက် တော့ ကုန်မှာလို့လဲ ပြောလိုက်ဦး"

ဟု သူက ကျုပ်တို့ကို အမှာစကားပါးလိုက်သေးသည်။

သည်လိုနဲ့ ကျုပ်တို့ ပြန်လာကြရာ ဖိုးတွတ်တို့ အိမ်ရောက်တော့ ကလေးက ကြောက်လန့်နေဆဲ၊ ငိုနေဆဲပင် ကျုပ်တို့လည်း ဘိုးတော်ပန် ပေးလိုက်တဲ့ ဆေးလုံးကလေးကို ပေးပြီး ကလေးကို တိုက်လိုက်တော့ ကလေးက သန်းမေ ရင်ခွင်ထဲမှာပဲ ခဏမှိန်းပြီး အိပ်ပျော်သွားလေသည်။

ထိုအခါမှ ကျုပ်က ဘိုးတော်ပန် ပြောတဲ့စကား မှာလိုက်တာတွေ အဆောင်ပစ္စည်းလုပ်ရမှာ ငွေငါးသောင်း ကုန်ကျမည် ဆိုတဲ့ အကြောင်းတွေကို ပြောပြလိုက်ရာ မပြန်ကြသေးတဲ့ အိမ်နီးချင်း လူတွေက

"လူ့အသက်တော့ ဘာမျှ တန်ဘိုး မရှိဘူး၊ လုပ်လိုက် ဖိုးတွတ်"

လူ့ဘဝ ရခဲတယ်။ ငွေငါးသောင်းဆိုတာ လူမသေ ငွေမရှား ရှာလို့ရတယ်။ ဆရာမှာသလို သွားလုပ်လိုက်ဟဲ့ သန်းမေ"

တယောက်တပေါက် ပြောနေကြလေသည်။ သည်အထဲမှာတော့ ဆန်းကြည်အသံက အကျယ်ဆုံး သူက ရှေ့ဆုံးက,

၂ ရက်လောက်ကြာတော့ ကျုပ်သတိထားမိလိုက်သည်။ ဖိုးတွတ်နဲ့ သန်းမေ တို့သားလေး ငဦး ကျန်းမာစွာဖြင့် သူ၏ လည်မှာလဲ ကြိုးနီလေးမှာ ငွေပြားလေး ပတ်ပြီး ဆွဲထားသည့် အဆောင် လက်ဖွဲ့လေး တစ်ခု

ထိုအချိန်မှစ၍ အနီးအနားရွာတွေမှာ ဘိုးတော်ပန် သတင်းက ကြီးသွားလေသည်။ ဗိုက်နာတာကအစ ဖျားတာ နာတာ မျက်စိကျိမ်းတာ ဝေဒနာအားလုံး ဘိုးတော်ပန်မှ ပျောက်သလို ဖြစ်နေလေသည်။ နောက်ဆုံးအဆောင် လက်ဖွဲ့တွေ တောင်းကြ၊ တောတက် တောသွား အန္တရာယ်ကင်းအောင် ဘိုးတော်ပန်ထံ သွားပြီး စောင့်ရှောက်ပါရန် ကန်တော့ကြ အထိ ဖြစ်လာလေသည်။

❑

တနေ့တော့ ကျုပ်နဲ့ စံအေးတို့ ဖိုးသူတော် ဦးရွှေသီးကျောင်းလေးပေါ် ရောက်သွားကြပြီး ဆရာတပည့် သုံးယောက် စကားလက်ဆုံကြနေကြသည်။ စကားလက်ဆုံကြနေကြသည်က တခြား ဟုတ်ပါရိုးလား။ စေတလုံး ဘိုးတော်ပန် အကြောင်းပေါ့။ ဦးရွှေသီးကကော ကျုပ်နဲ့စံအေး ပြောတဲ့ စေတလုံး ဘိုးတော်ပန် အကြောင်းကို အင်းအဲမလိုက်ပဲ ကြေးကွမ်းအစ်ကြီး ရှေ့ချကာ ကွမ်းသီးများကို ကွမ်းညပ်ကြီးနဲ့ တချပ်ချပ် စိတ်ရင်းခေါင်းသာ





တဆတ်ဆတ် ညိမ့်နေလေသည်။

ကျုပ်နဲ့ စံအေး ပြောလို့ကုန်မှ ဦးသူတော်က

"ဒါလောက်ထိပဲလား"

"ခုဆို ဝေဒနာရောဂါတစ်ခုဖြစ်ရင် ဘိုးတော်ပန်မှ ပျောက်သလိုကို ဖြစ်နေတာ ဘရာ"

ကျုပ်က ထပ်တွန့်လိုက်သလို စံအေးက တစ်ခါ

"ဘယ်လို စွမ်းတယ်တော့ မသိဘူး။ ဟိုတနေ့က ဖိုးဖြူတို့ အိမ်ဝိုင်းထဲက အုန်းပင် အုန်းသီးတွေ တအား သီးနေတာ မြင်တော့ ဆေးဖော်ဘို့ အုန်းရေ လိုချင်လို့ နှစ်လုံးသုံးလုံးလောက် ရောင်းပါလို့ ပြောတော့ ဖိုးဖြူကလဲ သူ့ကျေးဇူးမကင်းတော့

"မရောင်းပါဘူး ဆရာကြီးရယ်၊ လိုသလောက် ယူပါ။ ဒါပေမဲ့ ကျုပ်တော့ မတက်နိုင်ဘူး"

လို့ ပြောလိုက်တော့ ဘိုးတော်ပန်က

"မင်းပေးရင် အလွယ်လေးပါကွယ်၊ ရော့. ရော့ အဲ့သည် အုန်းပင်အောက်သွားပြီး သည်ကြေးစည်ကလေးကိုသာ တီးလိုက်"

ဆိုပြီး သူ့လွယ်အိတ်ကြီးထဲက ကြေးစည်ကလေးနဲ့ တီးမှုတ်ကလေး ပေးလိုက်တာ ဖိုးဖြူက အုန်းပင်အောက် သွားပြီး ကြေးစည်ကလေး တီးလိုက်တာနဲ့ အုန်းသီးတွေ ကြွေကျကုန်ကာ တပည့်တော်ကိုယ်တိုင် မြင်ခဲ့ရတယ် ဘရာ"

စံအေးက အားပါးတရ ပြောလိုက်မှ

"ဟဲ. ဟဲ. ဟဲ. ဟဲ. ."

ဦးသူတော်က ပလူမွှေးပလူတောင် သူ့ကတုံးကြီးကို ပွတ်ကာ ထုံးစံအတိုင်း မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီး. . .၊

"အတော် စွမ်းတာကိုးကွနေ့ာ်"

ဦးသူတော်ရဲ့ စကားက ပြောင်သလိုလှောင်သလို ဖြစ်နေသည်ကို ကျုပ်ရော စံအေးပါ ရိပ်မိလိုက်သည်။ ကျုပ်တို့လည်း နေစောင်းနေပြီ ဖြစ်သဖြင့် ဦးသူတော်အား ဝတ်ချပြီး

"တပည့်တော်တို့ ပြန်ဦးမယ် ဘုရား"

ဟုဆိုကာ နှစ်ယောက်သား ထလာကြရာ လှေကားဆင်း အပေါက်ရောက်တော့

"ဟဲ. ဟဲ. ဟဲ. ဟား. . ဟား. . ဟား အတော် စွမ်းသကိုး"

သည် တခါတော့ ဦးသူတော်က အားပါးတရရယ်၍ တစ်ယောက်ထဲ ပြောနေခြင်း ဖြစ်ရာ ကျုပ်နဲ့ စံအေးလဲ နှစ်ယောက် ပြိုင်တူ နောက်သို့ လှည့်ကြည့်လိုက်ရာ ဦးသူတော်က ခေါင်း တဆတ်ဆတ် ညိမ့်လျက် ကွမ်းသီးများကို ကွမ်းညှပ်ကြီးနဲ့ တချပ်ချပ်နဲ့ စိတ်နေဆဲ ကျုပ်နဲ့ စံအေးလဲ အဖြေမသိ ပဟေဠိ အကြည့်နဲ့ တယောက်တယောက် ကြည့်ကာ လှေကားလေးမှ ဆင်း ကြတော့သည်။

❑

နံနက်ခင်းမှာ ကြည်နူးစရာကောင်းတဲ့ ကြေးစည်သံ ကလေးနဲ့အတူ သံဃာတော်များ ဆွမ်းခံကြွလာကြလေသည်။ ကျုပ်ရဲ့ ဇနီးက အိမ်ရှေ့သို့ ထွက်ကာ ဆွမ်းလောင်းနေသည်





သိုစဉ် ဖိုးသူတော် ဦးရွှေသီးရဲ့ တပည့် ဖြစ်တဲ့ ကျောင်းသားလေး ပေသီးက သပိတ်ကလေး ပိုက်ကာ အိမ်ဝိုင်းထဲသို့ ဝင်ပြေးလာလေသည်။ ပေသီးကို မြင်ကထဲက ဦးသူတော် အကြောင်း ဘခုခုတော့ ကူးပြီဆိုတာ တွက်လိုက်မိပါတယ်။ ကျုပ်အလုပ်ခွင် ဆင်းရန် ထမင်းကြမ်း စားနေသည့်နေရာဆောရဲ့တော့ ပေသီးက

"ဦးသာဒင်၊ ဦးသူတော်က ကိုစံအေးကို ခေါ်ပြီး အခု ကျောင်းကို ချက်ချင်း လာခဲ့ပါတဲ့"

ပေသီးက ပြောပြီး တောက်လျှောက် ဆွမ်းခံရာသို့ ပြေးပြီး လိုက်သွားသောကြောင့် ကျုပ်ဘာမျှ မေးချိန် မရလိုက်ပေ။ ဒါကြောင့် ကျုပ်လည်း ထမင်းကို မပြီးသေးဘဲ လက်စသတ်ခါ စံအေးကို အပြေးလွှားခေါ် နှစ်ယောက်သား ကျောင်းက ဦးသူတော် အဆောင်သို့ အပြေးကလေး လှမ်းခဲ့ရတော့သည်။

ဦးသူတော် ကျောင်းဆောင်ကလေးပေါ် တက်လိုက်တော့

"အား. . ကျွတ်. . ကျွတ်. . ကျွတ် ဘုရား ကယ်ပါ အမလေး"

ညည်းသံနဲ့အတူ ဦးသူတော်က သူထိုင်နေကြ ဘုရားစင် ရှေ့ သင်ဖျာကလေးပေါ်မှာ လူးလှိမ့်နေလေသည်။ ကျုပ်နဲ့ စံအေးလဲ ဦးသူတော် အနားကို အပြေးအလွှား ထိုင်လိုက်ပြီး

"ဦးသူတော် ဘာဖြစ်တာလဲ ဘယ်လိုဖြစ်တာလဲ"

ဟု မေးလိုက်တော့

"အား ဘုရားကယ်ပါ။ ငါ့ဗိုက်ထဲမှာ အရမ်းနာနေတယ်။

အမလေး ဘုရား ဘုရား။ ဒါရိုးရိုးသားသား မဟုတ်ဖူး ဆိုတာ ငါသိတယ်။ ဒီတော့ မင်းတို့ စေတလုံး ဘိုးတော်ပန်ကို အခု ပင့်ပေးစမ်းပါကွာ"

ဦးသူတော်ရဲ့ ပြောစကားကြောင့် ကျုပ်နဲ့စံအေး မျက်လုံးပြူးခါ တယောက်နဲ့တယောက် ကြည့်နေစဉ်မှာပဲ

"တောက်"

ဦးသူတော်က တောက်တချက် ခေါက်လိုက်ကာ

"ဘာလုပ်နေကြတာလဲ။ သွားအခု မြန်မြန် သွားပင့်ကြစမ်း"

ကျုပ်နဲ့ စံအေးလဲ ဦးသူတော် ဝေဒနာကို ခံစားနေရသည်ကို မြင်နေရသည်က တကြောင်း၊ ဆရာရဲ့ အမိန့်ကို မလွန်ဆန်ဝံ့သည်က တကြောင်း၊ ထို့ကြောင့် ကျုပ်နဲ့ စံအေးလည်း ၎ကျောင်းပေါ်က အပြေးဆင်း၊ ကျုပ်အိမ်ကို အမြန်ပြေး၊ ကျုပ်လှည်းကို အမြန်ကလို့ ဘိုးတော်ပန်ကို အမြန် သွားပင့်ရတော့တာပေါ့ဗျာ။

လမ်းရောက်တော့ ကျုပ်က

"စံအေး၊ ငါတို့ ဦးသူတော် ဘယ်လိုဖြစ်တာလဲ မသိဘူး"

"ဟ ငါ့ကောင်ရဲ တံငါသည်လည်း ရေနစ်သေတတ်သလို အလမ္မယ် ဆရာလည်း မြွေကိုက်လို့ သေတတ်တာပဲ။ တော်တော့။ လှည်းသာ မြန်မြန်မောင်းကွာ"

ဒါနဲ့ ကျုပ်တို့လည်း လှည်းကို အမြန်မောင်း ဘိုးတော်ပန်



…ဲ့ အမြန်ပင့်လို့ ဦးသူတော်ကျောင်းကို ရောက်ပြီ ဆိုကြပါစို့။

ကျုပ်နဲ့ စံအေးက ရှေ့က ကျုပ်တို့နောက်က ဘိုးတော်ပန် …းယောက်သား ကျောင်းပေါ်တက်လိုက်တော့ ဦးသူတော်က ထုံးစံ …တိုင်း ဘုရားစင်ရှေ့ထိုင်၊ ကြေးကွမ်းအစ်ကြီး ရှေ့ချကာ ကွမ်းညှပ် …ကြီးနဲ့ ကွမ်းသီးများကို တချပ်ချပ် ညှပ်ကာ စိတ်နေလေသည်။ …တော့ ဘာမှမဖြစ်သလို အကောင်းပကတိအတိုင်း မြင်လိုက် …တော့ ကျုပ်နဲ့ စံအေး အံ့ဩသွားသလို ဘိုးတော်ပန် ကတော့ …ရာရောက်တာနဲ့ ဝေဒနာပျောက်တယ် ဆိုတဲ့ ဂုဏ်ယူ ဝင့်ကြွားတဲ့ …န်နဲ့

"ဟဲ. . ဟဲ. . ဟဲ. ."

သို့သော်. . . သူရယ်လို့မှ မဆုံးခင် 'ဝုန်း ဗွမ်း. .' မမျှော် …င့်ပဲ အဝင် တံခါးပေါက် အပေါ်ကြီးခွေပေါ်မှ ရေအိုးငယ် …လုံးက မှောက်ကြလာပြီး ဘိုးတော်ပန် တကိုယ်လုံး ရေတွေ …သွားလေသည်။

"ဟဲ့ ပထုပ်တုတ်"

ဘိုးတော်ပန် အော်သံနဲ့အတူ ကျုပ်နဲ့ စံအေး နောက်သို့ …ည့်ကြည့်လိုက်၊ ဘိုးတော်ပန် တကိုယ်လုံး ရေတွေ ရွှဲနေပြီး …ိုင်ငယ်နံ့များက ထောင်းလမောင်းထ သွားလေသည်။ ကျုပ်တို့ …ည်း ဘာပြောလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ဘိုးတော်ပန်က …ော်တဆ ဖြစ်သည့်အသွင်နဲ့

"အဟီး. ."

ရှက်ရယ်. ရယ်ကာ ရှေ့သို့ တိုးလာစဉ်

"ဗွီး. . ဖေါင်း. . ဒေါင်" '

'ဂိန်. . အဲ. . . ဟုတ်ပေါင် အမလေး"

ဘိုးတော်ပန် အော်သံကြောင့် ကျုပ်နဲ့ စံအေး နောက်လှည့်ကြည့်လိုက်တော့ ကြမ်းခင်းထဲက ပြင်ချပ်တစ်ချောင်းက အလိုလိုထောင်ထွက်လာပြီး အရှိန်ပြင်းစွာနဲ့ ဘိုးတော်ပန် နဖူးကို ရိုက်လိုက်ခြင်းကြောင့် အာလူးသီး ထွက်နေတဲ့ သူ့နဖူးကို ဘိုးတော်ပန်က လက်နှစ်ဖက်ဖြင့် ပွတ်နေလေသည်။ ထိုစဉ် ဦးသူတော်က

"စေတလုံး ဘိုးတော်ပန်၊ ဒကာကြီး အဲသည်လို ပယောဂအနှောက်အယှက်တွေတော့ ခေါ်မလာနဲ့ဗျာ၊ ကျုပ်က ကြောက်တယ်ဗျ"

"အဟီး"

ဘိုးတော်ပန်က သိက္ခာမလုံသလို ကြောင်တောင်တောင်နဲ့ တချက် ရယ်ပြလိုက်ပြီး ဦးသူတော် ညွှန်ပြသော နေကထိုင်ကလေးပေါ်သို့ ထိုင်လိုက်ရာ

"ဂိန်. အိမ်. အိမ်အဲဟုတ်ဘူး. အမငေး. အဲ. အဲ အမလေး"

ဟု အော်ကာ ဓါတ်လိုက်သလိုတဆတ်ဆတ် တုန်ကာ ဖြူဖွေးပြီးကားနေတဲ့ နှုတ်ခမ်းမွေးတို့က အပေါ်သို့ ကော့တက်သွားလေသည်။ ခဏကြာမှ ဘိုးတော်ပန် ငြိမ်သွားလေသည်။

"ဟဲ. . ဟဲ. . ဟဲ. . ဟား. . ဟား. . ဟား. . "





ဘိုးသူတော် ဦးရွှေသီးက အားပါးတရ ရယ်လေတော့သည်။ ဘိုးတော်ပန် အဖြစ်ကို ကြည့်ပြီး ကျုပ်နဲ့ စံအေးလည်း မနေနိုင်တော့ပေ။

"ဟား. . ဟား. . ဟား. . ဟား. . ဟဲ. . အဟဲ. အဟဲ. "

ကျုပ်တို့လည်း အားပါးတရ ရယ်ပစ်လိုက်တော့သည်။ ကျုပ်တို့ သိလိုက်ပါပြီ။ ကျုပ်တို့ ဆရာ ဦးရွှေသီး၊ ဘိုးတော်ပန် ကို ပညာပြနေပြီဆိုတာ ဘိုးတော်ပန်ကတော့ သူထိုင်နေတဲ့ နေကထိုင်ကို မသက်သာသလို ကြည့်နေလေသည်။ ထိုစဉ် စံအေး ဘယ်လိုဖြစ်သည်မသိ၊ နတ်ပူးသလို တဆတ်ဆတ် တုန်လာပြီး

"အဟိ. . အဟိ. . အဟိ. . အဟိ. . "

ရယ်နေလေသည်။ သို့သော် အသံက သူ့အသံမဟုတ်၊ မိန်းမကြီး တစ်ယောက် အသံ ဖြစ်နေလေသည်။ တခါစကားကို ဆက်ပြန်လေသည်။

"ဟဲ့ ငပန် နင်. နင့်ဌာနကို အမြန်ပြန်တော့၊ နင့်ကို ငါတို့ ခွင့်ပြုသင့်သလောက်၊ ကြည့်ရှုသင့်သလောက်၊ ကူညီသင့်သလောက် အားလုံး လိုက်လျောပြီးပြီ၊ ပြန်ဆို အခုပြန်၊ နောက်ဖြစ်လာမည့် ပြဿနာကို ငါတာဝန်မယူနိုင်ဘူး"

ထိုစကားကို ကြားတော့ ဘိုးတော်ပန် မျက်ကလူးဆံပြာနဲ့

"ဟုတ်. ဟုတ်. ဟုတ်ကဲ့ အခုပြန်ပါတော့မယ်"

ဘိုးတော်ပန် ပြောပြောဆိုဆိုနဲ့ ထပြန်မည့်ဟန် ပြင်လိုက်စဉ် ဖိုးသူတော် ဦးရွှေသီးက

"နေပါဦး၊ စေတလုံး ဘိုးတော်ပန်ရဲ့ အခုပြောတာ ဘယ်သူလဲလို့ ခင်ဗျား ပညာလေးနဲ့ မေးသွားပါဦး"

"မမေး. . မေးရဲပါဘူး ဘုရား၊ လစ်. လစ်တော့၊ အဲ. အဲ၊ ပြန်. ပြန်ခွင့်ပြုပါတော့ ဘုရား"

ဘိုးတော်ပန် အတော် ကြောက်လန့်နေပြီး ဆောက်တည်ရာ မရ ဖြစ်နေလေသည်။

"နေပါ ခင်ဗျား မမေးရဲရင် ကျုပ်မေးလိုက်ပါ့မယ်"

ဦးသူတော်က ပြောပြောဆိုဆိုနဲ့

"ဟဲ့သည်စကား ပြောတာ ဘယ်သူလဲ"

ဟု မေးလိုက်စဉ် စံအေးက မိန်းမကြီး တစ်ယောက်အသံနဲ့ ဖြေလိုက်သည်က

"တပည့်တော် မအေးတုတ်ပါဘုရား"

သည်အဖြေစကား ကြားတော့ ဘိုးတော်ပန် ခမျာ

"အေးတုတ် ဆိုရင် ဘေးဖြစ်အောင် အဟုတ် လုပ်တော့မှာမို့ လစ်. လစ်. လစ်ပြီ ဘုရား"

ဟုတ်ဆိုကာ ဘယ်သူမျှ မတားနိုင်ခင် တကြိုးထဲ လစ်လေးတော့သည်။

ကျုပ်တို့လည်း ဘိုးတော်ပန် အဖြစ်ကို ကြည့်ပြီး

"ဟား. ဟား. ဟား. ဟား. ဟဲဟဲဟဲ. အဟဲ"

မပြုံးပဲ ဝါးလုံးကွဲ ရယ်လိုက်ကြတော့သည်။ ရယ်လို့ ဝါးရတော့ ကျုပ်က





"ဦးသူတော် ဘယ်လိုဖြစ်တာလဲ ဘုရား"

ဟု မေးလိုက်တော့

"ဟဲ. ဟဲ. ဟဲ. . . ."

ဦးသူတော်က ထုံးစံအတိုင်း ပလူမွှေး ပလူတောင် သူ့ကတုံးကြီးကို ပွတ်ကာ. . .၊

"မင်းတို့ပဲ စေတလုံး ဘိုးတော်ပန် သိပ်စွမ်းတယ်ဆို"

"ကဲ. ကဲ. . ငါ့တပည့်တို့ အတွေ့အကြုံတခု ဗဟုသုတအနေနဲ့ ဦးသူတော် ရှင်းပြမယ်။ သည်စေတလုံး ဘိုးတော်ပန်ဟာ ဘယ်ဘိုးတော်မှလဲ မဟုတ်ဘူး။ အဌာရသ တစ်ဆယ့်ရှစ်ရပ်ထဲမှာ လက်လှည့်တဲ့ မျက်လှည့်တဲ့ ပဥ္စလှည့်ဆိုတဲ့ ပညာရပ်တွေလဲ ပါသကွဲ့။ လက်လှည့်ဆိုတာ လက်ရဲ့သိမ်မွေ့ ပြီးလျှင် မြန်တဲ့ အလေ့အကျင့်နဲ့ လူတွေ ယုံမှားသံသယ ဖြစ်အောင် လှည့်စားတယ်။ မျက်လှည့်ဆိုတာ လူတွေ အမြင်မှားစေတဲ့ နေရာ တစ်နေရာကနေ လှည့်စားတယ်။ ပဥ္စလှည့်ဆိုတာကတော့ ပစ္စည်း တစ်ခုကို ကြိုတင်စီမံစီရင်ပြီး ယုံမှားသံသယ ဖြစ်အောင် လုပ်တာပဲကွဲ့"

"အခု သည်စေတလုံး ဘိုးတော်ပန် ဆိုသူဟာ ပဥ္စလှည့်ပညာကို ထဲထဲဝင်ဝင် သိမြင်တတ်ကျွမ်းလောက်တဲ့ ပဥ္စလှည့် ဆရာတစ်ယောက်ပဲကွဲ့။ စုန်းကဝေ (၁၂)ကြိုး၊ ရွာသူပယောဂ အနှောက်အယှက် မပေးအောင် (၁၂)ကြိုး ဖွားအေးတုတ်ကို အပီ ပေါင်းပြီး သူတတ်တဲ့ ပဥ္စလှည့်ပညာနဲ့ အကြံအဖန်လုပ်ပြီး ဘိုးတော်လိုလို စေတလုံး ပိုင်လိုလိုနဲ့ စားကွက်ဖန်တာပါကွာ"

"သည်ပညာရပ်တွေဟာ မသိသူအဖို့ ရွှေတဆုပ်လောက် တန်ဘိုး ရှိပေမဲ့ သိသူအဖို့တော့ ဖွဲတဆုပ်လောက်တောင် တန်ဖိုး မရှိဘူး။ မသိသူတွေ ထိတ်လန့် ကြောက်မက်ဖွယ်တွေ ဖြစ်တဲ့တ် သလို၊ သိသူတွေအဖို့တော့ ရယ်စရာကြီးပေါ့ကွာ။ သူ့ရဲ့ ပဥ္စလှည့် အတတ်ကို ငါက အဌာရသတစ်ဆယ့် ရှစ်ရပ်ထဲက ယန္တယား အတတ်နဲ့ စက်ခလုတ်တွေ ဆင်ပြီး သူ့ကို ဦးချိုးလိုက်ပြီး၊ ငါ့ပညာနဲ့ (၁၂)ကြိုး အေးတုတ်ကို စံအေးကို ဝင်ပူးခိုင်းပြီး၊ အဲ့သည် ဘိုးတော်ပန် ကို အနှင်ခိုင်းလိုက်တာပဲ၊ အေးတုတ်ကတော့ ငါ့ကို မလှန်နိုင်လို့ဆာ လုပ်ရတာ။ သိပ်တော့ မကျေနပ်ချင်ဘူး။ အေး ဒါပေမဲ့ သည်လက်လှည့်၊ မျက်လှည့်၊ ပဥ္စလှည့်ပညာတွေကိုလဲ လျှော့တော့ မတွက်နဲ့။။ ပုဂံပြည် အနောက်ရထာလမ်း လက်ထက် အရည်းကြီးတွေ တန်ခိုးထွားစဉ်က ပြည်သူပြည်သားတွေနဲ့တကွ ရှင်ဘုရင်ထိ ကြောက်ရွံ့ ထိတ်လန့်အောင် ယုံမှားသံသယတွေ ဖြစ်အောင် လုပ်တဲ့နေရာမှာ သည်ပညာရပ်တွေလဲ ပါတယ်။ အရည်းကြီးတွေဟာ အဌာရသ တစ်ဆယ့်ရှစ်ရပ်ကို တစ်ဖက် ကန်းခတ်အောင် တတ်ကျွမ်းတာကိုးကွ"

ကျုပ်နဲ့ စံအေးလဲ ဦးသူတော် ရှင်းပြမှ လင်းသွား လေတော့သည်။

"အော် ဂလိုလား"

ဘိုးတော်ပန်တော့ သနားစရာပဲနော်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . "





ဘိုးတော်ပန်ရဲ့အဖြစ် မြင်ယောင်မိကာ ကျုပ်တို့ သုံးယောက်ရဲ့ ရယ်သံက ကျောင်းဆောင်လေး အပြင်သို့ ပြန့်လွင့် သွားလေတော့သည်။

❑ ❑ ❑

အနန္တငါးပါးအား ဦးခိုက်လျှက်

ဘိုးသာဒင်

တောင်းပန်ချက် ။ ။ စေတလုံး ဘိုးတော်ပန် သုံးတဲ့ ပဥ္စလှည့်နည်းများကို သိကြသူများလဲ သိကြပေမည်။ မသိသေးသူများကိုတော့ နောင်အဆင်သင့်သလို ရှင်းပြပါမည်။ ကျုပ် ဝတ္ထုတိုက အနည်းငယ်ရှည်သွား၍ အချိန်မရခြင်းကြောင့် ဖြစ်ပါသည်။